# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၆)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြင်သစ်သံအမတ်ကြီးနှင့် ဆွစ်ဇာလန် သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Olivier Richard အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Olivier Richard အား ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul Rene Seger အား ညနေ ၄ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ပြင်သစ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Saleumxay Kommasith အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Saleumxay Kommasith အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

# မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု

(၁၀)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲ (**10th Delhi Dialogue-DD X**) ကို နယူးဒေလီမြို့၌ အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက **The Research and Information System for Developing Countries (RIS)** အဖွဲ့နှင့် ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပါသည်။ ဒေလီဆွေးနွေးပွဲသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အိန္ဒိယနိုင်ငံတို့မှ နိုင်ငံရေးခေါင်းဆောင်များ၊ မူဝါဒချမှတ်သူများ၊ သုတေသီများ၊ ပညာရှင်များနှင့် စီးပွားရေးကဏ္ဍစုံမှ ခေါင်းဆောင်များတွေ့ဆုံ၍ အာဆီယံ-အိန္ဒိယ ဆက်ဆံရေးတိုးမြှင့်ရေးအတွက် ဖိုရမ်တစ်ခုအဖြစ် တွေ့ဆုံဆွေးနွေးကြခြင်း ဖြစ်ပါသည်။ ဤကဲ့သို့တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်မျိုးစုံအပေါ် ရှုထောင့်အမြင်တို့ကို ဖလှယ်ကြပါသည်။ (၁၀)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲ၏ ဆောင်ပုဒ်သည် "အိန္ဒိယ-အာဆီယံ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး" ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံ၏ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ထောက်ပြလျက် ပင်လယ်ပြင်ဆိုင်ရာလုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးတို့အပေါ် နိုင်ငံတော်၏ အလေးအနက်ထားမှုကိုတင်ပြဆွေးနွေးခဲ့ပါသည်။ ဤပထဝီဝင်အနေအထားအပေါ် မူတည်လျက် ပြည်ထောင်စုဝန်ကြီးက ပင်လယ်ပြင်ဂေဟစနစ် ထိန်းသိမ်းရေးအတွက် သတင်းအချက်အလက်ဖလှယ်ခြင်း၊ အတွေ့အကြုံများမျှဝေခြင်း၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ကိစ္စများဖြစ်သည့် တရားမဝင်ငါးဖမ်းမှု၊ ပင်လယ်ဓားပြမှု၊ လက်နက်နှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ကူးသန်းမှုများ နှိမ်နင်းရေးကိစ္စရပ်များတွင် အိန္ဒိယနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အလေးအနက်ထား လုပ်ဆောင်နေကြောင်း တင်ပြခဲ့ပါသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် အာဆီယံ-အိန္ဒိယ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်နေသည်ကို မီးမောင်းထိုး တင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသအား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးထားသည်ဖြစ်၍ အိန္ဒိယ-မြန်မာ-ထိုင်း သုံးပွင့်ဆိုင် အဝေးပြေးလမ်းမစီမံကိန်းနှင့် ကုလားတန်ဘက်စုံပို့ဆောင်ရေး စီမံကိန်းတို့အား သီလဝါအပါအဝင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ဆက်စပ်လိုက်မည်ဆိုပါက ဒေသတွင်းနိုင်ငံများ ရေကြောင်းဆက်သွယ်မှုကို ထူးခြားစွာ ပြောင်းလဲစေမည် ဖြစ်ပါသည်။ ဤသည်မှာ အိန္ဒိယ-အာဆီယံ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် တိုးတက်ကောင်းမွန်သော ခြေလှမ်းများဖြစ်ပါသည်။ ထို့မှုမက မြန်မာနိုင်ငံသည် အိန္ဒိယကမ်းခြေနိုင်ငံများအသင်း **(Indian-Ocean Rim Association- IORA)**၏ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွင် ပါဝင်နိုင်ရန် ညှိနှိုင်းဆွေးနွေးလျက် ရှိပါသည်။အိန္ဒိယကမ်းခြေနိုင်ငံများအသင်း **(IORA)** သည် အိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်လျက်ရှိသော နိုင်ငံများဖြင့်ဖွဲ့စည်းထားသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ ဤအဖွဲ့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အခြေခံလျက် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ကျစ်လျစ်ခိုင်မာစေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ-အိန္ဒိယ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး မူဘောင်အောက်မှ ပို၍ပို၍ ခိုင်မာတောင့်တင်းလာမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် ဇူလိုင် ၂၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ချင်းဘာသာငါးမျိုးဖြင့် ဘာသာပြန်ဆိုထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) စတင်မိတ်ဆက်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၄**

ချင်းဘာသာငါးမျိုးဖြင့် ဘာသာပြန်ဆိုထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) စတင်မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီ က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပသည်။ **(အောက်ယာပုံ)**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က "လူ့အခွင့်အရေး မြှင့်တင်ရေး၊ အသိပညာပြန့်ပွားရေးအတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)ကို တိုင်းရင်းသား ဘာသာစကားတွေနဲ့ ဖြန့်ဝေဖို့ ဆောင်ရွက်ခဲ့တာပါ။ ပြီးခဲ့တဲ့လကလည်း ကယားဘာသာစကားနဲ့ ပြန်ဆိုမှုတွေ လုပ်ခဲ့ပါတယ်။ အခုလည်းပဲ ချင်းဘာသာစကားငါးမျိုးနဲ့ ဘာသာပြန်ဆိုခဲ့တာပါ။ ချင်းတိုင်းရင်းသားမှာ ဘာသာစကားများစွာ ရှိတဲ့အထဲက အဓိကကျတဲ့ ဘာသာငါးမျိုးကို ပြန်ဆိုခဲ့တာဖြစ်ပါတယ်။ ဘာသာပြန်တဲ့အခါမှာလည်း သက်ဆိုင်ရာ ဘာသာအလိုက် ကျွမ်းကျင်တဲ့သူတွေကပဲ ပြန်ဆိုပေးခဲ့ကြတာဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)မှာပါရှိတဲ့ တိုက်တွန်းချက်၊ နှိုးဆော်ချက်ဖြစ်တဲ့ အသိပညာပြန့်ပွားရေး၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို လေ့လာသင်ကြားရေးဆိုတဲ့ အချက်တွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "တိုင်းရင်းသားတွေကို လေ့လာကြည့်လိုက်တဲ့အခါမှာ မြန်မာစကားမတတ်တဲ့ သူတွေလည်း အများကြီးရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ သူတို့လည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ပါ အချက်အလက်တွေကို သိရှိခွင့်ရှိတယ်။ လေ့လာခွင့်ရှိတယ်။ ကျင့်သုံးခွင့်ရှိပါတယ်။ ဒါကြောင့် တိုင်းရင်းသားဘာသာစကားတွေနဲ့ ပြန်ဆိုခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အခုလို ဘာသာပြန်ဆိုထားတာတွေကို ဖြန့်ဝေပြီးတော့ လေ့လာခြင်းအားဖြင့် လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ပိုပြီးတော့ ရရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို ကချင်၊ ကရင် (အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ စကောကရင်) ဘာသာသုံးမျိုး၊ မွန်၊ ရှမ်း၊ ကယား စသည့် တိုင်းရင်းသားတို့အတွက် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာပြန်ဆိုနိုင်ခဲ့ပြီးဖြစ်ရာ ယနေ့တွင် ချင်းဘာသာငါးမျိုးဖြစ်သည့် ဇိုမီး၊ ဖလမ်း၊ ချိုး၊ အရှိုနှင့် ခူမီးဘာသာများကို ပြန်ဆိုပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဘာသာပြန်ဆိုမှုများ ပြုလုပ်ရာတွင်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က "အခုလို ဘာသာပြန်ဆိုလိုက်တဲ့အတွက် ချင်းတိုင်းရင်းသားတွေအတွက် တော်တော်အကျိုးရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီကြေညာစာတမ်းကို အခုမှပဲ ကောင်းကောင်းလေ့လာဖတ်ရှုရပါတယ်။ ဘာသာအခက်အခဲကြောင့် နားလည်သင့်သလောက် နားမလည်ခဲ့ဘူး။ ဒါကြောင့် မိခင်ဘာသာစကားနဲ့ ပြန်ဆိုလိုက်တော့ ပိုပြီးနားလည်သွားကြမှာပါ။ ဒီစာအုပ်ကို လူတိုင်းဖတ်နိုင်ဖို့အတွက် လူမှုအဖွဲ့အစည်းတွေက တစ်ဆင့် နားလည်အောင် ရှင်းပြနိုင်ဖို့ ပိုမိုအားသန်ပါတယ်။ လူတိုင်းနားလည်မှုညီညွတ်တဲ့ အဖွဲ့အစည်းဖြစ်လာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"ဟု ပြောသည်။

လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်း ဆောင်ရွက်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့်သွားရောက်ကာ လှုပ်ရှားဆောင်ရွက်ခြင်းအားဖြင့် လည်းကောင်း၊ တိုင်းရင်းသားတို့အနေဖြင့် မိမိတို့၏ ဘာသာစကားများအလိုက် ဘာသာပြန်ဆိုထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ဖတ်ရှုကြရခြင်းအားဖြင့် လည်းကောင်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ သိရှိလာခြင်းသည် ဒီမိုကရေစီစနစ်ကိုထူထောင်ရာတွင် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အပိုဒ်ပေါင်း ၃၀ ပါ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)ကို ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါကြေညာစာတမ်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့ပြီး ထို့မှတစ်ဆင့် တိုင်းရင်းသားဘာသာများဖြင့် ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

ယနေ့အခမ်းအနားသို့ ချင်းပြည်နယ် လူမှုရေးဝန်ကြီး၊ ချင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် ချင်းဘာသာငါးမျိုးဖြင့် ဘာသာပြန်ဆို ထုတ်ဝေထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ချင်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းသို့ လွှဲပြောင်းပေးအပ်ရာတွင် တစ်ဘာသာလျှင် အုပ်ရေငါးထောင်နှုန်းဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**




# ဒလမြို့နယ်ရှိ သောက်သုံးရေကန်အတွင်း ငါးများသေဆုံးမှုသည် အောက်ဆီဂျင်ပြတ်လပ်မှုနှင့် ရေအရည်အသွေးများ နိမ့်ကျမှုကြောင့်ဖြစ်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် မျက်ရှင်တော် ဆုတောင်းပြည့် မဟာသကြ်န်ဘုရားကြီး၏ အနောက်ဘက်ရှိ ပြည်သူအများအားထားသောက်သုံးနေသည့် မဟာသကြ်န်ဘုရားကြီး သောက်ရေကန်၌ ဇူလိုင် ၇ ရက်က ရေကန်အတွင်း ငါးများရေပေါ်ပေါ်၍ သေဆုံးလျက်တွေ့ရှိခြင်းကြောင့် သောက်သုံးရေကန်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ခေတ္တယာယီ ပိတ်ထားခဲ့သည်။

ငါးများသေဆုံးမှု အဖြေမှန်သိရှိနိုင်ရန် တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနတို့မှ ငါးများနှင့် ရေအရည်အသွေးများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ငါးများသေဆုံးမှုသည် ရေကန်အတွင်း လိုအပ်သော အောက်ဆီဂျင်ထက် လျော့နည်းခြင်းနှင့် ရေစေးနှုန်းအနည်များ လိုအပ်သည်ထက် များပြားမှုတို့ကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဖြေများရရှိခဲ့ရာ ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်း၌ တာဝန်ရှိသူများက အသိပေးရှင်းလင်းပြောကြားခဲ့သည်။

ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် အသုံးပြုလျက်ရှိသည့် ရေကန်အချို့တွင် ငါးများသေဆုံးနေကြောင်း စိစစ်တွေ့ရှိခြင်းကြောင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေသန့်ဌာနတို့မှ ကွင်းဆင်းစစ်ဆေးရာ ရေကန်အတွင်းရှိ ရေများ အရည်အသွေးနိမ့်ကျခြင်းနှင့် အောက်ဆီဂျင်နိမ့်ကျခြင်း၊ ရေကန်အတွင်း ကြာပင်များ ပေါက်ခြင်း၊ မိုးအဆက်မပြတ်ရွာသွန်း၍ နေမထွက်မှုကြောင့် အောက်ဆီဂျင်ပြတ်လပ်မှုဖြစ်ကာ ငါးများသေဆုံးနေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ Chemical Factor များ စစ်ဆေးရာတွင် ရေစေးနှုန်းပါဝင်မှု သင့်တင့်သည်မှလွဲ၍ ကျန်အရည်အသွေးများ ကျဆင်းနေကြောင်း၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုများတွင် အသုံးပြုလျက်ရှိသည့် ရေကန်များတွင် ကြာပင်များ၊ အမှိုက်များအား ရေကန်သန့်ရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် ရှင်းလင်းဖယ်ရှားသွားကြရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသိပေး အကြောင်းကြားထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

ထင်သာမြင်သာပြုပြင်စရာ

## ပင်လယ်နှင့် နီးကပ်သော ကျေးရွာများအတွက် မုန်တိုင်းဒဏ်ခံအဆောက်အအုံ ဆောက်လုပ်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု ဘင်္ဂလားလေးကျေးရွာနှင့် နီးကပ်စွာတည်ရှိသော ကျေးရွာများဖြစ်သည့် ဘင်္ဂလားကြီး၊ ရေဝန်လေးနှင့် လှစင်ကုန်းကျေးရွာများသည် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က လူအသေအပျောက် များပြားခဲ့သော ကျေးရွာများ ဖြစ်ကြသည်။

ယင်းကျေးရွာလေးရွာသည် ပင်လယ်နှင့် နီးကပ်စွာတည်ရှိနေသဖြင့် မုန်တိုင်းကျရောက်လာပါက ဒေသခံပြည်သူများ အသက်အန္တရာယ်ဖြစ်ဖွယ် ရှိနေပါသည်။ အဆိုပါကျေးရွာများတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများရှိပါက အချိန်ပိုင်းအတွင်း ဒေသခံပြည်သူများ ရောက်ရှိခိုလှုံနေထိုင်နိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ ကျေးရွာလေးရွာ၏ အလယ်ဗဟိုကျသော ဘင်္ဂလားလေးကျေးရွာတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ် ကာကွယ်ပေးနိုင်သော လုံခြုံစိတ်ချရသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံတစ်လုံး ဆောက်လုပ်ပေးနိုင်ရန် ပင်လယ်ပိုင်းဒေသနေ ကျေးရွာပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**

❒ *ရှေ့ဖုံးမှ*

ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ မြို့ပြဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul Rene Seger နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌ H.E. Mr. Tan Yue အား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌ H.E. Mr. Tan Yue အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ (China Publishing Group-CPG) ဥက္ကဋ္ဌ H.E. Mr. Tan Yue အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ပုံနှိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို စာကြည့်တိုက်၌ ဆက်လက်ကျင်းပရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ (China Publishing Group-CPG) ဥက္ကဋ္ဌ H.E. Mr. Tan Yue က စာအုပ်များ ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

**သတင်းစဉ်**

# ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ပြုလုပ်သည်။ **(ယာပုံ)**

ညှိနှိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရေလုပ်သားများ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများအတွက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAqP)နှင့် အညီ မွေးမြူတတ်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေသယံဇာတများကို ထုတ်လုပ်တတ်စေရန်တို့အတွက် ရေလုပ်သားများနှင့် ပြည်သူလူထုအား ပညာပေးလှုံ့ဆော်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့တတ်ကျွမ်းထားသော ပညာရပ်များနှင့် အတွေ့အကြုံများကို အခြေခံပြီး အဂတိတရားကင်းရှင်းစွာဖြင့် စွမ်းအားပြည့်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာ့ရေထွက်ကုန်များအား လက်ခံစစ်ဆေးပေးလျက်ရှိသော ဓာတ်ခွဲခန်းများ၏ စိစစ်ကြပ်မတ်ပေးနိုင်မှု အရည်အသွေးသည် နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်သကဲ့သို့ ထုတ်ကုန်များ၏ ဈေးကွက်တွင် ရပ်တည်နိုင်မှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်ကို သတိမူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအထိ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ရေးဆွဲထားသည့် အမြန်အေးခဲထားသော ဆူးတောင်ပါ ငါးများ၊ ငါးအသားလွှာများနှင့် ပုစွန်များ၏ မြန်မာစံချိန်စံညွှန်းများကို အမျိုးသားစံချိန်စံညွှန်းကောင်စီမှ တရားဝင်ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ISO/IEC 17025: 2005 Accreditation (2018-2020) အတွက် Extension ဆက်လက်ပေးနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။



ထို့ပြင် ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ပူးပေါင်း၍ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာနကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆွစ်ဇာလန်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မုတ္တမပင်လယ်ကွေ့စီမံချက်မှ တည်ဆောက်လှူဒါန်းသည့် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)ကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာ့တပ်မတော်နှင့် နိုင်ငံတကာတပ်မတော်များ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပြဿနာများအား နိုင်ငံတကာမှ အမှန်အတိုင်းသိရှိရန် လိုအပ်မှုအခြေအနေများနှင့် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတွင် ဆက်လက်တိုးမြှင့် ဆောင်ရွက်ရန်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးသာအောင်ညွန့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၅**

မာရှယ်ကျွန်းစုသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၇ ရက်တွင် မာဂျူရိုမြို့၌ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟေလ်ဒါစီ. ဟိုင်နင်. အီးဒီ. ဒီ. ထံပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ပညာသင်စရိတ်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ဝင်တန်းထူးချွန်ဆု ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) (၂၂)ကြိမ်မြောက် ပညာသင်စရိတ်ထောက်ပံ့ကြေးနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းခန်းမ(မြေညီထပ်)၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန (သာသနာရေး)မှ ကျွမ်းကျင်ပညာရှင် သုံးဦးနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် ရိုးရိုးအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေများကို ဌာနအလိုက် ချီးမြှင့်သည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်ပိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၉ ဦးနှင့် ရိုးရိုးအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့အား ဂုဏ်ပြုဆုငွေများနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေများကို ဌာနအလိုက် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ ဖျာပုံမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။


ရှေးဦးစွာ ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အကျဉ်းဦးစီးဌာန ဖျာပုံအကျဉ်းထောင်သို့ သွားရောက်ကာ အကျဉ်းသားများအား အိပ်ဆောင်ရှိ အခန်းခုနစ်ခန်းတွင် လည်းကောင်း၊ အကျဉ်းသူ၊ အချုပ်သူများအား အမျိုးသမီး အဆောင်တွင် လည်းကောင်း တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ၊ မရှိ တို့ကို စစ်ဆေးမေးမြန်းပြီး အကျဉ်းသား၊ အကျဉ်းသူအိပ်ဆောင်များ၊ စားဖိုကြီး၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အကျဉ်းထောင်ရှိ အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံ တင်ပြလိုသူ အကျဉ်းသား ၁၁ ဦးကို တစ်ဦးချင်းတွေ့ဆုံ၍ အခက်အခဲများ မေးမြန်းခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလို အကြံပြုနိုင်ရန် မှတ်တမ်းတင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖျာပုံမြို့ရှိ ခရိုင်၊ မြို့နယ် တရားရုံးအချုပ်ခန်းနှင့် ဖျာပုံခရိုင်ဆေးရုံကြီးတွင် ဆေးရုံအချုပ်ခန်းမရှိသဖြင့် ဝင်ရောက်ကြည့်ရှုပြီး လူ့အခွင့်အရေး ရှုထောင့်မှ အကြံပြုချက်များကို ဆေးရုံအုပ်ကြီး၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးတို့နှင့်အတူ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ အဆိုပါကော်မရှင်အဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ အကျဉ်းဦးစီးဌာန ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကြီး**



## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ကိုရီးယားသံအမတ်ကြီးနှင့် ယူနန်ပြည်နယ် စစ်ဆောင်ပနတိုင်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူးတို့ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ကိုရီးယား သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa သည် ယနေ့မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနတိုင်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Ms. Cun Min နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa နှင့် တွေ့ဆုံစဉ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနတိုင်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Ms. Cun Min နှင့်အဖွဲ့အား တွေ့ဆုံစဉ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆိုင်ရာများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-လာအို နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်ပယ်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ-လာအို နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Saleumxay Kommasith တို့ ဦးဆောင်သော နှစ်နိုင်ငံကိုယ်စားလှယ်များ တက်ရောက်ကြသည်။


ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော လျှပ်စစ်ကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားဆိုင်ရာ နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ခရီးသွားလုပ်ငန်းတို့ အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်ပယ်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်လည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် လာအိုကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လာအိုနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ The Hilton ဟိုတယ်၌ နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**



မြန်မာ - လာအို နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပစဉ်။



# လာအိုနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်အတွင်းလေ့လာ

**နေပြည်တော် ဇူလိုင် ၂၄**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxay Kommasith ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အမျိုးသားပြတိုက်သို့ ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော အဖွဲ့အား အမျိုးသားပြတိုက် ပြတိုက်မှူး ဒေါ်အေးအေးသင်းက ပြတိုက်ရှင်းလင်းဆောင်၌ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများ၏ ဖွဲ့စည်းပုံနှင့် ခင်းကျင်းပြသထားသည့်ပစ္စည်းများကို ရုပ်မြင်ပြစက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်းနှင့် သမိုင်းတင်ခေတ်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ စေတီတော်လိုဏ်တော်အတွင်းရှိ ဇာတ်ကြီးဆယ်ဘွဲ့နှင့် ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကျောက်ဆစ်ပန်းပုလက်ရာများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)** ယင်းနောက် စေတီတော်ပရဝဏ်အတွင်းရှိ ဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Lyying Sayaxang နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သူရဇော်**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ဒေါ်သက်ယု ဦးဆောင်သည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၂ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၃၉၀၃၁ ဦးနှင့် ပြည်ပဧည့်သည် ၁၇၅၈ ဦးရှိပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ရှမ်းပြည်နယ်) ဖွဲ့စည်းရန် တွေ့ဆုံ

**တောင်ကြီး ဇူလိုင် ၂၄**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ရှမ်းပြည်နယ်) ဖွဲ့စည်းရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ မြို့မိ မြို့ဖနှင့် လူမှုရေးအဖွဲ့အစည်းများ တွေ့ဆုံပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားရာ မြန်မာနိုင်ငံတွင် ဆေးရုံ၊ လမ်းဘေးများ၌ စွန့်ပစ်ခံကလေးငယ်များ များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ပရဟိတဂေဟာများတွင်လည်း စောင့်ရှောက်ထားရှိသော မွေးကင်းစကလေးငယ်များ များပြားလာကြောင်းနှင့် ရပ်ကွက်၊ မြို့နယ်များမှာလည်း မွေးကင်းစကလေးသူငယ် စွန့်ပစ်ခြင်းများအား မကြာခဏ ကြားသိနေရပြီး မြင်တွေ့ကြားသိရသူများအတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်သလို နိုင်ငံတော်၏ပုံရိပ်လည်း အင်မတန် ထိခိုက်ရပါကြောင်း၊ မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းများသည် အမှန်တကယ်လိုအပ်နေသော လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး စွန့်ပစ်ခံမွေးကင်းစကလေးငယ်များကို စနစ်တကျပြုစုစောင့်ရှောက်ရေးသည် နိုင်ငံတော်အတွက် လိုအပ်လှသော လုပ်ငန်းရပ်တစ်ခု ဖြစ်သောကြောင့် စွန့်ပစ်ခံရသော ရင်ခွင်မဲ့ကလေးငယ်များကို မိခင်ရင်ခွင်တွင် စောင့်ရှောက်ခံရသကဲ့သို့ စောင့်ရှောက်မှုရရှိရန်နှင့် နောက်ထပ်ရင်ခွင်မှ စွန့်ပစ်ခံကလေးငယ်များ ထပ်မဖြစ်လာစေရန်အတွက် ကာကွယ်တားဆီးရေးသည် အလွန်အရေးကြီးလှပါကြောင်း၊ မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့သည် စနစ်တကျ ဖွဲ့စည်းထားရှိပြီး ယခုလိုလုပ်ငန်းများ စတင်ဆောင်ရွက်နေသည်မှာ အင်မတန်မှ ကြည်နူးပီတိဖြစ်ရပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ကိုယ်ရောစိတ်ပါတက်ကြွစွာဖြင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာယုယုမေက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖြစ်ပေါ်လာပုံအား ရှင်းလင်းပြောကြားပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အသင်း၏ အခန်းကဏ္ဍများကို ရှင်းလင်းခြင်းနှင့် တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားကာ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထိမ်းအမှတ်သီချင်းဖြင့် ဖျော်ဖြေပြီး အသင်းဖွဲ့စည်းပုံ စာအုပ်များ၊ သီချင်းခွေများနှင့် ရင်ထိုးတံဆိပ်များအား ရှမ်းပြည်နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်ထံသို့ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးကော်မတီဝင်များ၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသမီးအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ တက္ကသိုလ်နှင့်ကောလိပ်အသီးသီးမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် သူနာပြုကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေးအထူးနှစ်သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

## ဝန်ထမ်းအိမ်ရာ ဖြည့်ဆည်းခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်ပေးမည်

ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **ဆီဆိုင်မြို့နယ် ပါလောပါကယ် ကျေးရွာအုပ်စု ဆိုက်ခေါင် အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါကျောင်းတွင် အထက်တန်းကျောင်းအုပ်တစ်ဦး၊ အထက်တန်းပြခြောက်ဦး၊ အလယ်တန်းပြ ၁၄ ဦး၊ မူလတန်းပြ ၁၂ ဦး စုစုပေါင်း ၃၈ ဦး ရှိပါကြောင်း၊ အဆိုပါ ဝန်ထမ်းများအနက် ရပ်ဝေးမှလာရောက်၍ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း ၂၉ ဦးရှိပြီး ဒေသခံဝန်ထမ်း ကိုးဦးရှိပါကြောင်း၊ ရပ်ဝေးမှလာသော ဝန်ထမ်း ၂၉ ဦးအတွက် ဝန်ထမ်းအိမ်ရာရှစ်ဆောင် ရှိပါကြောင်း၊ ဆီဆိုင်မြို့နယ်အတွက် ယခုလာမည့် ဘတ်ဂျက်တွင် အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံဆောက်လုပ်မှုလုပ်ငန်း ၁၉ ခု လျာထားသတ်မှတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ် ၁၂ လ ဘတ်ဂျက်မှ ၆ လဘတ်ဂျက်တွင် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများကို ပြီးပြတ်ရန် လျာထားခြင်း ဖြစ်သည့်အတွက် ဝန်ထမ်းအိမ်ရာ ဖြည့်ဆည်းခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှသာ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒလ မဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **ရန်ကုန်တိုင်းဒေသကြီး အထက(ခွဲ) ခနောင်ချောင်းဝကျောင်းအား အထကကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်** ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်မှုသည် အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူဦးရေ ၂၀၀ နှင့် အထက်ရှိခြင်း သို့မဟုတ် သွားလာရေးခက်ခဲသော တောင်တန်း၊ မြစ်ချောင်းပေါများသည့် ဒေသများဖြစ်ပါက အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းနှင့် ၁၀ မိုင် အထက်ကွာဝေးခြင်းတို့ ဖြစ်ပါကြောင်း။

## ဦးစားပေးကျောင်းအနေဖြင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိ


ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနောင်ချောင်းဝ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၇၂ ဦးသာ ရှိသည့်အပြင် အနီးဆုံးပင်မကျောင်းဖြစ်သော ဒလမြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ၇ မိုင်ခန့် ကွာဝေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဒလမြို့နယ် ခနောင်ချောင်းဝ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် သတ်မှတ်မှုနှင့် ကိုက်ညီမှုမရှိသည့်အတွက် ဦးစားပေးကျောင်းအနေဖြင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ မိုင်းယန်း မဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၊ စဉ့်ကိုင် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်းနှင့် ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းသည့် **နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း အပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေးအထူးနှစ်သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး

ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းက မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အေးချမ်းသော အရပ်ဒေသများတွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ခြင်းအားဖြင့် ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေသည့်အပြင် လူနေမှုအဆင့်အတန်း၊ အတွေးအခေါ်များပါ တိုးတက်ပြောင်းလဲစေပါကြောင်း။

## အေးချမ်းမှု၊ တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်

ယခင်က ကိုလိုနီတို့၏ တောင်ပေါ်မြေပြန့်သွေးခွဲ အုပ်ချုပ်မှုကြောင့် ကျန်ရစ်ခဲ့သည့် အတွေးအခေါ်ဟောင်းများကြောင့် တိုင်းရင်းသားဒေသအသီးသီးအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကို လူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝကို အခြေပြုသော ခရီးသွားလုပ်ငန်းများဖြင့် ကုစား၍ရပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွင်တွင်ကျယ်ကျယ် ဖော်ဆောင်ပေးနိုင်မည်ဆိုပါက တွေ့ဆုံ၊ ကြုံတွေ့မှုများလာပြီး ပုဂ္ဂိုလ်ခင်၍ တရားမြင်လာနိုင်ကြမည် ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် အေးချမ်းမှု၊ တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစောက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တိုင်းပြည်အတွင်း လည်ပတ်စီးဆင်းနေသည့် ငွေကြေးအပြင် နိုင်ငံခြားဝင်ငွေရရှိရေးသည် များစွာအရေးပါပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒ ၁၂ ချက်ရှိရာ အပိုဒ် ၁၂ တွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားသောဒေသများတွင်လည်း တိုးတက်ပြောင်းလဲနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်ဟု ချမှတ်ထားပါကြောင်း။

## သဘာဝ အခြေခံခရီးသွားလာရေးလုပ်ငန်း နိုင်ငံခြား ဝင်ငွေ ရရှိရန်အတွက် ယခုထက်ပိုမိုအလေးထား

မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် သဘာဝမှပေးထားသည့် တောတောင်ရေမြေစနစ်များသည် လုပ်ယူစရာမလိုသည့် သယံဇာတများဖြစ်ပါကြောင်း၊ အဆိုရှင်တင်ပြသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် မိမိတို့တွင်ရှိသည့် အရင်းအမြစ်များကို အခြေခံပြီး ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်ဝန်ဆောင်မှုပေးရန်အတွက် အရင်းအနှီးများစွာ စိုက်ထုတ်စရာမလိုဘဲ အကျိုးအမြတ်များများရရှိနိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းအပေါ်တွင် အလေးထားပြီး တစ်နိုင်ငံလုံး အားစိုက်ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍစသည့် ကဏ္ဍကြီးများ ဖွံ့ဖြိုးရန် အားယူနေချိန် ဝန်ဆောင်မှုကဏ္ဍကြီးအောက်က ခရီးသွားလာရေးလုပ်ငန်းကို စတင်လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းသည် အရင်းအနှီးများစွာမလိုအပ်ဘဲ လုပ်ဆောင်နိုင်သောကြောင့် နိုင်ငံခြားဝင်ငွေရရှိရန်အတွက် ယခုထက်ပိုမိုအလေးထားဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အလားတူ မိုးကုတ် မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၊ လောင်းလုံး မဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ မြိတ် မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး၊ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ လှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်နှင့် ရွှေတောင် မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝ အလှအပများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လက်မှုအနုပညာများအား ဖော်ထုတ်၍ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို အထောက်အကူပြုသည့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) များကို ဝန်ကြီးဌာန၏ ပထမရက် (၁၀၀) လုပ်ငန်းစီမံကိန်းမှစတင်၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးကျေးဇူးရှိစေမည့် CBT လုပ်ငန်းများ ရှာဖွေဖော်ထုတ်

ထို့ပြင် အလားအလာရှိသော CBT Site များကို ဆက်လက်ရှာဖွေဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်၊ မန္တလေး၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာကိုးရွာကို CBT Site ခြောက်ခုအဖြစ် ဖော်ထုတ်၍ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အနာဂတ်တွင်လည်း ဤသို့သော ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးကျေးဇူးရှိစေမည့် CBTလုပ်ငန်းများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယနေ့မျက်မှောက်အချိန်ကာလတွင် ပြုပြင်ပြောင်းလဲမှု အဆင့်ဆင့်ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍ၌ တိုးတက်မှု အရှိန်အဟုန် မြင့်မားလျက် ရှိပါကြောင်း၊ သို့ရာတွင် ခရီးသွားနှစ် ကျင်းပမည်ဆိုပါက ခရီးစဉ်ဒေသအလိုက် နယ်မြေအေးချမ်းသာယာမှု၊ လုပ်ငန်းပမာဏအရ လိုအပ်သည့် ဘဏ္ဍာငွေ စုဆောင်းရရှိနိုင်မှု၊ ဧည့်သည်များ ခရီးစဉ်ဒေသအသီးသီးသို့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ ခရီးသွားဧည့်သည်များ၏ ဝင်၊ ထွက်မှုဆိုင်ရာ စည်းမျဉ်း စည်းကမ်း ကန့်သတ်ချက်များအပေါ် ဖြေလျှော့ပေးနိုင်မှု၊ ဝင်ရောက်လာကြမည့် ပြည်ပဧည့်သည်များအတွက် ထူးခြားသောသက်သာခွင့်များ ဆောင်ရွက်ပေးနိုင်မှု၊ ဒေသအလျောက် ပျော်ပွဲ ရွှင်ပွဲနှင့် အခမ်းအနားများ၊ လအလိုက်တိကျစွာ စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ မကျင်းပမီကပင် ကျယ်ပြန့်စွာ မြှင့်တင်ကြော်ငြာခြင်းများ အချိန်ယူကြိုတင်၍ စီစဉ်ဆောင်ရွက်ပေးနိုင်မှုတို့ လိုအပ်ပါကြောင်း။

## ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်မှု ပွဲတော်များအသွင် ပေါ်ပေါက်စေရေး ချိတ်ဆက်မြှင့်တင်

အဓိကအချက်အနေဖြင့် နိုင်ငံ၏ ခရီးစဉ်ဒေသများ တည်ငြိမ်အေးချမ်းမှုအပေါ် အခြေခံ၍ အချိန်၊ ငွေ၊ လူ့စွမ်းအားသုံးစွဲကုန်ကျ ဆောင်ရွက်ခြင်းမှ ထိုက်သင့်သော အကျိုးရလဒ်ရရှိရေးအတွက် မျှော်မှန်းပြီး အချိန်ယူ၍ စနစ်တကျ စီမံချက်များ ချမှတ်ပြီး ထိရောက်အောင် ဆောင်ရွက်သင့်သည်ကို တွေ့ရှိရသည့်အတွက် လတ်တလောတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မလုပ်ဆောင်နိုင်သေးသော်လည်း တင်ပြခဲ့သလို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လက်ရှိကျင်းပနေကြသည့်ပွဲတော်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ယင်းပွဲတော်များကို ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်မှု ပွဲတော်များအသွင် ပေါ်ပေါက်စေရေး ချိတ်ဆက်မြှင့်တင်၍ တစ်နှစ်ပတ်လုံး စီမံကျင်းပခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များကို မိမိတို့အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့်အလျောက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း စောင့်ကြည့်ပေးနိုင်ပါရန် အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် လူမျိုးအမည်မှန်ကန်ရေးဆောင်ရွက်ပေးမည်

**မကွေး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင်နေထိုင်သည့် ချင်းတိုင်းရင်းသားများ၏ အိမ်ထောင်စုဇယား ၆၆/၆ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် လူမျိုးအမည်မှန်ကန်ရေး ပြင်ဆင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ချင်းလူမျိုးဖြစ်ပါလျက် လူမျိုးနေရာ၌ ဗမာလို့ ပါနေတာကို ချင်းလူမျိုးလို့ ပြင်ဆင်နိုင်ဖို့၊ အမည်ရှေ့မှ 'ဦး၊ မောင်' ဆိုတဲ့ ရေးသားဖော်ပြချက်တွေအစား 'ဆလိုင်း၊ မိုင်' လို့ ပြောင်းလဲဖို့ သက်ဆိုင်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ပြောသည်။

လူမျိုးနှင့် နာမည်ရှေ့အခေါ်အဝေါ်များ ပြင်ဆင်ရေးမှာ နှစ် (၇၀) ပြည့် ချင်းအမျိုးသားနေ့တွင် အတည်ပြုခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၄) ရပ်တွင်ပါဝင်ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ကြောင်း၊ ၂၀၁၈ခုနှစ် မေ ၂၃ ရက်တွင် တင်ပြခဲ့ရာ ဇွန် ၁၂ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကူညီဆောင်ရွက်ပေးရန် ညှိနှိုင်းပြန်ကြားခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာခရိုင်နှင့်မြို့နယ်ဦးစီးရုံးများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ပေးကြရန် ညွှန်ကြားပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄ သန်းဖြင့် တိုင်းဒေသကြီးအတွင်း ချင်းစာပေသင်ကြားနေသော မြို့နယ်များရှိ ကျောင်းများအတွက် ချင်းတိုင်းရင်းသားစာပေပြဋ္ဌာန်းပုံနှိပ်စာအုပ် ၁၀၅၄၅ အုပ် ဖြန့်ဝေပေးခဲ့ပြီး ချင်းစာပေသင်ကြားပေးမည့် ဆရာ ဆရာမများအား သင်ပြနည်းမွမ်းမံသင်တန်းဖွင့်လှစ်နိုင်ရန် ငွေကျပ် သိန်း ၃၀၀ ကိုလည်း ထောက်ပံ့ပေးခဲ့သည်။

**ဇေယျတု(မကွေး)**



# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော်  ဇူလိုင် ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်း တစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ဝဥ (ခေါ်) ဖျံဥ အခြောက်များကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတင်ပို့လျက်ရှိ

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ **ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကောင်းသော ချင်းပြည်နယ်ထွက် ဝဥ (ခေါ်) ဖျံဥ ကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံအနေဖြင့် ဝဥ (ခေါ်) ဖျံဥ အခြောက်များကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ လည်းကောင်း၊ ဝဥ (အမှုန့်)ကို ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် UAE နိုင်ငံများသို့ လည်းကောင်း၊ ဝဥ အစို၊ အခြောက်နှင့် အမှုန့်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် လည်းကောင်း တင်ပို့လျက်ရှိပါကြောင်း။

ဝဥ အသုံးပြုမှု နည်းပညာတိုးတက်လာစေရေးအတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်း၍ ချင်းပြည်နယ် ဟားခါးမြို့တွင် လုပ်ငန်းရှင် ၁၀၀ အား ဝဥ အခြောက်ခံခြင်းနှင့် ဝဥတုံ ထုတ်လုပ်ခြင်း နည်းပညာများ ပို့ပိုးပေးခဲ့ပါကြောင်း။

## ချင်းပြည်နယ်မှ ထွက်ရှိသည့် ဝဥကို ပြည်နယ်ထွက်ကုန်အဖြစ် ပြသခဲ့

မေးမြန်းချက်တွင် ပါရှိသည့် ဝဥ (ခေါ်) ဖျံဥကို ချင်းပြည်နယ်တွင် ထုတ်လုပ်သည်ဟု တံဆိပ်တပ် တင်ပို့နိုင်ရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံ ကူမင်းမြို့ နန်နင်းမြို့နယ် မြန်မာတရုတ်နယ်စပ်ကုန်စည်ပြပွဲများတွင် ချင်းပြည်နယ်မှ ထွက်ရှိသည့် ဝဥကို ပြည်နယ်ထွက်ကုန်အဖြစ် ပြသခဲ့ပါကြောင်း၊ ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနများမှ ကျင်းပသည့် တိုင်းဒေသကြီး၊ ပြည်နယ် ဒေသထွက်ကုန်ပစ္စည်း ပြပွဲများ၊ အသေးစားနှင့် အလတ်စားပြပွဲနှင့် ပြိုင်ပွဲများတွင်လည်း ချင်းပြည်နယ်မှ ထွက်ရှိသည့် ဝဥ (ခေါ်) ဖျံဥ ထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

## အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် ပိုမိုတိုးတက်လာမည်ဖြစ်

ဝဥကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ တရားဝင်တင်သွင်းခွင့်ပြုသည့် ကုန်စည်စာရင်းတွင် ပါဝင်လာနိုင်စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သံတမန်လမ်းကြောင်းမှ တရုတ်နိုင်ငံနှင့် တစ်ဆင့် ချိတ်ဆက်ညှိနှိုင်းထားရှိပါကြောင်း၊ ချင်းပြည်နယ်ထွက် ဝဥ (ခေါ်) ဖျံဥကို ပြည်ပမှ အဝယ်ရရှိနေသည့်အတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိလာခြင်း၊ ဝဥပါးလွှာစက်များ၊ အခြောက်ခံစက်နှင့် အမှုန့်ကြိတ်စက်များ ဝယ်ယူရရှိနိုင်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ အသင်းအဖွဲ့များ ပိုမိုအားကောင်းလာစေခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဝဥ (ခေါ်) ဖျံဥကို တန်ဖိုးမြှင့်ကွင်းဆက်လုပ်ငန်းများနှင့်ပတ်သက်၍ ဈေးကွက်နှင့် နည်းပညာတိုးတက်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဝဥ (ခေါ်) ဖျံဥ ပို့ကုန်သည် အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်လင်း



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးမြို့ကို မြို့တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အမြန်ဆုံး မြို့ပြစီမံကိန်းရေးဆွဲရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ချင်းပြည်နယ်တွင် မြို့ပေါင်း ၁၇ မြို့ရှိသည့်အနက် ဟားခါး၊ မတူပီ၊ မင်းတပ်၊ ဖလမ်း၊ ပလက်ဝမြို့ ငါးမြို့ကို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲထားပြီး စုစုပေါင်းမြို့ ၁၂ မြို့ ရေးဆွဲရန် ကျန်ရှိပါကြောင်း၊ တင်ပြလာသည့် မကွီးအိမ်နူးမြို့အနေဖြင့် စုစုပေါင်းဧက ၁၇၂၁၁ ဧက ကျယ်ဝန်းပြီး လူဦးရေ ၁၁၈၂ ဦးသာ ရှိသည့်အတွက် ဝန်ကြီးဌာန၏ ဦးစားပေး (င)အဆင့် မြို့ဖြစ်သည့်အတွက် လတ်တလောတွင် ရေးဆွဲရန်အစီအစဉ်မရှိသေးပါကြောင်း။

## မကွီးအိမ်နူးမြို့ပြကိုမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဦးစားပေးဆောင်ရွက်ပေးရန် အကြောင်းကြားလာပါက ဦးစားပေးဆောင်ရွက်ပေးသွားမည်

သို့သော် မကွီးအိမ်နူးမြို့ပြကို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဦးစားပေးဆောင်ရွက်ပေးရန် အကြောင်းကြားလာပါက မြို့ပြပညာရှင်များကို စေလွှတ်၍ ဦးစားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် မော်ဟွေ့ - နောင်ဟော့ ကွင်းအမှတ်(၁၁) ကုန်ထုတ်လမ်း ၃ မိုင် ၄ ဖာလုံနှင့် ဟင်းနား - မော်ဟွေ့ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း ၃ မိုင် ၁ ဖာလုံတို့ကို ရာသီမရွေး ဆက်သွယ်သွားလာအသုံးပြုနိုင်မည့် ကျောက်ချောလမ်းများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှမ်းပြည်နယ်၊ "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မော်ဟွေ့ နောင်ဟော့ရွာ၊ ကွင်းအမှတ် (၁၁)၊ ကုန်ထုတ်လမ်း ၃ မိုင် ၄ ဖာလုံနှင့် ဟင်းနားရွာ - မော်ဟွေ့ရွာ၊ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း ၃ မိုင် ၁ ဖာလုံတို့အား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးအား မြေပြင်အခြေအနေ သွားရောက်ကွင်းဆင်း စစ်ဆေးစေခဲ့ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းစာရင်းတွင် ပါဝင်သတ်မှတ်ထားခြင်းမရှိသေးသည်ကို တွေ့ရှိရပါကြောင်း။

## လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုချက်ရရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းတွင် ထည့်သွင်းသတ်မှတ် ဆောင်ရွက်ပေးသွားမည်

အဆိုပါ ကုန်ထုတ်လမ်းများအား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဦးစွာတင်ပြပြီး လမ်းလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ခွင့်ပြုချက်ရရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းတွင် ထည့်သွင်းသတ်မှတ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် အဆိုပါဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း၊ ကော်မတီသည် ဥပဒေကြမ်းအပေါ် ထပ်မံဖြည့်စွက်ပြင်ဆင်ရန် မရှိတော့ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြု

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ယင်းဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော်  ဇူလိုင် ၂၄**

ဒုတိယအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ တတိယနှစ်၊ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ စုစုပေါင်း ၁၂၁ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၅၆၁၅ ဦးနှင့် ပြည်ပဧည့်သည် ၁၆၁၆ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျော်ဖုံးမှ*

ရေဘေးအန္တရာယ်ကို လိမ္မော်ရောင်အဆင့်သို့ ကြေညာခဲ့ရသည်။

ယခုအခါ ညောင်တုန်းမြို့တွင် စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေသို့ ကျော်လွန်လာပြီဖြစ်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီကို ဖွဲ့စည်းခြင်း၊ အရေးပေါ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရန် သဲများ၊ ပီနံအိတ်ခွံများ၊ မိုးကာ၊ တာပေါ်လင်များကို ကြိုတင်စုဆောင်းထားရှိခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသောင်းတန် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် မြစ်ကမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခြင်းများကို ဆောင်ရွက်ထားလျက်ရှိကြောင်း သိရသည်။ ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီအထိ တိုင်းတာချက်အရ ရေဝတီမြစ်ရေသည် ၂၃ ဒသမ ၂ ပေသို့ ရောက်ရှိနေကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ဘဏ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ရှော့ပင်းမောလ်များပါဝင်သည့် အဆင့်မြင့်ကားကြီးကွင်း ပခုက္ကူမြို့တွင် တည်ဆောက်မည်

**ပခုက္ကူ ဇူလိုင် ၂၄**

ပခုက္ကူမြို့တွင် ပုံမှန်ကားကြီးကွင်းများနှင့် ကွဲပြားသောအဆင့်မြင့် ကားကြီးကွင်းကြီးတစ်ခုအား ယခုနှစ်အတွင်း စတင်တည်ဆောက်သွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

"ပခုက္ကူမှာ ကားကြီးကွင်းတစ်ခု တည်ဆောက်မယ့် စီမံကိန်းတစ်ခုလုပ်ထားတယ်။ ဒီကားကြီးကွင်းကမြန်မာနိုင်ငံမှာ ဆောက်လုပ်နေတဲ့ ပုံမှန်ကားကြီးကွင်းတွေနဲ့ ကွဲပြားတယ်။ တွေ့ရသလောက် ကားကွင်းတွေက လေး၊ ငါး၊ ဆယ်နှစ်လောက်ရှိရင် ပြည့်ကျပ်ပြီးနေရာပြောင်းရတဲ့ ကိစ္စမျိုးတွေ ပေါ်လာတယ်။ ရန်ကုန်မှာလည်း လူနေထူထပ်မှုကြောင့်၊ ခရီးသွားလာမှုများပြားမှုကြောင့် ဖြစ်တဲ့ပြဿနာတွေရှိတယ်။ အခုကားကြီးကွင်းကို တည်ဆောက်တဲ့အခါမှာ Bus Terminal လို့ခေါ်တဲ့ အဝင်၊ အထွက်လိုင်းတွေထားမှာဖြစ်ပြီး ကားလုပ်ငန်းရှင်တွေအတွက် အခန်းတွေ လုပ်ထားတယ်။ အခန်းတွေကို ခရီးသည်အတင်အချလုပ်တဲ့နေရာနဲ့ ဂိတ်ဝင်၊ ဂိတ်ထွက်လုပ်တဲ့နေရာနဲ့ ခြားနားထားတယ်။ ကားဘယ်နှစီးဝင်ဝင်၊ ဘယ်နှစီးထွက်ထွက် နေရာကျပ်တည်းတဲ့ ပြဿနာမရှိအောင် ပြင်ထားတယ်။ မြေဧက ၂၀ ကျော်ရှိတဲ့ စည်ပင်သာယာမြေမှာ ဆောက်မှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်ကလည်း သန်းထောင်ပေါင်းများစွာရှိတဲ့အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်နဲ့လုပ်ဖို့ အဆင်မပြေပါဘူး။ ဒါကြောင့် Developer ခေါ်ယူပြီး လုပ်မှာပါ။ လောလောဆယ် ဒီဇိုင်းပြင်ဆင်ပြီးပါပြီ။တင်ဒါခေါ်ဖို့ပဲ ကျန်တော့တယ်။ တင်ဒါခေါ်ပြီး တင်ဒါရွေးချယ်ကာ Developer ရှာပြီး Developer နဲ့ စာချုပ်ချုပ်ပြီးတော့မှစမှာပေါ့။ ဒီနှစ်ထဲမှာ စဖြစ်မယ်ထင်ပါတယ်"ဟု တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာရေးဝန်ကြီး ဦးဇော်မင်းက ဇူလိုင် ၂၃ ရက်တွင် ပြောသည်။ အဆိုပါ ပခုက္ကူ ကားကြီးကွင်းသစ်အတွင်း ဓာတ်ဆီဆိုင်၊ ဘဏ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ရှော့ပင်းမောလ်၊ စားသောက်ဆိုင်နှင့် ကားပါကင်များပါရှိမည် ဖြစ်ကြောင်း သိရသည်။



ပခုက္ကူကားကြီးကွင်း တည်ဆောက်မည့်ပုံစံ

**ကျော်ဇေယျ**

■ *ကျော်ဖုံးမှ*

မြတ်ကောင်းခန့်(ရတနာပုံ)၊ မောင်မောင်စိုး(မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ **ရှော့တန်း-**အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်) နှင့် ရှိုင်းသူရ (ရတနာပုံ)တို့ ပါဝင်ကြသည်။

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်း၊ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဘာရိန်း ယူ-၂၃ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁ ရက်တွင် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဩဂုတ် ၃ ရက်တွင် ဘာရိန်း ယူ-၂၃ အသင်း၊ ဩဂုတ် ၅ ရက်တွင် ထိုင်း ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေး



**မန္တလေး ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် **(ယာပုံ)** က အမှာစကားပြောကြားရာ၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ဒုတိယအကြိမ်လာရောက်ပြီး ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)၏ ထူးခြားချက်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မန္တလေးအခြေစိုက် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူလူငယ်များဆွေးနွေးမည့် စာပေစကားဝိုင်းပါဝင်မည်ဖြစ်ပါကြောင်း၊ ပွဲတော်တွင် ပညာရပ်ဆိုင်ရာပြခန်းများကို ထူးထူးခြားခြားဖြင့် များများထည့်သွင်းပြသလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားရာတွင် ဗလငါးတန်ဖြင့် ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို ကျင်းပခြင်း ဖြစ်ပါကြောင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေသည့်အတွက် အိမ်ရှင်အနေဖြင့် လိုလိုလားလား ပူးပေါင်းပါဝင်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော် (မန္တလေး)ကို မန္တလေးတက္ကသိုလ်တွင် ကျင်းပနိုင်ခြင်းဖြင့် တက္ကသိုလ်၏ သမိုင်းပုံရိပ်ကို ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးအတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပြန်လည်ဆွေးနွေးကြသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေးနှင့် ပညာပေးအစီအစဉ်များ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြပွဲများ ထည့်သွင်းကျင်းပနိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပမည့် မန္တလေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော် (ရန်ကုန်)ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့ပြီး လူငယ်ဘက်စုံ ဖွံ့ဖြိုးရေး ပွဲတော်(မန္တလေး) ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ (China Publishing Group - CPG) ဥက္ကဋ္ဌ H.E.Mr. Tan Yue နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနလေးခု၏ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တရုတ်ဂန္ထဝင်စာပေလေးမျိုးကို မြန်မာဘာသာဖြင့် ထုတ်ဝေနိုင်ရေး၊ နှစ်နိုင်ငံ ဂန္ထဝင်စာပေများကို အပြန်အလှန် ဘာသာပြန်ထုတ်ဝေရေး အစီအစဉ် (mutual translation programme) တစ်ခုစတင် ထူထောင်ဆောင်ရွက်ရေးနှင့် ဩဂုတ်လနှောင်းပိုင်းတွင် ပေကျင်း၌ ကျင်းပမည့် Beijing International Books Fair သို့ တက်ရောက်နိုင်ရေး၊ နှစ်နိုင်ငံရေရှည်အကျိုးစီးပွား အတွက် တရုတ်- မြန်မာနှစ်ဘာသာကို ကျွမ်းကျင်ပိုင်နိုင်စွာ ဘာသာပြန်ဆိုနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇူလိုင် ၂၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၇ ဒသမ ၇၂ လက်မ၊ အမ်းမြို့တွင် ၆ ဒသမ ၉၇ လက်မ၊ ကျောက်တော်မြို့တွင် ၆ ဒသမ ၈၁ လက်မ၊ တောင်ကုတ်မြို့တွင် ၆ ဒသမ ၇၇ လက်မ၊ ဘားအံမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၆၉ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ မြောက်ဦးမြို့နှင့် ရေးမြို့တို့တွင် ၄ ဒသမ ၂၅ လက်မစီ၊ ကျိုက်ဒိုမြို့တွင် ၄ ဒသမ ၀၄ လက်မ၊ မိုးကောင်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ခရမ်းမြို့နှင့် ထားဝယ်မြို့တို့တွင် ၃ ဒသမ ၁၈ လက်မစီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# တောင်ငူတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်အတွင်း ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ပညာရှင်စကားဝိုင်းကျင်းပ

**တောင်ငူ ဇူလိုင် ၂၄**

ဒုတိယအကြိမ် JMC အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီအစည်းအဝေးကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိ တောင်ငူမြို့တော်ဝင်ကေတုမတီ ဟိုတယ်ရှိ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ JMC မှ ဗဟိုကော်မတီဝင်များ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ လင်းခေးမြို့နယ်၊ ဖာပွန်မြို့နယ်များမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမနေ့ မျက်နှာစုံညီအစည်းအဝေးတွင် သဘာပတိ ဦးစိုင်းမျိုးသန့်က အမှာစကားပြောကြားပြီး သဘာပတိအဖွဲ့ဝင် ဦးပြည့်စုံနှင့် သူရဦးဘိုနီတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြပြီး JMC-U (၁၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်(၁၃)အရ LCM အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်သည်များကို ဆွေးနွေးတင်ပြကြသည်။

ဒုတိယနေ့တွင် JMC-U ဒုတိယဥက္ကဋ္ဌ (၂) ဦးစိုင်းမျိုးသန့်က အမှာစကားပြောကြားပြီး JMC လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ယုံကြည်မှုတည်ဆောက်ခြင်း၏ အရေးကြီးသည့် အခန်းကဏ္ဍများကို ဦးမောင်မောင်ငြိမ်းက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ယုံကြည်မှုတည်ဆောက်ခြင်း(Confidence Building Measures)နှင့် ပတ်သက်သည်များကို ဒေါက်တာ တင်မောင်မောင်သန်းက ရှင်းလင်းပြောကြားကာ ယုံကြည်မှုတည်ဆောက်ခြင်းတွင် ဦးဆောင်သူ၏ အခန်းကဏ္ဍ(The Role of Leadership in CBMs)ကို ဦးကျော်ကျော်လှိုင်က ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံပွဲခဏနားချိန်တွင် JMC-S (Bago) ကော်မတီ အတွင်းရေးမှူး(၁) ဦးစောအယ်ကလူဖိုးအား မေးမြန်းရာ "ကောင်းတဲ့လက္ခဏာကို ဆောင်တဲ့ အသွင်တစ်ခုပဲလေ။ အရာရာတိုင်းမှာ အလွှာအသီးသီးက ပါဝင်လာနိုင်အောင်ကြိုးစားရမယ်။ ကြိုးစားတဲ့နေရာမှာလည်းအဘက်ဘက်က လုပ်ငန်းစဉ်တစ်ခုအနေနဲ့ချမှတ်ပြီး လိုအပ်တဲ့ ပညာပေးမှုတွေ၊အသိတရားတွေ ဖြစ်လာအောင် အခုလို အခြေအနေမျိုးကို ဖန်တီးပေးနိုင်အောင် အများကြီးကြိုးစားရဦးမှာပါ" ဟု ပြောကြားခဲ့ကာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဒေါ်နန်းစေးဝါးက "ဒီလိုမျိုးပေါင်းစည်းပြီး အမြင်ချင်းဖလှယ်ပြီး သူ့ဘက်ကိုယ့်ဘက် လုပ်ဆောင်နိုင်တဲ့ အားနည်းချက် အားသာချက်တွေကို သိရတယ်။ ဒေသဆိုင်ရာ ရပ်/ကျေးအဆင့်တွေထိ လုပ်ဆောင်ရမယ့် ကိစ္စတွေကိုလည်း ဆွေးနွေးဖြစ်တယ်" ဟု ရှင်းပြခဲ့သည်။

ထို့နောက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ အသွင်ကူးပြောင်းရေးကာလအတွင်း ထိခိုက်ဆုံးရှုံးနိုင်ခြေရှိမှုအား စီမံခန့်ခွဲခြင်း ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ပညာရှင်စကားဝိုင်းကို ဒေါက်တာ တင်မောင်မောင်သန်း၊ ဦးကျော်ကျော်လှိုင်၊ ဦးမောင်မောင်ငြိမ်းတို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားကို JMC-U ဒုတိယဥက္ကဋ္ဌ(၂)က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဒုတိယနေ့ကို အဆုံးသတ်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**





# စည်းကမ်းဖောက်ဖျက်ယာဉ်များ မင်္ဂလာတောင်ညွန့်တွင် ပူးပေါင်းအဖွဲ့နှင့် အရေးယူ

**ရန်ကုန် ဇူလိုင် ၂၄**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း စည်းကမ်းဖောက်ဖျက်ကျူးလွန်သော မော်တော်ယာဉ်များ လျော့နည်းပပျောက်စေရေး စီမံချက်အရ ဌာနဆိုင်ရာအဖွဲ့စုံစုပေါင်းပါဝင်ကာ စည်းကမ်းချိုးဖောက်ယာဉ်များကို ရှောင်တခင်စစ်ဆေးအရေးယူခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင် သမိန်ဗရမ်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းတို့တွင် ဆောင်ရွက်ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးနှင့်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စည်းကမ်းချိုးဖောက်ကျူးလွန်မှုများနှင့် နံပါတ်ပြားတပ်ဆင်ခြင်းမရှိဘဲ မောင်းနှင်နေသော ယာဉ်အပါအဝင် ၁၇ မှုကို အရေးယူဆောင်ရွက်သည်။ စည်းကမ်းဖောက်ဖျက်ယာဉ် ၁၅ စီးနှင့် ကရိန်းဆွဲယာဉ်နှစ်စီးတို့ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# “ဝ”ဒေသ သံဃာတော်များအတွက် (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစီအစဉ်အရ သံလွင်အရှေ့ခြမ်းရှိ သံဃာတော်များအတွက်(၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုပန်မြို့ရှိ (၃၁)ဘုံဆုတောင်းပြည့်စေတီ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ (ဗဟို)ကျောင်းတိုက် ဘဒ္ဒန္တသီဟဗလ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော သံလွင်အရှေ့ခြမ်း တန့်ယန်း၊ ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်ဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ မိုင်းမော၊ နမ့်တစ်ဒေသများမှ ဆရာတော်အရှင်သူမြတ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုယ်စားနယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့အမှုဆောင်ကော်မတီဝင် ဦးရန်ကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထယ်ချန်၊ ကွမ်းလုံ(အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ရဲရင့်အောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နယ်မြေခံတပ်မဌာနချုပ်တို့မှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဩဝါဒပရိသတ်တို့က တန့်ယန်းမြို့ဝေဠုဝန်ပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဝိစိန္တ (သဒ္ဓမ္မဇောတိကဓဇ)ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ကိုးကန့်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလထံမှ သာဓုအနုမောဒနာတရား နာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



ယနေ့အခမ်းအနားတွင် တန့်ယန်း၊ ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်ဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ ဟိုပန်၊ မိုင်းမော၊ နမ့်တစ်ဒေသများ၌ သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတော် ၁၀၆၆ ပါး၊ ရှင်သာမဏေ ၅၀၀၃ ပါးတို့အတွက် သင်္ကန်းဒွိစုံ အစုံ ၅၀၀၊ ရှင်ကြီးဝတ်သင်္ကန်းအစုံ ၁၅၀၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သင်္ကန်းဒွိစုံ ၈၉ စုံ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့က သင်္ကန်း ၅၁ စုံတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောဒေသမြေပြင်အခြေအနေသတင်းရယူရန် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့ စစ်တွေမြို့သို့ရောက်ရှိ

**စစ်တွေ ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် မောင်တောဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များအပါအဝင် သိရှိလိုသည်များကို မြေပြင်ကွင်းဆင်း သတင်းရယူရန် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ ပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့ ညနေ ၄ နာရီမိနစ် ၅၀ က ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။



သတင်းမီဒီယာအဖွဲ့တွင် Fuji TV၊ Sky News TV ၊ New York Time၊ MNA၊ MRTV၊ MITV တို့မှ သတင်းထောက် စုစုပေါင်း ၁၇ ဦး ပါဝင်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လွှတ်တော် စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီမှ ရမည်းသင်းမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီသည် ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် စက်မှုစွမ်းအင်နှင့်လျှပ်စစ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးလှိုင်ဝင်း ဦးဆောင်သော ကော်မတီအဖွဲ့များသည် ရမည်းသင်းမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ဇူလိုင် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာမီးလင်းရေးလုပ်ငန်းများတွင် တွေ့ကြုံနေရသည့် ပြဿနာများ၊ ဓာတ်အားခွဲရုံများ ဝန်အားသုံးစွဲမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

ရတနာသစ်တော၊ ပြည့်သွေးကြော
သစ်တောရတနာ၊ ထိန်းသိမ်းပါ

# တောင်ပြိုလက်ဝဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ



**မောင်တော ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတစ်ဝန်းတွင် စာဖတ်ဝိုင်းများကျင်းပပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် မောင်တောမြို့တွင် ခရိုင်မီးသတ်ဦးစီးဌာနနှင့် တောင်ပြိုလက်ဝဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ စာဖတ်ဝိုင်းဆွေးနွေးပွဲ အခမ်းအနား ကျင်းပသည်။ **(ဝဲပုံ)**

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မောင်တောခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်စင်က စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး တောင်ပြိုလက်ဝဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်ညိုညိုခိုင်က စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် မီးသတ်တပ်ဖွဲ့ဝင်များက မိမိကြိုက်နှစ်သက်ရာ သုတ၊ ရသ စာအုပ်စာပေများဖတ်ရှုကြပြီး အပြန်အလှန်ဆွေးနွေးကြသည်။

တောင်ပြိုလက်ဝဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် မောင်တောဒေသရှိ ပြည်သူများ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတများရရှိစေရန် ရည်ရွယ်ပြီး ကျေးရွာများအထိ ကွင်းဆင်းကာ စာဖတ်ဝိုင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း- မင်းသစ်၊ကိုမင်း**
**ဓာတ်ပုံ- မင်းမင်း**

# ပထမဦးဆုံးအကြိမ်အဖြစ် ခြေထောက်ဆက်ခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာကုသနိုင်

ရန်ကုန် ဇူလိုင် ၂၄

**မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ခြေထောက်ဆက်ခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာ ကုသနိုင်ပြီဖြစ်ကြောင်း သိရသည်။**

တွံတေးမြို့အနီးရှိ ရွှေကသစ်ကျေးရွာမှ ကိုသိန်းဇော်ဦးသည် ဇွန် ၁၉ ရက် နံနက် ၉ နာရီခန့်က မြက်ရိတ်စက်အသုံးပြုကာ မြက်ရိတ်နေရာမှ ဓားကျွတ်ထွက်၍ ခြေထောက်ကို ဖြတ်မိခဲ့သည်။ ယင်းသို့ဖြစ်ပွားပြီး မွန်းတည့် ၁၂ နာရီခန့်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာရာ အရိုးအထူးကုဆရာဝန်များနှင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုဆရာဝန်များပူးပေါင်း၍ ခွဲစိတ်ကုသပေးခဲ့သည်။



ပါမောက္ခ(ဌာနမှူး)
ပါမောက္ခ ဒေါက်တာခင်မောင်မြင့်
အရိုးရောဂါပညာဌာန



ဒေါက်တာသော်ဇင်ထူး
လက်ထောက် ကထိက
လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာန

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ခွဲစိတ်ကုသကာ ခြေထောက်ဆက်နိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ ဆေးတက္ကသိုလ်(၁) ရန်ကုန်အရိုးရောဂါပညာဌာန ပါမောက္ခ(ဌာနမှူး) ပါမောက္ခဒေါက်တာခင်မောင်မြင့်က အထွေထွေအရိုးခွဲစိတ်အထူးကု လက်ပိုင်းဆိုင်ရာနဲ့ပေါင်းပြီး "ဒါကတော့ လက်ပြတ်တာမဟုတ်ဘူး။ ခြေထောက်ပြတ်တာ၊ ဆရာတို့ ဆက်မလားဆိုတော့ ဆက်လို့ရနိုင်တယ်။ သန့်ရှင်းတဲ့ပြတ်တဲ့နည်းပဲ။တိတိကျကျလည်း ပြတ်တယ်။ ဆက်ကြမယ်ဆိုပြီးတော့ တာဝန်ကျဆရာဝန်တွေက အရိုးဆရာဝန်တွေနဲ့ပေါင်းပြီး အဖွဲ့လိုက်ဆက်ခဲ့တယ်။ အရိုးအထူးကုဆရာဝန်တွေနဲ့ လက်ပိုင်းဆိုင်ရာခွဲစိတ်မှုဆရာဝန်တွေရဲ့ အောင်မြင်မှုပါပဲ" ဟု ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသော လူနာများ လိုက်နာဆောင်ရွက်ရမည့် အပိုင်းနှင့်ပတ်သက်၍ "လက်တစ်ခုပြတ်ပြီ၊ ခြေထောက်တစ်ခုပြတ်ပြီဆိုရင် သန့်ရှင်းစွာနဲ့ ခြောက်ခြောက်သွေ့သွေ့နဲ့ အေးနေအောင်ထားပြီး ယူလာဖို့ လိုပါတယ်။ ကြွက်သားတွေအများကြီးပါတဲ့ လက်ပြတ်တာတွေ၊ ခြေထောက်ပြတ်တာတွေဟာ ဆက်ဖို့မလွယ်ပါဘူး။ လက်တစ်ခု ခြေထောက်တစ်ခု ပြတ်သွားပြီဆိုရင် ဘယ်သူပဲဖြစ်ဖြစ် ၆ နာရီအတွင်း ဆေးရုံရောက်တာတော့ အကောင်းဆုံးပဲ။ ဒီလိုပဲ လူနာရဲ့အခြေအနေနဲ့ သွေးအမျိုးအစားကို ကြိုပြီးအကြောင်းကြားထားရင် ဒီကဆရာဝန်တွေက လိုအပ်တာလမ်းညွှန်နိုင်မှာဖြစ်ပါတယ်" ဟု ဒေါက်တာခင်မောင်မြင့်က ဆက်လက်ရှင်းပြသည်။



လူနာ ကိုသိန်းဇော်ဦး

သွေးထွက်လွန်နေသည့်လူနာကို ခွဲစိတ်ခန်းဝင်နိုင်သည့် အခြေအနေဖြစ်အောင် ပြင်ဆင်ခဲ့ရပြီး ဒဏ်ရာကို နှစ်နာရီနီးပါးမျှ သန့်ရှင်းရေးပြုလုပ်ကာ ခွဲစိတ်ခဲ့ရပုံအကြောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာသော်ဇင်ထူး က ပြောကြားရာ၌ "ကျွန်တော်တို့ဌာနက လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနဖြစ်တဲ့အတွက် လက်တွေကို အဓိကထားပြီး ပြန်ဆက်ပေးတာပေါ့။ ခြေထောက်ကိုပြန်ဆက်တာတော့ကျွန်တော့်သက်တမ်းမှာ ဒါပထမဆုံးပြန်ဆက်တာပါ။ ကျွန်တော့်ရဲ့အတွေ့အကြုံမှာတော့ ဒါမျိုးမမြင်ဖူးပါဘူး။ ကျွန်တော်က လက်တွေကိုတော့ ပြန်ဆက်နေကျဖြစ်တယ်။ လက်တွေကို ပြန်ဆက်နေကျဖြစ်တဲ့ အတွေ့အကြုံကို သုံးပြီးတော့ ပြန်ဆက်ခဲ့တာဖြစ်ပါတယ်" ဟု သူ၏ခွဲစိတ်ကုသခဲ့မှုအပိုင်းကို ပြောသည်။

ငါးနာရီနီးပါးကြာ ခွဲစိတ်ကုသမှုနှင့် ဒုတိယအကြိမ်ခွဲစိတ်ကုသမှုကို ခံယူခဲ့ရသည့် လူနာကိုသိန်းဇော်ဦးက "မနက် ၉ နာရီလောက်မှာ စဖြစ်တာပါ။ အလုပ်လုပ်နေတဲ့အချိန် ဓားက ဘယ်လိုဖြစ်သွားမှန်းတောင်မသိဘူး။ မြက်ဖတ်လေးပဲ စင်သွားတယ်ထင်တာ။ ကြည့်လိုက်တော့ ခြေထောက်တစ်ချောင်း မရှိတော့ဘူး။ တစ်လံလောက်လွင့်သွားတယ်။ ဒီကို ရောက်တော့ ၁၂ နာရီလောက်ရှိပြီ။ အခုဆက်ပြီးတော့ ခြေထောက်က တစ်ခါမှ မနာဘူး၊ မကိုက်ဘူး။ ဆရာမတွေရော ဆရာဝန်တွေရော အကုန်ကောင်းပါတယ်။ ကုသပေးတဲ့ ဆရာတွေ ဆရာမတွေကို ကျေးဇူးအလွန်တင်ပါတယ်" ဟု ပြောသည်။

လူနာ၏ ဒဏ်ရာအခြေအနေမှာ ပိုးမဝင်ဘဲ အနာကျက်ပြီး ကောင်းမွန်နေသည့်အတွက် မကြာမီဆေးရုံမှ ဆင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် လက်ဆက်ခြင်း ခွဲစိတ်ကုသမှုပညာ အားနည်းနေချိန်ဖြစ်သည့် ၁၉၇၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆရာကြီး ဒေါက်တာဦးမျိုးမြင့်က စတင်၍ လက်ဆက်ခြင်းကို အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများရှိ ဆေးရုံများတွင် လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသဌာနများ၌ ဆရာဝန် ၄-၅ ဦးသာရှိသော်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရိုးအထူးကုဆရာဝန်ပေါင်း ၇၄ ဦးရှိကြောင်း သိရသည်။ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုဆရာဝန်ပေါင်း ၁၄ ဦးရှိပြီး မန္တလေးပြည်သူ့ဆေးရုံကြီးတွင်လည်း လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသဆရာဝန် သုံးဦးရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသဌာနသည် အရှေ့တောင်အာရှတွင် အင်အားအကြီးဆုံးဌာနတစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသကြီးအတွင်း၌ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**



ပြတ်တောက်နေသည့်ခြေထောက်အား ပြန်လည်ဆက်ပေးနေသည်ကို တွေ့ရစဉ်။

## ဒုံသမိချောင်းရေမြင့်လာသောကြောင့် ဒူးရင်းဆိပ်ကျေးရွာ အနိမ့်ပိုင်းနေသူများ ဘေးလွတ်ရာရွှေ့ပြောင်း

သထုံ ဇူလိုင် ၂၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒုံသမိချောင်းရေမြင့်တက်လာသောကြောင့် ဒူးရင်းဆိပ်ကျေးရွာအနိမ့်ပိုင်း ချောင်းကမ်းနဖူးတွင် နေထိုင်ကြသည့် လူနေအိမ်ခြံဝင်းများအတွင်းသို့ ရေများဝင်ရောက်လာရာ အိမ်ထောင်စုအချို့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

ချောင်းရေမြင့်လာသဖြင့် ဒူးရင်ဆိပ်ကျေးရွာ အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃)နှင့် အမှတ် (၆) ရပ်ကွက်တို့မှ အနိမ့်ပိုင်းနေသူများက ဘေးလွတ်ရာ တပ်ဦးဘုန်းကြီးကျောင်းနှင့် ရွာလယ်ဇရပ်များသို့ ဇူလိုင် ၁၈ ရက်မှစတင်ကာ ကြိုတင်ရွှေ့ပြောင်းလျက်ရှိရာ ဇူလိုင် ၂၄ ရက်အထိ အိမ်ထောင်စု ၈၀၊ လူဦးရေ ၃၇၂ ဦးခန့် ရွှေ့ပြောင်းမှုပြုလုပ်ခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ကြသူများအား သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ထောက်ပံ့ကူညီပေးကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ဘုရားသုံးဆူ - သံဖြူဇရပ်လမ်းပေါ်ရှိ အပလုံကျေးရွာ ဘေလီသံပေါင်တံတား ရေမျော

ဘုရားသုံးဆူ ဇူလိုင် ၂၄

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ သုံးဆူမှသံဖြူဇရပ်သို့သွားရာလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၄၅/၁၊ ပြောင်မထိန်ကျေးရွာအုပ်စု အပလုံကျေးရွာအနီး အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေရှိ ဘေလီသံပေါင်တံတားသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီတွင် တောင်ကျချောင်းရေနှင့်အတူ မျောပါသွားသဖြင့် ခရီးသွား ကား၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာခွင့်မပြုတော့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နေရာသို့ ဘုရားသုံးဆူမြို့ လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးသက်ခိုင်ဦး ဦးစီး၍ အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**အောင်သူဟိန်း(ပြန်/ဆက်)**

## ကျောက်ကြီးမြို့၌ ချောင်းရေမြင့်တက်ရာ အိမ် ၃၄ လုံး ရေမြုပ် ရေဘေးသင့်သူများအား ယာယီကယ်ဆယ်ရေးစခန်းသို့ပြောင်းရွှေ့

ကျောက်ကြီး ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်ရှိ ကျောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် ကျောက်ကြီးမြို့ရှိ လူနေအိမ် ၃၄ လုံး ရေနစ်မြုပ်ပြီး ရေဘေးသင့်အိမ်ထောင်စုများအား ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ထားရကြောင်း သိရသည်။


ကျောက်ကြီးမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့ကာ ဇူလိုင် ၂၃ ရက်က ကျောက်ကြီးချောင်းရေ မြင့်တက်မှုကြောင့် လူနေအိမ် ငါးလုံး ရေနစ်မြုပ်၍ ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ဇူလိုင် ၂၄ ရက်တွင် လူနေအိမ် ၂၉ လုံး ရေနစ်မြုပ်ခဲ့သည်။ ချောင်းရေမြင့်တက်မှုကြောင့် ကျောက်ကြီးမြို့ ပဲခူးရပ်ကွက်နှင့် ကပ်ကျေးရပ်ကွက်အတွင်းရှိ လူနေအိမ် စုစုပေါင်း ၃၄ လုံး ရေနစ်မြုပ်ခဲ့ပြီး ရေဘေးသင့် အိမ်ထောင်စုများအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် ပဲခူးရပ်ကွက် မြို့တွင်းကျောင်း မိုးကုတ်ဓမ္မာရုံ သိန်တန်းရပ်ကွက်ရှိ ကသစ်ဝိုင်ဓမ္မာရိပ်သာဓမ္မာရုံ တောင်ငူတန်းရပ်ကွက်ရှိ မြို့ဦးဘုန်းကြီးကျောင်းများသို့ တာဝန်ရှိသူများက ပြောင်းရွှေ့နေရာချထားပေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဖားကန့်ဒေသရှိ လုပ်ကွက်ဟောင်း မြေစာပြိုကျမှု ပျောက်ဆုံးနေသူများ စိစစ်ဆဲဖြစ်

ဖားကန့် ဇူလိုင် ၂၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မံမုန်ကျေးရွာ အောက်မက်လင်ချောင်မော်ရောရတနာကုမ္ပဏီလုပ်ကွက်ဟောင်းမှ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် အမြင့်ပေ ၅၀၀ ခန့်ရှိ မြေကမ်းပါးယံမှ မြေစာများပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါမြေပြိုမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူများ မြေစာပိသေဆုံးခြင်း ရှိ၊ မရှိ စိစစ်ဆဲဖြစ်ကြောင်းနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့သို့ လာရောက်အကြောင်းကြားသည့် ပျောက်ဆုံးနေသောရေမဆေးကျောက်ရှာဖွေသူများမှာ ဦးအဝိဝမ်ဒီးလာရ်၊ ဦးမလောင်ဘန်ဆားရ်၊ ဦးဆားရ်ဝမ်ဖုန်ဆန်း၊ ဦးချန်းပီတာ၊ ဦးဒခွမ်ဆင်ပေးဆားရ်၊ ဦးကျော်ဆန်း၊ ဦးရမ်နန်၊ မောင်မျိုးဝင်းထွန်းတို့ဖြစ်ကြောင်း သိရသည်။



အဆိုပါမြေပြိုကျသည့်နေရာကို ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးလျက်ရှိပြီး မြေစာများ ထပ်မံပြိုကျနိုင်သည့် အနေအထားရှိနေသဖြင့် ကယ်ဆယ်ရှာဖွေရေးအဖွဲ့မှ လုပ်ငန်းရပ်နားထားလျက်ရှိကြောင်းလည်း သိရသည်။

**လူအောင်(ကသာ)**

## သုံးခွမြို့နယ် နန်းခလဲကျေးရွာ၌ လေဘေးသင့်အိမ်ထောင်စု ခုနစ်စုကို ထောက်ပံ့ရေးပစ္စည်းပေးအပ်

သုံးခွ ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်နန်းခလဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၁ ရက် ညက လေပြင်းတိုက်ခတ်ခံရသော နန်းခလဲကျေးရွာမှ အိမ်ထောင်စု ခုနစ်စုအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူထိုက်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး လေဘေးသင့်သူများကို အားပေးစကားပြောကြားသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူထိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်တို့က အိမ်ထောင်စု ခုနစ်စုအား Family Kit ပုံးတစ်ပုံးစီ၊ ခုနစ်ရက်စာ ဆန်ဖိုးထောက်ပံ့ငွေများကို လည်းကောင်း၊ အိမ်ထောင်စု ခြောက်စုကို ငွေကျပ်တစ်သိန်းစီနှင့် ကျန်အိမ်ထောင်စု တစ်စုအား ငွေကျပ် ၃၅၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ အလားတူ မြို့နယ်ကြက်ခြေနီအသင်းမှလည်း Hygiene kit ၊ လက်သမားသုံးပစ္စည်းများနှင့် တာပေါ်လင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲများ စတင်ကျင်းပ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အားကစားသမားများအား နှုတ်ဆက်

**နေပြည်တော် ဇူလိုင် ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ ကျင်းပသည်။ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူပြီးနောက် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr.Lee Shang Hwa ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ကြပြီးနောက် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ၏ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) တွင်(-၅၄)ကီလိုပင်းဝိတ်တန်း (ကျား)၊ (-၄၆)ကီလိုပင်းဝိတ်တန်း(မ)၊ (၅၈-၆၃) ကီလိုဘင်တန် ဝိတ်တန်း (ကျား)၊ (၄၉-၅၃) ကီလိုဘင်တန်ဝိတ်တန်း(မ)၊ (၆၈-၇၄)ကီလိုလိုက်ဝိတ်တန်း(ကျား)၊ (၅၇-၆၂) ကီလိုလိုက်ဝိတ်တန်း(မ)၊ (+၈၇) ကီလိုဟဲဗီးဝိတ်တန်း(ကျား)၊ (-၆၈) ကီလိုဖယ်သာဝိတ်တန်း (ကျား)၊ (-၅၇)ကီလိုဖယ်သာဝိတ်တန်း(မ)ပြိုင်ပွဲ၊ တစ်ဦးချင်းကကွက် (ကျား/မ) ပြိုင်ပွဲနှင့် အဖွဲ့လိုက်ကကွက် (ကျား/မ) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဆောက်လုပ်ရေးဘောလုံးအသင်း ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန အဆင့်မြင့်တန်း ဘောလုံးသမားဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ဇူလိုင် ၂၁ ရက်က ကန်တော်ကြီးရှိ Western Park စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဘောလုံးအသင်း အုပ်ချုပ်သူဟောင်းများဖြစ်သည့် ဦးစိန်ဖေ၊ ဦးစိုးမြင့်နှင့် ကန်တော့ခံ ပုဂ္ဂိုလ်များက ဆုံးမသြဝါဒစကားပြောကြားပြီး ဆောက်လုပ်ရေးဘောလုံးအသင်း ဘောလုံးသမားဟောင်း ဦးသန်းတိုးအောင်က ကန်တော့ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကန်တော့ခံအုပ်ချုပ်/နည်းပြဟောင်းများကို ဘောလုံးသမားဟောင်းများက ကန်တော့ခံပစ္စည်းနှင့် ငွေသားများကို ကန်တော့ကြသည်။

ဆောက်လုပ်ရေးဘောလုံးအသင်းသည် အုပ်ချုပ်/နည်းပြဟောင်းများဖြစ်သည့် ဦးစိုးမြင့်၊ ဦးစိန်ဖေ၊ ဦးအေးမောင်ကြီး၊ ဦးစိန်ဝင်းလေး၊ ဦးဂျွန်စတီးလ်စသည့် ပုဂ္ဂိုလ် ၂၀ အား ကန်တော့ခဲ့ပြီး ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကာ လာမည့်နှစ်များတွင်လည်း နှစ်စဉ်ကျင်းပနိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။ ယင်းကန်တော့ပွဲသို့ ဘောလုံးသမားဟောင်းများဖြစ်သည့် သန်းတိုးအောင်၊ ရဲငွေး၊ ဝင်းမြင့်သွင်၊ ကျော်လွင်၊ မျိုးချစ်၊ စိုးမိုးကျော်၊ တင်ရွှေ၊ မောင်ဝင်း၊ ဇော်ဝင်းနိုင်၊ စိုးအောင်၊ ခင်မောင်ဆွေ၊ ရဲလင်းဘုန်းဟန်၊ ကျော်မင်းထူး၊ ကြည်သောင်း၊ ရဲချစ်စိန်၊ မောင်မောင်ဇော်၊ စိုးသီဟအောင်တို့ တက်ရောက်ခဲ့သည်။ ယခုကန်တော့ပွဲတွင် ခိုင်ပြည့်စုံ (KPS) မှ ဦးခင်မောင်ဆွေက ညှော်ခံကျွေးမွေးရေးနှင့် ဝတ်စုံများကို လှူဒါန်းခဲ့ပြီး ဆောက်လုပ်ရေးဘောလုံးအသင်း ပြန်လည်ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။



**ဖိုးသော်ဇင်**

# အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲ လမ်းလျှောက်ပြိုင်ပွဲ၌ ငွေတံဆိပ် ထပ်မံရရှိ

**ရန်ကုန် ဇူလိုင် ၂၄**

မလေးရှားနိုင်ငံ Shah Alam Selangor မြို့တွင် ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိရာ 10th ASEAN School Games - 2018 စတုတ္ထနေ့ ပြိုင်ပွဲများအဖြစ် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည့် အမျိုးသမီး မီတာ ၃၀၀၀ လမ်းလျှောက်ဗိုလ်လုပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည်။




ဇင်မေထက်
(အား/ကာ သိပ္ပံ-တောင်ကြီး)

ယင်းပြိုင်ပွဲတွင် စံချိန် ၁၄ မိနစ် ၅၂ ဒသမ ၆၂စက္ကန့်ဖြင့် မလေးရှားက ပထမ၊ စံချိန် ၁၅ မိနစ် ၁၁ ဒသမ ၇၉ စက္ကန့်ဖြင့် မြန်မာနိုင်ငံမှ ဇင်မေထက် (အား/ကာ သိပ္ပံ-တောင်ကြီး)က ဒုတိယ ငွေတံဆိပ်ဆုနှင့် စံချိန် ၁၅ မိနစ် ၃၂ ဒသမ ၄၅ စက္ကန့်ဖြင့် ထိုင်းမှ တတိယဆုတို့ အသီးသီးရရှိခဲ့ကြပြီး အဆိုပါဆုများကို မြန်မာကျောင်းသားအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အောင်နိုင်ဆုများကို ချီးမြှင့်ပေးခဲ့သည်။

မြန်မာကျောင်းသားအားကစားအဖွဲ့သည် ယနေ့အထိ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုတို့ ရရှိထားပြီး ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လီမြို့တွင် ကျင်းပခဲ့သည့် The 5th Asian Dragon Boat Championship ပြိုင်ပွဲ၌ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာ့လက်ရွေးစင်လှေလှော်(ခ)အသင်းအား ဇူလိုင် ၂၂ ရက်က ရန်ကုန်မြို့ အင်းလျားကန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က ငွေကျပ်သိန်း ၄၀၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဦးသောင်းထိုက်မင်းက ငွေကျပ် သိန်း၅၀ ကို ဂုဏ်ပြုချီးမြှင့်ကြစဉ်။**

တင်စိုး (မြန်မာ့အလင်း)

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများအား လက်ခံကျင်းပသွားမည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဩဂုတ်လအတွင်း နေပြည်တော်၌ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

(၅)ကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ် ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (A)၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများမှ ပြိုင်ပွဲဝင်အားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၄)ကြိမ်မြောက် အသက် ၁၈ နှစ်အောက် (Junior)နှင့် အသက် ၁၅ နှစ်အောက် (Cadet) စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဩဂုတ် ၁၃ ရက်မှ ၁၈ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ လက်ခံကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၃၀ တို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများသို့ စိတ်ပါဝင်စားသော ဝါသနာရှင် ပြည်သူများ လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် အသက် ၂၉ နှစ်အရွယ် ဘရာဇီးတောင်ပံကစားသမား ဝီလီယံအား ပေါင် ၆၅ သန်းဖြင့် ဘာစီလိုနာအသင်း၏ သုံးကြိမ်မြောက် ကမ်းလှမ်းမှုအား ပယ်ချလိုက်ကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။ သည်ဆန်း၏ အဆိုအရ ချယ်လ်ဆီးအသင်းသည် အေစီမီလန်အသင်း၏ လီဗာပူးဂိုးသမားဟောင်း ပီပီရီနာ (၃၅နှစ်) ကို ပေါင် ကိုးသန်းဖြင့် ခေါ်ယူရန် နီးစပ်လျက်ရှိနေကြောင်းလည်း ဖော်ပြထားသည်။
- ဂျူဗင်တပ်စ်အသင်းသည် မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာ (၂၅နှစ်) ကို အသင်းသို့ ပြန်လည်ခေါ်ယူနိုင်ရန်အတွက် အသင်းမှ အသက် ၂၈ နှစ်အရွယ် ပီဂျာနစ်ကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ်ရောင်းထုတ်သွားရန် လိုလားလျက်ရှိနေကြောင်း ယူကေအခြေစိုက်သတင်းတစ်ရပ်အရ သိရသည်။
- အာဆင်နယ်အသင်းသည် ကမ္ဘာ့ဖလားပူပူနွေးနွေးရရှိထားသော ပြင်သစ်ကွင်းလယ်ကစားသမား အသက် ၂၉ နှစ်အရွယ် အင်န်ဆွန်ဇီကို ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဆီဗီလာအသင်း၏ စာချုပ်လျော်ကြေး ပေါင် ၃၅ သန်းကို ပေးချေလိုခြင်းမရှိကြောင်း ပြင်သစ်ဘက်ကလာသော သတင်းတစ်ရပ်အရ သိရသည်။
- စပိန်စူပါဖလားအဖြစ် ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့၏ ပွဲစဉ်ကို မော်ရိုကိုနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကာ တစ်ကျော့တည်း ကစားသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းသည် စပိန်နိုင်ငံ၏ ပြင်ပတွင် ကစားသော ပထမဆုံးပွဲစဉ်လည်းဖြစ်သည်။ အဆိုပါပွဲစဉ်ကို ဩဂုတ် ၁၂ ရက် တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဘာစီလိုနာအသင်းသည် ယခုအကြိမ် စပိန်စူပါဖလား၌ ယှဉ်ပြိုင်မှုသည် ၁၀ ရာသီတွင် ကိုးကြိမ်မြောက်ယှဉ်ပြိုင်ကစားရသောပွဲစဉ်လည်း ဖြစ်လာမည်ဖြစ်သည်။
- စတုတ်စီးတီးအသင်းသည် အိုင်ယာလန်တောင်ပံကစားသမား ဂျိမ်းမက္ကလန်းကို ချန်ပီယံလိဂ်ရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းမှ ကနဦးပြောင်းရွှေ့ကြေး ပေါင် ငါးသန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်အရ သိရသည်။ အသက် ၂၉ နှစ်အရွယ် အဆိုပါ တောင်ပံကစားသမား၏ ပြောင်းရွှေ့ကြေးသည် ခြောက်သန်းအထိ ရောက်ရှိသွားနိုင်ကာ စတုတ်စီးတီးအသင်း၏ ယခုနှစ်ရာသီ လေးဦးမြောက် ခေါ်ယူမှုဖြစ်ကြောင်းလည်း ဖော်ပြထားသည်။
- လီဗာပူးအသင်း၏ အသက် ၂၅ နှစ်အရွယ် ဘရာဇီးဂိုးသမားသစ် အယ်လစ်ဆင်သည် ရာသီအကြိုချစ်ကြည်ရေး ခြေစမ်းပွဲစဉ်၌ လီဗာပူး အသင်းနှင့်၎င်း၏ ပထမဆုံးပွဲစဉ်ကို ဩဂုတ် ၄ ရက်တွင် နာပိုလီအသင်းနှင့်ပွဲစဉ်၌ ယှဉ်ပြိုင်ကစားသွားရန် လျာထားကြောင်း ယူကေအခြေစိုက် သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ပရီမီယာလိဂ်တန်းတက် ဝုဗ်အသင်းသည် မိုနာကိုအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား မော်တင်ဟိုကို ပေါင် ခြောက်သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေကြောင်း ယူကေအခြေစိုက်သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# နိုင်ငံတော်သမ္မတရုံး အမိန့်စာအတု ပြုလုပ်ဖြန့်ဝေခဲ့သူအား အရေးယူသွားမည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်ငွေစက္ကူများ တရားမဝင်ကြော်ငြာခြင်းဟူသည့် ခေါင်းစဉ်ဖြင့် နိုင်ငံတော်သမ္မတရုံး အမိန့်စာအတု ပြုလုပ်ဖြန့်ဝေခဲ့သူအား စုံစမ်းစိစစ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ သိရသည်။

ထိုအမိန့်စာအတုတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်ငွေစက္ကူများ တရားမဝင် ကြော်ငြာခြင်းဟူသည့် ခေါင်းစဉ်ဖြင့် ငါးရာကျပ်တန်၊ တစ်ထောင်ကျပ်တန်၊ ငါးထောင်ကျပ်တန်နှင့် တစ်သောင်းကျပ်တန် ငွေစက္ကူများကို ဩဂုတ် ၁ ရက်မှ စတင်ကာ သုံးစွဲခွင့်မပြုကြောင်း ရေးသားဖော်ပြထားသည်။

"facebook မှာ ပျံ့နှံ့နေတဲ့ အမိန့်စာကို နိုင်ငံတော်သမ္မတရုံးအနေနဲ့ ထုတ်ပြန်ထားခြင်းမရှိပါဘူး။ နိုင်ငံတော်သမ္မတရုံး အမိန့်စာအမှတ်နဲ့ ငွေစက္ကူငွေ တရားမဝင်ကြော်ငြာခြင်းဆိုပြီး အတုပြုလုပ်ဖြန့်ဝေတဲ့သူကို စုံစမ်းပြီးတော့ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ"ဟု နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

ထိုကဲ့သို့ facebook တွင် ပျံ့နှံ့နေသော ငွေစက္ကူနှင့်ပတ်သက်သည့် အမိန့်စာသည် အတုဖြစ်သည်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ၎င်း၏ facebook စာမျက်နှာတွင် အသိပေးရေးသား ဖော်ပြထားပြီး ၎င်း၏ facebook တွင် "လက်ရှိ facebook တွင် ပျံ့နှံ့လျက်ရှိသော နိုင်ငံတော်သမ္မတရုံး အမိန့်စာအမှတ် (၂၅/ ၂၀၁၈) ထုတ်ပြန်ထားခြင်း မရှိပါ။ ငွေစက္ကူကိစ္စနှင့် ပတ်သက်၍ မည်သည့်အမိန့်မှ ထုတ်ပြန်ထားခြင်းမရှိပါကြောင်း အသိပေးအပ်ပါသည်။ အမိန့်အတုအား စတင်ဖြန့်ဝေသူအား စုံစမ်းစိစစ်လျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်"ဟု ရေးသားထားသည်။

**ရှင်မင်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၅ -၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၃၅ - "ဘွဲ့ထူးပိုင်၍ စံပြုထိုက်သူ သူလိုလူ"
- ၁၁း၄၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ကာဗွန်ဒိုင်အောက်ဆိုက်" ကျော်ထက်အောင်၊ အလင်းရောင်၊ဖွေးဖွေး၊ ရတနာဗိုလ် (ဒါရိုက်တာ- ဝိုင်း)

**ညပိုင်း**

- ၁၆း၃၅ - "ဝန်းကျင်သဘာဝ မျှလိုက သစ်ပင်စိုက်ကြ ဝသန်ကာလ"
- ၁၇း၂၅ - "ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းရဲ့ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အဆို လွှတ်တော်မှ အတည်ပြု"
- ၁၇း၃၅ - MRTV Travelogue
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" အပိုင်း(၁၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "သိမ်းဆည်းခံ ပြန်လည်စွန့်လွှတ်ပေးရေး နစ်နာသူ ပြည်သူများအတွက် သိကောင်းစရာ" (တောင်သူဦးကြီးများ၏ ရောင်နီသန်းချိန်)
- - "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း" အပိုင်း(-၂) (ကြက်ဥသက်သက်လွှတ်) မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင် (ဒါရိုက်တာ-ရှင်ဒေဝီ)
- - ဂီတသမား၊ ဂီတစကား "ဂန္ထဝင်တေးဆရာကြီး (၃) ဦး၏ တေးလက်ရာများ" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" အပိုင်း(-၄၁)

## ဘဏ်ဝန်ထမ်းဖြစ်သူက ငွေကျပ်သိန်း ၅၀၀ ကျော်ကို Mobile Banking ဖြင့် အလွဲသုံးစားပြုလုပ်ခဲ့သဖြင့် အရေးယူထား

**နေပြည်တော် ဇူလိုင် ၂၄**

ကမ္ဘောဇဘဏ်မှ ဝန်ထမ်းတစ်ဦးသည် Mobile Banking ဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုကာ ငွေအလွဲသုံးစားပြု ထုတ်ယူသဖြင့် ရန်ကင်းမြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁)ရပ်ကွက်နေ ဒေါ်ပြည့်ပြည့်ခင်(၄၅နှစ်) (ကမ္ဘောဇဘဏ်၊ ရန်ကင်းဘဏ်ခွဲမန်နေဂျာ)ဖြစ်သူသည် ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီခွဲက ၎င်းထံသို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃၅)ရပ်ကွက်နေ ဒေါ်ခင်နွယ်စိုး(၃၇ နှစ်)(ကမ္ဘောဇဘဏ်၊ တောင်ဥက္ကလာပ၊ သစ္စာလမ်း ဘဏ်ခွဲမန်နေဂျာ)ဖြစ်သူက ၎င်းတို့ဘဏ်တွင် ငွေလွှဲလာရောက်ထုတ်ယူသော ရန်ကင်းမြို့နယ် (၁)ရပ်ကွက်နေ ဒေါ်ခင်အုန်းမြင့်(၆၆ နှစ်)၏ ဘဏ်စာအုပ်ရှိ ဘဏ်အကောင့်အမှတ် ××××××× သို့ ငွေများဖြည့်သွင်းရာတွင် ငွေပမာဏများကွာခြားနေကြောင်း ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားလာသဖြင့် ဒေါ်ပြည့်ပြည့်ခင်က ကမ္ဘောဇဘဏ်၏ တာဝန်ရှိသူများထံတင်ပြ၍ သွားရောက်စစ်ဆေးခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ကမ္ဘောဇဘဏ်(ရန်ကင်းဘဏ်ခွဲ)တွင် အကြီးတန်းလက်ထောက်အဖြစ် လုပ်ကိုင်သူ သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်နေ ဒေါ်ဝင်းလဲ့အိဖြူ (၃၀ နှစ်)သည် အဆိုပါဘဏ်အကောင့်အတွင်းမှ Mobile Banking ဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုကာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၂၀၁၈ ခုနှစ် မေ ၂၉ ရက်အထိ စုစုပေါင်း ၃၅ ကြိမ် ငွေကျပ် ၅၂၅ သိန်းကို ထုတ်ယူ၍ အလွဲသုံးစားပြုလုပ်ထားကြောင်း သိရှိရသောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဒေါ်ဝင်းလဲ့အိဖြူအား ရန်ကင်းမြို့မရဲစခန်းက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ဇမ္ဗူသီရိမြို့နယ်၌ ATM ငွေထုတ်စက် ဖျက်ဆီးသူ လူငယ်ငါးဦးအား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇူလိုင် ၂၄**

ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် သီရိမြိုင်လမ်းမကြီးဘေး အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ထားရှိသော KBZ ပိုင် ATM ငွေထုတ်စက် မော်နီတာ၊ တံခါး၊ CCTV များ တန်ဖိုးငွေကျပ် သိန်း ၁၅၀ ခန့် ဇူလိုင် ၂၂ ရက် ညနေ ၅ နာရီခန့်က ဖျက်ဆီးခံရကြောင်း သတင်းအရ အမှတ်(၆) ရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ဇူလိုင် ၂၃ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဓနသိဒ္ဓိရပ်ကွက်အတွင်း၌ မသင်္ကာဖွယ်တွေ့ရှိသူ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်နေ ညီညီလွင်(၁၅နှစ်)ပါ အမျိုးသားငါးဦးအား ရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ ၎င်းတို့ငါးဦးက ATM ငွေထုတ်စက်ကို ဖျက်ဆီး၍ ငွေများခိုးယူရန် ပြုလုပ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ညီညီလွင်ပါ ငါးဦးအား အမှတ်(၃)နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## ရေချိုးဆေးဆိုးကျောက်စိမ်းအတု လိမ်လည်ရောင်းချသူများအား အရေးယူထား

**နေပြည်တော် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောင်မြေသုခရပ်နေ ဒေါ်ဥမ္မာလွင် (ခ) မီးကြီး(၄၄ နှစ်)သည် ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက နေအိမ်၌ရှိနေစဉ် တောင်ကချင်ရပ်ကွက်နေ ကျောက်ပိုင်ရှင် ဒေါ်တင်တင်(၆၉ နှစ်)၏ သမီးဖြစ်သူ မလှိုင်လှိုင်(၃၀ နှစ်) ရောက်ရှိလာပြီး မီးစမ်းထားသော ကျောက်စိမ်းကို ငွေကျပ်သိန်း ၁၀၀ ဖြင့် ရောင်းချ၍ ဒေါ်ဥမ္မာလွင်က ဈေးဆစ်ပြီး ငွေကျပ် ၅၅ သိန်းဖြင့် ဝယ်ယူခဲ့သည်။

ဇွန် ၂၀ ရက် နံနက် ၈ နာရီတွင် ဒေါ်ဥမ္မာလွင်က ၎င်းဝယ်ယူထားသည့် ကျောက်ကို မန္တလေးမြို့ကျောက်ဝိုင်းရှိ ကျောက်သွေးခုံတွင် အရောင်တင်ခြင်း၊ MGA ကျောက်မျက်နှင့် သတ္တုဓာတ်ခွဲခန်းတွင် စမ်းသပ်ရာ ရေချိုးဆေးဆိုး ကျောက်အတုဖြစ်ကြောင်း သိရှိရသောကြောင့် မလှိုင်လှိုင်နှင့် ဒေါ်တင်တင်တို့ထံမှ ကျောက်တန်ဖိုးငွေများကို ပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ယနေ့အချိန်ထိ ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ဇူလိုင် ၂၃ ရက်တွင် အရေးယူပေးရန် တိုင်တန်းချက်အရ မလှိုင်လှိုင်နှင့် ဒေါ်တင်တင်တို့နှစ်ဦးအား မိုးကုတ်မြို့မရဲစခန်းက အရေးယူထားသည်။ **ကိုရဲ**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိုတောက်ခွဲသားများ တွေ့ရှိဖမ်းဆီး

**နေပြည်တော် ဇူလိုင် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၁၈ စီး၊ သွင်းကုန် ၉၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးခစန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀ ဒသမ ၀၀၁ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၃၉ သန်းခန့် စုစုပေါင်း တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁ ဒသမ ၁၄၀ သန်းခန့်အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးခစန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မစ်ဆူဘီရှီဖူဆိုယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိုတောက်ခွဲသား ၃ ဒသမ ၆၆၇ တန် နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆ ဒသမ ၀၀၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်ကုန်း၊ ပင်လည်ဘူး၊ ကျောက်တံခါး၊ မဘိမ်းမြို့နယ်တို့တွင် မူးယစ်ဆေးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

မူးယစ်တပ်ဖွဲ့စု(၁၀၁)နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲက တပ်ကုန်းမြို့ဆရာစံရပ်ကွက် နယ်မြေ(၉) ရွှေဝါထွန်းလမ်းနေ ကိုဖြိုး(ခ)မောင်ဖြိုးနှင့် ၎င်း၏ဇနီးမသီတာတို့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃ ပြား၊ ငွေကျပ် ၂၀၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၁ ရက်က ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ဝန်းသိုသွားကားလမ်း ကျောက်မီးသွေးလမ်းဆုံတွင် Wish မော်တော်ယာဉ်ကို ယာဉ်မောင်း မင်းသူနှင့်အတူ တွေ့ရှိစစ်ဆေးရာ ယင်းမော်တော်ယာဉ်မှာ မှတ်ပုံတင်ထားခြင်းမရှိကြောင်း တွေ့ရှိရ၍ အမှုဖွင့်အရေးယူထားရှိပြီး ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီက ပင်လည်ဘူးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အမှုမှသိမ်းဆည်းထားသည့် မော်တော်ယာဉ်ကို ထပ်မံစစ်ဆေးခဲ့ရာ ဘိန်းဖြူဆပ်ပြာခွက် ၂၀၆ ခွက်(ဘိန်းဖြူအလေးချိန် ၂ ဒသမ ၂၆၆ ကီလို)ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တံခါးမြို့နယ် အောင်မြင်စုကျေးရွာအုပ်စု ကမ္ဘောဇရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၂၅/၆)နှင့် (၁၂၅/၇)ကြားတွင် ရပ်တန့်ထားသည့် ယာဉ်မောင်း စိုင်းဝဏ္ဏ၏ SURF မော်တော်ယာဉ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ ငွေကျပ် ၉၆၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ကျောက်တံခါးမြို့နယ် ကင်မွန်းအင်းကျေးရွာအုပ်စု သပြေတန်း(ရှမ်း) ကျေးရွာရှိ စိုင်းဝဏ္ဏ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၂ ပြားကို လည်းကောင်း။

ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီက မဘိမ်းမြို့နယ် ခိုတော့ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့မှ မဘိမ်း- ငါးအိုးကားလမ်း ရမ်းဘိုလမ်းခွဲတွင် ဇိုးဇီ(ခ)ကံရွှေနှင့် မနွယ်နီအေးတို့နှစ်ဦးအား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူတွေ့ရှိပြီး မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့နှင့်အတူ စစ်ဆေးရှာဖွေခဲ့ရာ ဘိန်းဖြူဆပ်ပြာခွက် ငါးခွက်(ဘိန်းဖြူအလေးချိန် ၅၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မင်းသူအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## တောင်ရေလာချိန် နွားလှည်းဖြတ်ကူးစဉ် လူတစ်ဦးရေနစ်သေဆုံး

**တပ်ကုန်း ဇူလိုင် ၂၄** နေပြည်တော် တပ်ကုန်းမြို့နယ် လယ်ပြင်မကျေးရွာအုပ်စုအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နတ်တောင်ချောင်းတွင် တောင်ကျရေလာချိန်၌ လယ်ပြင်မကျေးရွာနေ ဦးသန်းအောင်သည် ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခန့်က ယာခင်းထဲမှ နေအိမ်သို့အပြန် နွားလှည်းဖြင့် ချောင်းဖြတ်ကူးစဉ် ရေစီးနှင့်အတူ မျောပါသွားခဲ့၍ နွားနှစ်ကောင်မှာလွတ်မြောက်ခဲ့ပြီး ဦးသန်းအောင်(၆၅ နှစ်)မှာ ရေနစ်သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တပ်ကုန်းမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**တင်စိုးလွင်**

# ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်

**တိုကျို ဇူလိုင် ၂၄**

ဂျပန်နိုင်ငံသည် အပူဒဏ်ခံစားနေရသည့် တစ်ခုတည်းသော နိုင်ငံမဟုတ်ဘဲ တောင်ကိုရီးယား၊ နော်ဒစ်နိုင်ငံများ (ဒိန်းမတ်၊ ဖင်လန်၊ အိုင်ယာလန်၊ နော်ဝေ၊ ဆွီဒင်) နှင့် အမေရိကန်ပြည်ထောင်စုတို့သည်လည်း အပူဒဏ်ခံစားနေရသောနိုင်ငံများ ဖြစ်ကြောင်း မကြာသေးမီက သတင်းများတွင် ဖော်ပြခဲ့သည်။ ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားလာမှုကြောင့် မိုးခေါင်ရေရှားခြင်းနှင့် အခြားသော အပူနှင့်ဆက်စပ်သော ဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းပြည်နယ်တစ်ခုဖြစ်သော မြောက်ဂျိုဆန်တွင် ဇူလိုင် ၂၃ ရက် အပူချိန်သည် ၃၉ ဒသမ ၉ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်လာခဲ့ပြီး ဆိုးလ်တွင် ၃၅ ဒသမ ၇ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်လာခဲ့သည်။ ဆိုးလ်မြို့ညအပူချိန်သည်ပင်လျှင် ၂၉ ဒသမ ၂ ဒီဂရီ ဆဲလ်စီးရပ်စ်အထိရှိခဲ့ကြောင်း ယခုနှစ်အချိန်တွင် မကြုံစဖူး အပူချိန်စံချိန်တင်မြင့်တက်ခြင်းဖြစ်ကြောင်း သိရသည်။

အချို့မီးရထားလမ်းများတွင် ရထားခုတ်မောင်းချိန်၌ အပူလွန်ကဲပြီး အပူချိန်မှာ ၆၀ ဒီဂရီအထက်ရှိသောကြောင့် ရထားအမြန်နှုန်းကို တစ်နာရီလျှင် ၇၀ ကီလိုမီတာထက် ပိုမမောင်းရန် တင်းတင်းကျပ်ကျပ် သတ်မှတ်ထားသည်။

ဆွီဒင်နိုင်ငံတွင်လည်း လွန်ခဲ့သော ရက်သတ္တပတ်က အပူချိန်သည် ၃၀ ဒီဂရီ ဆဲလ်စီးရပ်စ်အထက်ရှိခဲ့ကြောင်း သိရသည်။

ဇူလိုင်လတွင် ပုံမှန်အပူချိန်ထက် ၁၀ ဒီဂရီ ဆဲလ်စီးရပ်စ် ပိုများနေကြောင်း သိရသည်။ ပူလောင်အိုက်စပ်သော ရာသီဥတုသည် ဆိုးရွားလှသည့် မိုးခေါင်ရေရှားမှုကို ဖြစ်စေသည်။

အမေရိကန်ပြည်ထောင်စု၏ အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အပူချိန်မှာ ဆက်လက်မြင့်တက်လျက်ရှိပြီး လွန်ခဲ့သည့် ဇူလိုင် ၈ ရက်က ဒက်ဗေလီနှင့် ကယ်လီဖိုးနီးယားတွင် ပြဒါးတိုင်မှာ ၅၂ ဒီဂရီဆဲလ်စီးရပ်အထိပြခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားလာမှုများသဖြင့် တောမီးလောင်ကျွမ်းမှုဖြစ်တတ်သောကြောင့် ဆွီဒင်အစိုးရသည် ပြင်သစ်၊ ဂျာမနီနှင့် အခြားနိုင်ငံများမှ မီးသတ်သမားများကို အဆိုပါဖြစ်စဉ်များတွင် တက်ညီလက်ညီ ဝိုင်းဝန်းငြိမ်းသတ်ရန် တိုက်တွန်းထားကြောင်း သိရသည်။



လေအေးပေးစက်မရှိသူများအတွက် အပူရှပ်ခြင်းကြောင့် သေဆုံးခြင်းမှ ကာကွယ်ရန် အမေရိကန်နိုင်ငံရှိ တချို့ဒေသများတွင် နားခိုရာနေရာများကို ဖန်တီးပေးထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အေသင်မြို့အနီး တောမီးလောင်မှုကြောင့် နေအိမ်များရွှေ့ပြောင်းရပြီး လူ ၂၀ သေဆုံး

**အေသင် ဇူလိုင် ၂၄**

အေသင်မြို့ အနောက်ဘက် ၅၀ ကီလိုမီတာအကွာ ဂရိနီယာတောင်တွင် တနင်္လာနေ့က တောမီးအကြီးအကျယ်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ကီနီတာမြို့မှ ဒေသခံများကို နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ၎င်းတို့၏ နေအိမ်များမှာ မီးခိုးများနှင့် ဖုံးလွှမ်းနေကြောင်း၊ တောမီးကြောင့် ဒေသခံ ၂၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဂရိအမျိုးသားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။



မီးငြိမ်းသတ်ရာတွင် မီးသတ်ကားအစီး ၃၀၊ မီးသတ်သမား ၇၀ ထက်မနည်း ပါဝင်ခဲ့ပြီး ရေတင်ဆောင်လာသော ရဟတ်ယာဉ်နှစ်စင်းလည်း မီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့ကြောင်း ဒေသမီးသတ်တပ်ဖွဲ့က ပြောသည်။ တောမီးငြိမ်းသတ်ရန် အပြင်းအထန် ကြိုးပမ်းခဲ့သော်လည်း ပြင်းထန်သည့်လေပြင်းများ တိုက်ခတ်နေသည့်အတွက် မီးလောင်မှုကို မငြိမ်းသတ်နိုင်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် နောက်ထပ် ငါးကီလိုမီတာ တိုး၍ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးစတင်လောင်ကျွမ်းမှုမှာ ထင်းရှူးပင်တောအတွင်း မွန်းလွဲပိုင်းမှစတင်ကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ယူဆရပြီး ဒေသခံအာဏာပိုင်များကမူ အပူလှိုင်းဒဏ်ကြောင့် လောင်ကျွမ်းရခြင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ဂရိနိုင်ငံတွင် ပြင်းထန်သည့် အပူချိန်ကြောင့် တောမီးလောင်ကျွမ်းမှု မကြာခဏဖြစ်ပွားလေ့ရှိသည်။ အဆိုပါ တောမီးကြောင့် ကလေးငယ်များ အပါအဝင် လူပေါင်း ၁၀၀ နီးပါး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# လစ်ဗျား၌ ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်သစ် ကူညီမည်

**ထရီပိုလီ ဇူလိုင် ၂၄**

လစ်ဗျားနိုင်ငံတွင် ဒီဇင်ဘာလအတွင်း ပါလီမန်ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်သစ်မှ အကူအညီများ ပေးသွားမည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Jean-Yves Le Drian က တနင်္လာနေ့တွင် ပြောသည်။ တူနီးရှားနိုင်ငံမှအပြန် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ လစ်ဗျားနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဆာရာလာနှင့် ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လစ်ဗျားခေါင်းဆောင်များသည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပြုလုပ်သော အစည်းအဝေး၌ သမ္မတရွေးကောက်ပွဲကို ကျင်းပမည်ဟု ကတိပြုခဲ့ကြသည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံမှ လစ်ဗျားနိုင်ငံကို ထိုလမ်းကြောင်းအတိုင်း လျှောက်နိုင်ရန် အကူအညီ ပေးသွားမည်ဖြစ်သည်။ ထို့အပြင် လစ်ဗျားရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲအတွက် ပြင်ဆင်စရာများ ပြင်ဆင်နိုင်ရန် ကုလသမဂ္ဂမှ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ တစ်သန်းခန့် လက်ခံရရှိမည်ဖြစ်သည်။

လစ်ဗျားနိုင်ငံတွင် နိုင်ငံရေးပါတီများ ကွဲပြားလျက် အချင်းချင်း စိတ်ဝမ်းကွဲလျက်ရှိရာ ပြင်သစ်နိုင်ငံသည် မေလအတွင်းက လစ်ဗျား နိုင်ငံရေးပါတီခေါင်းဆောင်များ ပြင်သစ်တွင် အစည်းအဝေးကျင်းပနိုင်ရေး ကူညီပေးခဲ့သည်။ ထိုအချိန်တွင် ပါတီများသည် ယုံကြည်စိတ်ချရသော သမ္မတနှင့် ပါလီမန်ရွေးကောက်ပွဲကို ကျင်းပမည်ဟု ကတိပြုခဲ့ကြသည်။ ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ဒီဇင်ဘာ ၁၀ ရက်ဟု သတ်မှတ်ခဲ့ကြသည်။ ကွဲပြားနေသောပါတီများ အကြား နိုင်ငံရေးအရ အဖြေရှာနိုင်ရေး ပြင်သစ်နိုင်ငံမှ ဆက်လက်ကူညီပေးသွားမည်ဟုလည်း သတင်းစာရှင်းလင်းပွဲတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ ၂၀၁၅ ခုနှစ်က ကုလသမဂ္ဂမှ ကမကထပြုလုပ်၍ လစ်ဗျားပါတီများကြား ညီညွတ်ရေးရရှိရန် ကြိုးစားခဲ့သော်လည်း လစ်ဗျားနိုင်ငံတွင် အစိုးရမှာ အရှေ့နှင့် အနောက်ဟု အစိုးရနှစ်ခု ကွဲပြားလျက်ရှိသည်။ **ဆင်ဟွာ**




# အကျဉ်းသားတစ်ဦးကို နှိပ်စက်မှုများပြုလုပ်ခဲ့သည့် ရုရှားအကျဉ်းထောင်ရုပ်သံဖိုင် ပေါက်ကြား

**မော်စကို ဇူလိုင် ၂၄**

အရာရှိများက ထောင်သားတစ်ဦးအား ရက်စက်စွာနှိပ်စက်သည့် ရုပ်သံဖိုင်အင်ဒီပန်းဒန့်သတင်းစာသို့ ပေါက်ကြားခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး အကျဉ်းထောင်ဝန်ထမ်းခြောက်ဦးကို ထိန်းသိမ်းထားကြောင်း ရုရှား စုံစမ်းစစ်ဆေးသူများက ပြောခဲ့သည်။

အကျဉ်းထောင်အရာရှိဝန်ထမ်းများသည် ဤကိစ္စကို တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကိုကျော်လွန်ပြီး အကျဉ်းသားတစ်ဦးအား ရက်စက်စွာ အကြမ်းဖက်ပြုမူခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောသည်။

လူ့အခွင့်အရေးလှုပ်ရှားသူများက ရုရှားအကျဉ်းထောင်များအတွင်း ယခုလို လူမဆန်သည့်လုပ်ရပ်များ၊ အရှက်တကွဲ အကျိုးနည်းလုပ်ရပ်များ၊ ရိုက်နှက်ခြင်းများ ကိစ္စများကို ပုံမှန်အစီရင်ခံစာရေးသားသော်လည်း ယခုကဲ့သို့ ရုပ်သံဖိုင်ပေါက်ကြားသည့်ကိစ္စမှာ ရှားရှားပါးပါးဖြစ်ရပ်တစ်ခုဖြစ်ကြောင်း သိရသည်။

နိုဗာရာ ဂါဇီတာသတင်းစာတွင် ထုတ်လွှင့်ခဲ့သော ၁၀ မိနစ်စာ ရုပ်သံဖိုင်တွင် ယူနီဖောင်းဝတ်ထားသော လူ ၁၈ ဦးခန့်က စားပွဲခုံတွင် ချုပ်ထားသည့် အကျဉ်းသားကို နှိပ်စက်ခဲ့ကြကြောင်း၊ နှိပ်စက်ခံအကျဉ်းသားမှာ ညည်းညူအော်ဟစ်ပြီး အသနားခံတောင်းပန်ခဲ့ကြောင်း၊ သို့သော်လည်း ယူနီဖောင်းဝတ်ထားသူများက ၎င်း၏ ခေါင်းပေါ်သို့ ရေများဖြင့်လည်း လောင်းချခဲ့ကြကြောင်း တွေ့မြင်ကြရသည်။

အကျဉ်းသားမှာ ယဗ်ဂျန်နေမာကရော့ဗ်ဖြစ်ပြီး ၎င်းသည် ပွန်းပဲ့ဒဏ်ရာများ၊ ခြေထောက်များတွင်လည်း ဖူးရောင်ကာ ပြတ်ရှဒဏ်ရာများ ရရှိခဲ့ကြောင်း ၎င်း၏ ရှေ့နေက သတင်းစာများကို ကိုးကားကာ အစီရင်ခံစာတွင် ရေးသားဖော်ပြခဲ့သည်။

မာကရော့ဗ်က နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ၎င်းကိုယ်တိုင် အကြိမ်ပေါင်းများစွာ သတိလစ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း ပြောခဲ့သည်။ ၂၀၁၇ ခုနှစ် ဇွန်လက ရိုက်ကူးခဲ့သော ရုပ်သံဖိုင်ဖြစ်သော်လည်း ပြစ်မှုဆိုင်ရာ အရေးယူမှုများမှာမူ အဆိုပါ ရုပ်သံဖိုင် ပေါက်ကြားမှုဖြစ်ပြီးမှ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းနှင့်ဆက်စပ်သူများကို အသေးစိတ်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေပြီး တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားရန် လုပ်ဆောင်နေကြောင်း စုံစမ်းစစ်ဆေးသူများက ပြောသည်။

**အေအက်ဖ်ပီ**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းကြိုးပမ်းကြရန် ရုရှားနှင့် အိန္ဒိယတို့ တောင်းဆို

**မော်စကို ဇူလိုင် ၂၄**

အကြမ်းဖက်မှုနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ရုရှားနှင့် အိန္ဒိယတို့မှ တောင်းဆိုလိုက်ကြောင်း တနင်္လာနေ့တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ရုရှား-အိန္ဒိယ အကြမ်းဖက်မှုနှိမ်နင်းရေး ပူးပေါင်းအဖွဲ့၏ (၁၀) ကြိမ်မြောက် အစည်းအဝေးတွင် ယင်းသို့ မေတ္တာရပ်ခံချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးသို့ နှစ်နိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြပြီး သက်ဆိုင်ရာအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်းလည်း သိရသည်။ အကြမ်းဖက်မှုနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း ယင်းပူးပေါင်းစစ်ဆင်ရေးအဖွဲ့ အစည်းအဝေးတွင် အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် အဓိကဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ အကြမ်းဖက်မှု တန်ပြန်တုံ့ပြန်ရေးအတွက် အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းဆောင်ရွက်ရေးကို အလေးပေးဆွေးနွေးခဲ့ပြီး အကြမ်းဖက်မှုကာကွယ်ရေး လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းအလုပ်သဘောအစည်းအဝေးကို မော်စကိုနှင့် နယူးဒေလီတို့တွင် တစ်လှည့်စီကျင်းပကြကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ထိုင်းနိုင်ငံ ဆင်ခြေဖုံးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်းနီးပါး စံချိန်တင်ဖမ်းမိ

**ဗန်ကောက် ဇူလိုင် ၂၄**

ဗန်ကောက်မြောက်ပိုင်း ဆင်ခြေဖုံးတစ်ခုတွင် မက်သာဖက်တမင်းဆေးပြား ၁၀ သန်းနီးပါးကို တစ်ကြိမ်တည်း စံချိန်တင် ဖမ်းမိခဲ့ကြောင်း ဒုတိယရဲချုပ်က မကြာသေးမီတွင် ပြောကြားလိုက်သည်။

မူးယစ်နှိမ်နင်းရေးဗျူရိုမှ ရဲတပ်ဖွဲ့ဝင်များက ဗန်ကောက်မြောက်ပိုင်း ၄၀ ကီလိုမီတာအကွာရှိ ပါသမ်သာနီပြည်နယ် ခလောင်လွှန်ဒေသရှိ အဆောက်အအုံတစ်ခုကို ဝင်ရောက်စီးနင်းခဲ့ရာ ဝှက်ထားသော စိတ်ကြွဆေးပြား ၉၈၅၉၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း ဒုတိယရဲချုပ် ချာလန်ကီယက် ဆရီဗိုရက်ခန်က ပြောသည်။

ထို့အပြင် ရဲတပ်ဖွဲ့သည် မက်သာဖက်တမင်းအခဲ ၅၀ ဂရမ်ကို စိတ်ကြွဆေးပြား ၁၀ သန်းနီးပါးနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သံသယရှိ တရားမဝင်မူးယစ်ဆေး မှောင်ခိုသမားနှစ်ဦးမှာ ချီရာဝက်ချက်နကန်နှင့် ဝသန်ယုကန်ချိုင်တို့ဖြစ်ပြီး ဖမ်းမိခါနီး လက်မတင်လေး လွတ်မြောက်သွားခဲ့သည်။ ရဲရဟတ်ယာဉ်များနှင့် ရဲအနံ့ခံခွေးများသည် သံသယရှိ တရားမဝင် မူးယစ်မှောင်ခိုသမားများကို ရှာဖွေရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။

**ဆင်ဟွာ**

### ပါကစ္စတန်၌ ရွေးကောက်ပွဲနီးလာ၍ အာဖဂန်နယ်စပ်ကို ပိတ်ထား

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၄**

ပါကစ္စတန်နိုင်ငံ၌ ဇူလိုင် ၂၅ ရက်တွင် ရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်ရာ နိုင်ငံအတွင်း လုံခြုံရေးအတွက် အင်္ဂါနေ့ကစ၍ အာဖဂန်နှင့် နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်ဂိတ်နှစ်နေရာကို ပိတ်ထားခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

အာဖဂန်နိုင်ငံ ကဘူးလ်မြို့ရှိ ပါကစ္စတန်သံရုံးမှ ဘလူချီစတန်ပြည်နယ်နှင့် ခိုင်ဘာပတ်ခ်တွန်ခဝါပြည်နယ်ရှိ နယ်စပ်ဂိတ်များကို ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ပိတ်ထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

သို့သော် ခိုင်ဘာပတ်ခ်တွန်ခဝါပြည်နယ်ရှိ တော့ခ်ဟန်နယ်စပ်ဂိတ်ကိုမူ ဆက်လက် ဖွင့်ပေးထားမည်ဖြစ်ကြောင်း အွန်လိုင်းပေါ်တွင် ကြေညာခဲ့သည်။

ပတ်ရှ်ဝါရှိ အာဖဂန်ကောင်စစ်ဝန်ကလည်း ပါကစ္စတန်နိုင်ငံတွင်းရှိ အာဖဂန်လူမျိုးများကို ရွေးကောက်ပွဲကာလအတွင်း မလိုအပ်ဘဲ လှုပ်ရှားမှုများ မပြုကြရန် သတိပေးချက် ထုတ်ပြန်ထားသည်။ ပါကစ္စတန်တွင် အာဖဂန်ဒုက္ခသည် ၂ ဒသမ ၄ သန်းကို လက်ခံထားရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ရန့်တစ်ရှိုက် ဘဝင်အခိုက်မှာ ငြိမ်းချမ်းမှုတွေ ယူဆောင်လာပါ အို ... နန်ဂါဟာ

**တင်လင်းအောင်**

**အာဖဂန်နစ္စတန်အရှေ့ပိုင်း နှင်းဆီခင်းထဲမှာ ဝမ်းသာမှုအပြည့်နဲ့ ကျေနပ်ပီတိဖြစ်ကာ ရပ်နေသူကတော့ အသက် ၅၀ အရွယ်ရှိ မိုဟာမက်ဒင်ဆာပိုင်ပဲဖြစ်ပါတယ်။ သူဟာ နူးညံ့တဲ့ နှင်းဆီပွင့်ဖတ်လေးတွေကို ဂရုတစိုက်ခူးပြီး အဲဒီနှင်းဆီပွင့်ဖတ်လေးတွေကို နှင်းဆီအရည်နဲ့ နှင်းဆီအဆီအဖြစ် ပြောင်းလဲကာ ကမ္ဘာအနှံ့ကို တင်ပို့နေတဲ့သူလည်း ဖြစ်ပါတယ်။**



ဒီနေရာဟာ တစ်ချိန်တုန်းကတော့ ထင်ရှားတဲ့ ဘိန်းစိုက်ပျိုးရာနေရာတစ်ခုဖြစ်ပါတယ်။ အခုလည်း ဆက်လက် စိုက်ပျိုးလျက်ရှိပါတယ်။ ဘိန်းရောင်းချမှုကတစ်ဆင့် နိုင်ငံတစ်ဝန်း ပဋိပက္ခတွေ ထောင်သောင်းမကဖြစ်ဖို့ မီးလောင်ရာလေပင့်ဆိုသလို အခြေအနေတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အခုတော့ အဲဒီဘိန်းစိုက်ခင်းတွေအစား မွှေးပျံ့တဲ့ နှင်းဆီပင်တွေ နေရာယူနေပြီဖြစ်ပါတယ်။ ပဋိပက္ခမှသည် အေးငြိမ်းမှုဆီသို့၊ စစ်ပွဲမီးလျှံမှသည် ငြိမ်းချမ်းရေးဆီသို့ တာစူနေပြီဖြစ်ပါတယ်။

“နှင်းဆီစိုက်ရတာ ပျော်စရာကောင်းတယ်” လို့ ထောင်သောင်းမကပွင့်နေတဲ့ နှင်းဆီခင်းထဲမှာ ကြည်နူးမှုအပြည့်နဲ့ ရပ်နေတဲ့ ဆာပိုင်က ပြောပါတယ်။

ဆာပိုင်ဟာ ပါကစ္စတန်နယ်စပ်နဲ့ ထိစပ်နေတဲ့ နန်ဂါဟာပြည်နယ်မှာ နှင်းဆီစိုက်ပျိုးနေတဲ့ တောင်သူအယောက် ၈၀၀ ထဲကမှ တစ်ယောက်ဖြစ်ပါတယ်။ သူတို့ဟာ “နန်ဂါဟာအတွက် နှင်းဆီစိုက်ပျိုးကြ” ဆိုတဲ့ လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်နေတဲ့သူတွေလည်း ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဘိန်းအစားထိုးစိုက်ပျိုးမှုတွေ လုပ်ဆောင်ဖို့ အာဖဂန်နဲ့ ဂျာမန် ပူးပေါင်းပြီး ၂၀၀၇ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပါတယ်။ တရားဝင် နှင်းဆီစိုက်ပျိုးမှုကနေ ဘဏ္ဍာငွေတိုးပွားအောင် လုပ်ဆောင်တဲ့ စီမံချက်လည်း ဖြစ်ပါတယ်။

“သူတို့ဟာ ကျွန်တော်တို့ကို နှင်းဆီပင်တွေလည်း ပေးတယ်။ လိုအပ်တဲ့ ပစ္စည်းပစ္စယနဲ့ ပထမစိုက်ပျိုးနှစ်အတွက် အရင်းအနှီးတောင် ထုတ်ပေးတယ်” လို့ဆာပိုင်က ရှင်းပြပါတယ်။ “အခုတော့ ကျွန်တော့်မှာ နှင်းဆီပင်ပေါင်း ၆၀၀ လောက်ရှိနေပြီး နှင်းဆီပွင့်ဖတ် ၁၂၀၀ ကီလိုလောက် ရရှိတယ်” လို့ သူက ပြောပါတယ်။

အာဖဂန်နစ္စတန်မှာ ဘိန်းစိုက်ပျိုးခြင်းဟာ ကြီးမားတဲ့ စီးပွားရေးဖြစ်ပါတယ်။ နန်ဂါဟာပြည်နယ်ဟာလည်း အာဖဂန်နစ္စတန်ရဲ့ ခြောက်ခုမြောက် အကြီးဆုံး ဘိန်းစိုက်ပျိုးထုတ်လုပ်ရာ ပြည်နယ်တစ်ခုဖြစ်ခဲ့ပါတယ်။ ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်းဟာ လွန်ခဲ့တဲ့နှစ်က စံချိန်တင်မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။ စုစုပေါင်း ၈၇ ရာခိုင်နှုန်း၊ တန်ပေါင်း ၉၀၀၀ လောက် မြင့်တက်ခဲ့တယ်လို့ တရားဝင်စာရင်းဇယားတွေမှာ ဖော်ပြခဲ့ပါတယ်။

သို့သော်လည်း ဆာပိုင်က သူ့အနေနဲ့ နှင်းဆီစိုက်ပျိုးရတာ ပျော်စရာကောင်းတယ်လို့ ပြောပါတယ်။ အခုတော့ သူဟာ သူ့မိသားစုကို လောက်ငအောင် ထောက်ပံ့မှုတွေ လုပ်ဆောင်နိုင်ခဲ့ပါပြီ။ နှင်းဆီစိုက်ပျိုးတဲ့ ရာသီဟာ မေလမှာ ကုန်ဆုံးသွားပြီဆိုရင်တော့ သူဟာ အဲဒီနေရာမှာ တခြား ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးပါတယ်။

**ဘိန်းစိုက်ပျိုးတာထက်ပိုကောင်း**

အရုဏ်ဦးထဲကစကာ နေ့ခင်းပိုင်းလောက်အထိ နေချစ်ချစ်တောက် မပူသေးခင် ဆာပိုင်နဲ့ သူ့ရဲ့ အလုပ်သမားတွေဟာ နှင်းဆီပွင့်ဖတ်လေးတွေကို ခူးနိုင်သမျှ ခူးကာ အိတ်ကြီးတစ်လုံးထဲကို ထည့်ကြပါတယ်။ နန်ဂါဟာပြည်နယ်ဟာ အိုင်အက်စ် အကြမ်းဖက်သမားတွေ ကြီးစိုးတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အိုင်အက်စ် အကြမ်းဖက်သမားတွေဟာ အာဖဂန်နစ္စတန်ကို ၂၀၁၄ ခုနှစ် အကုန်လောက်မှာ ရောက်လာပြီး နန်ဂါဟာကို သူတို့ရဲ့ ခြေကုပ်ယူရာနေရာအဖြစ် ပုံစံပြောင်းခဲ့ကြပါတယ်။

အိုင်အက်စ်အကြမ်းဖက်သမားတွေ ကြီးစိုးသကဲ့သို့ တာလီဘန်တို့ကလည်း မအေးချမ်းပါဘူး။ ထို့အတူ သူတို့ဟာ နှင်းဆီစိုက်ခင်းသို့ သွားရာလမ်းတစ်လျှောက်မှာလည်း ဗုံးတွေ ထောင်ထားတတ်တာကြောင့် ဒါဟာလည်း ခြိမ်းခြောက်မှုတစ်ခုလို ဖြစ်ခဲ့ပါတယ်။

နန်ဂါဟာအနီး ရွာတစ်ရွာဖြစ်တဲ့ အိုမာကာလာရွာမှာ နှင်းဆီစိုက်တောင်သူလည်းဖြစ်၊ ဆရာလည်းဖြစ်သူ ရှာ့ဟ်ဇာမန်က ဘိန်းစိုက်ပျိုးမယ့်အစား နှင်းဆီစိုက်ပျိုးရတာကို အထူးမွေ့လျော်တဲ့ သူပဲဖြစ်ပါတယ်။ ဒီမှာရှိတဲ့သူတွေကတော့ ဘိန်းကို အတော်လည်း စိုက်ပျိုးကြတယ်။ ဒါဟာ အစ္စလာမ်ဥပဒေအရ တားမြစ်ထားတယ်လို့ သူက ပြောပါတယ်။ သူ့အနေနဲ့ ယခုနှစ်မှာ နှင်းဆီပွင့်ချပ် တစ်တန်လောက်ရရှိဖို့ အားခဲထားပါတယ်။

“ဘိန်းစိုက်ပျိုးတာထက်စာရင် နှင်းဆီစိုက်ပျိုးရတာ ပိုကောင်းပါတယ်။ နှင်းဆီစိုက်ပျိုးခြင်းက ဝင်ငွေတိုးပါတယ်။ သူတို့ဟာ အကြမ်းခံပြီး အလုပ်လည်း သိပ်မရှုပ်ပါဘူး” လို့ သူက ပြောပါတယ်။ သူ့ရဲ့အဆိုကို ဒါရာ-အက်-နောဒေသရှိ အာဖဂန်နှင်းဆီကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက သဘောတူထောက်ခံခဲ့ပါတယ်။ အဲဒီကုမ္ပဏီဟာ အာဖဂန်-ဂျာမန် ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါ်ပေါက်လာတဲ့ ကုမ္ပဏီပဲဖြစ်ပါတယ်။ နှင်းဆီဟာ ရေလောင်းစရာလည်း သိပ်မလိုသလို မြေဩဇာနဲ့ ဂရုစိုက်မှုလည်း သိပ်မလိုကြောင်း၊ ဘိန်းသီးနှံပင်နဲ့ မတူကြောင်း သူက ပြောပါတယ်။

ဘိန်းပင်ထက်စာရင် နှင်းဆီပင်ဟာ နှစ်ပေါင်း ၃၀ လောက်ကနေပြီး နှစ်ပေါင်း ၅၀ လောက်အထိ ခံနိုင်ကြောင်း၊ ဘိန်းပင်ဆိုရင် နှစ်စဉ်ပြန်လည်စိုက်ပျိုးရကြောင်း၊ ထို့အပြင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးမယ့် တောင်သူတွေနဲ့ အကျိုးအမြတ်ရှိတဲ့ စာချုပ်တွေကိုလည်း ချုပ်ဆိုမှုတွေ လုပ်ထားတယ်လို့ သူက ဆက်ပြောပါတယ်။

တောင်သူတွေဟာ ဒမတ်နှင်းဆီမျိုးကိုလည်း စိုက်ပျိုးကြကြောင်း၊ အဲဒီနှင်းဆီမျိုးတွေကို ဘူလ်ဂေးရီးယားမှ ဂျာမန်တို့က ယူလာကြောင်း၊ ပွင့်ချပ်တွေ ပေါင်းခံတာကို ပြည်နယ်မြို့တော် ဂျာလာလာဘတ်မှာ ပြုလုပ်ကြောင်း၊ ပွင့်ချပ်ခြောက်တန်လောက်ဆိုရင် နှင်းဆီအဆီတစ်လီတာလောက်ရကြောင်း၊ နှင်းဆီဟာ ခူးလိုက်တာနဲ့ တစ်ပြိုင်နက်တည်း နာရီအနည်းငယ်အတွင်း ညှိုးကျသွားပြီး ရနံ့ဆုံးရှုံးတတ်ကြောင်း၊ ထို့ကြောင့် လူအများကြီးနဲ့ တစ်ပြိုင်နက်တည်းခူးပြီး ခပ်မြန်မြန်ပေါင်းခံဖို့ ဆောင်ရွက်ကြရကြောင်းကိုလည်း ကုမ္ပဏီပိုင်ရှင် မော့မန့်ဒ်က ဆိုပါတယ်။

**ရေမွှေးပဲဖန်တီး စစ်ပွဲမဖန်တီး**

“နန်ဂါဟာအတွက် နှင်းဆီစိုက်ပျိုးကြ” ဆိုတဲ့ လုပ်ငန်းစီမံကိန်း မစတင်မီ အချိန်လေးမှာ အမေရိကန်က လေ့ကျင့်ပေးထားတဲ့ အာဖဂန်လုပ်ငန်းရှင် အက်ဒူလာအော်ဇာလာက နှင်းဆီပင်တွေကို စိုက်ပျိုးပြီး ပြန်ဖြန့်ပေးပါတယ်။ အမေရိကန်နိုင်ငံမှာ သွားရောက်လေ့လာခဲ့တဲ့ အင်ဂျင်နီယာတစ်ယောက်လည်းဖြစ်သူ အော်ဇာလာက ကဘူးလ်မှာ ဖက်ရှင်စတိုးဆိုင်တစ်ဆိုင်ဖွင့်ပြီး နှင်းဆီအရည်နဲ့ ရေမွှေးတွေကို အလယ်အလတ်တန်းစား အာဖဂန်ပြည်သူတွေနဲ့ နိုင်ငံခြားသားတွေကို ပြန်လည်ရောင်းချပါတယ်။ သူ့မှာ နှင်းဆီကေပေါင်း ၂၅၀ (ဟက်တာပေါင်း ၁၀၀) တောင် ရှိပါတယ်။ သို့သော်လည်း အခြေအနေပေးရင် နောက်နှစ်တွေမှာလည်း သုံးဆလောက်အထိ တိုးမြှင့်စိုက်ပျိုးသွားမယ်လို့ ဆိုပါတယ်။ ကုမ္ပဏီပိုင်ရှင် မော့မန့်ဒ်ကဲ့သို့ပဲ အော်ဇာလာက အကြမ်းဖက်မှုတွေရဲ့ ခြိမ်းခြောက်မှုတွေကို ဘယ်တော့မှ တုန်လှုပ်နေမယ့်သူ မဟုတ်ပါ။

၂၀၁၆ ခုနှစ်မှာ သူ့အတွက် အလုပ်လုပ်ပေးနေတဲ့ တောင်သူ ၅၀ လောက်ဟာ အက်ချင်းဒေသကို အိုက်အက်စ် အစွန်းရောက် အကြမ်းဖက်သမားတွေ ခြေကုပ်ယူပြီးနောက်ပိုင်း အဲဒီဒေသမှာရှိတဲ့ စိုက်ခင်းတွေကို လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ တာလီဘန်နဲ့ ညှိနှိုင်းလို့ရတယ်။ သို့သော်လည်း အာရဘစ်ဘာသာစကားနဲ့ ဒဲ့ရှ်လို့ခေါ်တဲ့ အိုင်အက်စ် အစွန်းရောက် အကြမ်းဖက်သမားတွေနဲ့တော့ သွားမစနဲ့လို့ သူက ပြောပါတယ်။

နှစ်နှစ်လောက်ကြာပြီးတဲ့နောက်မှာတော့ သူ့ရဲ့ တောင်သူတွေဟာ မြောက်ပိုင်းကို ရွှေ့ပြောင်းသွားကြပြီးနောက် အာဖဂန်နှင်းဆီကုမ္ပဏီလည်း အက်ချင်းဒေသမှာရှိတဲ့ ပေါင်းခံစက်ရုံကို ပိတ်သိမ်းကာ ဂျာလာလာဘတ်ကို ပြန်လည်ပြောင်းရွှေ့သွားခဲ့ပါတယ်။

အာဖဂန်ကနေထွက်တဲ့ နှင်းဆီအဆီကို ယခုအခါမှာတော့ ဂျာမန် အော်ဂဲနစ် အလှကုန်တံဆိပ်ဖြစ်တဲ့ Dr. Hauschka အပါအဝင် ဥရောပကုမ္ပဏီအတော်များများကို ဖြန့်ဖြူးနေပြီဖြစ်ပါတယ်။

“ဂျာမန် အော်ဂဲနစ်အလှကုန်တံဆိပ်ဖြစ်တဲ့ Dr. Hauschka ဆိုရင် သာမန်လူတန်းစားတွေ မသုံးနိုင်တဲ့ တံဆိပ်ဖြစ်တယ်လို့ သိရပါတယ်။ သူတို့တွေဟာ ကျွန်တော်တို့ ဖြန့်ဖြူးလိုက်တဲ့ တန်ဖိုးကြီးတဲ့ ခရင်မ်ကို ထုတ်လုပ်ကြတယ်” လို့ မော့မန့်ဒ်က ဆိုပါတယ်။

အော်ဇာလာကလည်း သူ့ရဲ့ နှင်းဆီအဆီတွေကို ကနေဒါကုမ္ပဏီဖြစ်တဲ့ The 7 Virtues ကို တင်ပို့ပါတယ်။ အဲဒီကုမ္ပဏီဟာ ရေမွှေးပဲဖန်တီး၊ စစ်ပွဲမဖန်တီးဆိုတဲ့ ကြွေးကြော်သံနဲ့အတူ ဟေတီ၊ အရှေ့အလယ်ပိုင်းနဲ့ ရဝမ်ဒါက နှင်းဆီအဆီတွေကို စုဆောင်းရယူလေ့ရှိကြောင်း သိရပါတယ်။

နန်ဂါဟာပြည်နယ်မှာရှိတဲ့ နှင်းဆီစိုက်တောင်သူတွေကို ဒီ့ထက်ပိုကောင်းတဲ့ အခွင့်အလမ်းတွေသာ ဖန်တီးပေးနိုင်မယ်ဆိုပါက အာဖဂန် နန်ဂါဟာပြည်နယ်ဟာ ဘိန်းစိုက်ပျိုးမှု ချုပ်ငြိမ်းသွားပြီး ဘိန်းနဲ့ဆက်စပ်တဲ့ လူမှုဒုက္ခ၊ စစ်ပွဲအနိဋ္ဌာရုံတွေ ကင်းဝေးသွားကာ ငြိမ်းချမ်းမှုတွေ ယူဆောင်လာတော့မယ်လို့ မျှော်လင့်ရင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **“အာဖဂန်ကနေထွက်တဲ့ နှင်းဆီအဆီကို ယခုအခါမှာတော့ ဂျာမန် အော်ဂဲနစ် အလှကုန်တံဆိပ်ဖြစ်တဲ့ Dr. Hauschka အပါအဝင် ဥရောပကုမ္ပဏီအတော်များများကို ဖြန့်ဖြူးနေပြီဖြစ်”**




## မြန်မာနိုင်ငံတောင်တက်ခရီးသွားမှတ်တမ်းနှင့် နည်းနိသယစာအုပ်ကို ဒုတိယအကြိမ်ထုတ်ဝေ




မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်၏ ဖခင်ကြီးဗိုလ်မှူးကြီးစည်သူလှအောင်ရေးသားပြုစု၍ ၁၉၈၄ ခုနှစ်က ဖြန့်ချိခဲ့သော မြန်မာနိုင်ငံ တောင်တက် ခရီးသွားမှတ်တမ်းနှင့် နည်းနိသယစာအုပ်ကို ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်သည်။

အရှေ့တောင်အာရှ ဒေသတွင် တောင်တက်ခရီး သွားနိုင်လောက်အောင်၊ မြင့်မား၍ ဆီးနှင်းဖုံးလွှမ်းသော တောင်များသည် မြန်မာနိုင်ငံ၌သာရှိကြသဖြင့် စာအုပ်တွင် တောင်တက်ဝါသနာရှင်များ ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ တောင်တက်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် တောင်တက်ပညာစာတမ်းကို လည်းကောင်း၊ တောင်တက်ရာ၌ ကြိုးအသုံးပြုနည်း စာတမ်းကိုလည်းကောင်း ရေးသားပြုစုထားသည်။

စာအုပ်ကို စိုးမိုးလွင်မိသားစုစာပေကတစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၅၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ကျောင်းတက်ဆဲကျောင်းသားကျောင်းသူများကို တန်ဖိုးငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အမှတ် ၂၃၆ မြေညီထပ် ၃၅ လမ်း(အထက်ဘလောက်) တွင် ကျောင်းသားမှတ်ပုံတင်ကတ်ပြ၍ ဝယ်ယူနိုင်သည်။

## မင်းမှုထမ်းလေး မောင်ရွှေတိုး စာအုပ်ထုတ်ဝေဖြန့်ချိ

သတိုးလွင်(ပထဝီဝင်)၏ မင်းမှုထမ်းလေး မောင်ရွှေတိုး စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

စာအုပ်တွင် အခန်း (၇)ခန်းပါဝင်ကာ စာရေးသူ၏ ဘဝအတွေ့အကြုံများကို စီကုံး ခြယ်သထားပြီး နန်းတော်မြေသို့ ပထမဆုံး ခြေချမိခြင်း၊ နန်းတော်ဆီသို့ လာရာလမ်း၊ ဝန်ထမ်းအစဘဝကာလ ပထမဆုံး မင်းမှုထမ်းသည့်နေ့၊ လက်ဖျားအေးခဲ့ရသည့် အစည်းအဝေးခန်းမကြီး၊ တာဝန်မှူးလေး မောင်ရွှေတိုး၊ ရုတ်ခြည်းပြောင်းလဲသွားသော နိုင်ငံရေးမိုးလေဝသ၊ သမိုင်းတစ်ကွေ့ပြောင်းသောနေ့၊ နန်းတော်ပေါ်မှ လမ်းပေါ်သို့ ရောက်ခဲ့ရပြီစသည့်အကြောင်းအရာများ ပါဝင်သည်။




စာအုပ်ကို မြန်မာ့ခြေရာစာပေက တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

## နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ (၂၈)နှစ်တာခရီးစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးဆရာမြင့်စိုး(နတလ)ရေးသားသည့် စာအုပ်တွင် ယခင်ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ် (၂၀)ခရီးစာအုပ်မှ နတလသမိုင်းကြောင်းဆိုင်ရာ အချို့အချက်အလက်များကို ပြန်လည်ထုတ်နုတ်ဖော်ပြထားပါသည်။ အထူးသဖြင့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အစပြုဖြစ်ပေါ်လာပုံ၊ နတလလုပ်ငန်းကော်မတီရုံးအတွက် နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ဝန်ထမ်း ၆၄ ဦး ခေါ်ယူတွဲဖက်၍ လုပ်ငန်းစတင်ဆောင်ရွက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ယနေ့ရင်ဆိုင်ကြုံတွေ့နေရသော တရားမဝင်ဝင်ရောက်မှုများနှင့် အိမ်နီးချင်းနိုင်ငံ၏ လူဦးရေပေါက်ကွဲမှု အန္တရာယ်တို့ကို ကြိုတင်ကာကွယ်နိုင်ရန် နိုင်ငံတော်အစိုးရက ၁၉၉၁-၁၉၉၂ ခုနှစ်များတွင် စုစည်းကျေးရွာများ တည်ဆောက်ပေးမှုအခြေအနေ၊ နတလစံပြကျေးရွာများ တည်ဆောက်ပေးမှုအခြေအနေ၊ ၁၉၉၉ ခုနှစ်အထိ ပြောင်းရွှေ့နေရာချထားပေးခဲ့သော ရခိုင်အိမ်ထောင်ပြောင်းလုပ်ငန်းများနှင့် ထောက်ပံ့ပေးသော ပစ္စည်းများ၊ နယ်စပ် / စည်ပင်ဝန်ကြီးဌာနမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ပြောင်းလဲလာချိန်အထိ တိုင်းရင်းသားလှုပ်ရှားရေးအဖွဲ့များ ဖိတ်ကြားခေါ်ယူမှုအခြေအနေ အစရှိသည်တို့အပါအဝင် ၁၉၈၉ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စုစည်းဖော်ပြထားပါသည်။




စာအုပ်ကို Digest Media Bank စာအုပ်တိုက်မှ ထုတ်ဝေသည်။

**မြန်မာ့အလင်း**

## မြန်မာ့ရေးရာသုတေသနများကို လူမှုရေးသိပ္ပံဘာသာရပ်များရှုထောင့်မှ လေ့လာခြင်း စာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

စဉ်ဆက်မပြတ်ပြောင်းလဲနေသော မြန်မာ့ရေးရာသုတေသနများကို လူမှုရေးသိပ္ပံဘာသာရပ်များ ရှုထောင့်မှ လေ့လာခြင်း (Forum on Kaleidoscopic Myanmar) ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်း ဆေးတက္ကသိုလ် (၁) ဝင်းအတွင်းရှိ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန တာဝန်ခံညွှန်ကြားရေးမှူး ဒေါက်တာခင်လေးစိုးက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး (ငြိမ်း) ပါမောက္ခ ထွန်းအောင်ချိန်က မြန်မာနိုင်ငံတွင် စတင်ရိုက်ကူးခဲ့သော စစ်တွင်းကာလ ဓာတ်ပုံနှင့် ဓာတ်ပုံဆရာများအကြောင်း၊ စစ်ပြီးကာလနှောင်းပိုင်း ရောက်ရှိလာသော စီးပွားဖြစ်ဓာတ်ပုံဆရာများနှင့် ၎င်းတို့ရိုက်ကူးခဲ့သော ဓာတ်ပုံများအကြောင်းကို အချက်အလက်များဖြင့် ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာလူမျိုးတစ်ယောက်၏ ဗုဒ္ဓဘာသာအပေါ် ခံယူမှုစာတမ်း၊ မနုဿဗေဒဆိုင်ရာစာတမ်း၊ မြန်မာပြည်ရှိ ပျူခေတ် ကျောက်စာများအကြောင်း စာတမ်း၊ ဒဿနိကဗေဒဆိုင်ရာစာတမ်း၊ အင်းစိန်ရှိ ကရင်တိုင်းရင်းသားများ စာတမ်း၊ သရေခေတ္တရာခေတ် ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများစာတမ်း၊ သဲပုံစေတီများအကြောင်း၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်များအကြောင်း အစရှိသော စာတမ်း ၁၄ စောင်ကို ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်များတွင် ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။




ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြတ်အောင်က "မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သုတေသနပြု လေ့လာမှုတွေကို ဘာသာရပ်ပေါင်းစုံ ပါအောင် (ဥပမာအနေနဲ့ နိုင်ငံတကာ ဆက်ဆံရေး၊ သမိုင်း၊ ရှေးဟောင်းသုတေသန၊ ပထဝီ၊ မြန်မာစာ) ရှုထောင့်အစုံကနေ လေ့လာသုံးသပ်တဲ့စာတမ်းတွေကို တစ်နေရာတည်းမှာ ဖတ်နိုင်အောင် အခုလို စာတမ်းဖတ်ပွဲ ကျင်းပဖြစ်တာပါ" ဟု ရှင်းပြသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**

## သုဝဏ္ဏဝတီမြို့အနီး ပင်လယ်ကမ်းခြေစိုက်ကွက်များ စိုးရိမ်ရန် မလို

**သုဝဏ္ဏဝတီ ဇူလိုင် ၂၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပင်လယ်နားနီးသော အောက်ကွင်းဒေသ ကျေးရွာအုပ်စုများတွင် ယခုနှစ် မိုးစပါးကို အချိန်မီစိုက်ပျိုးနိုင်ခဲ့သောကြောင့် လည်းကောင်း ၊ ယခုလအတွင်း မိုးများစွာ ရွာသွန်းခဲ့သော်လည်း စပါးခင်းများ ရေကြီးနစ်မြုပ်မှု မရှိသေးသောကြောင့် စပါးခင်းများ စိုးရိမ်စရာအခြေအနေမရှိသေးကြောင်း သိရသည်။

"ဒီဒေသမှာက နှစ်စဉ်စပါးစိုက်ပျိုးတဲ့ ရာသီတိုင်း စပါးခင်းတွေ နှစ်ကြိမ်မှ သုံးကြိမ် ရေမြုပ်တဲ့အတွက် အနိမ့်ပိုင်းနေရာတွေမှာ များသောအားဖြင့် ပျိုးကြဲစိုက်ပျိုးကြတယ်။ ဒီဘက်ဒေသမှာ အချိန်မီ စိုက်ပျိုးနိုင်ခဲ့ပြီး အခုအချိန်အထိ စပါးခင်းတွေ ရေကြီးနစ်မြုပ်မှု၊ ပျက်စီးဆုံးရှုံးမှု မရှိသေးပါဘူး" ဟု ကတိုက်လေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင် က ပြောသည်။

"စပါးကို အချိန်မီစိုက်ပြီး စပါးပင်ကြံ့ခိုင်မှု ကြီးထွားလာမှုကြောင့် တော်ရုံရေကြီးတာကို ခံနိုင်တယ်။ ဒီနှစ်က ပြည်နယ်အတွင်း တချို့ဒေသတွေ၊ လယ်တွေ ရေကြီးနစ်မြုပ်တာ ကြားရပေမယ့် ဒီနှစ် ဒီအချိန်မှာ အမြဲလိုလို ရေကြီးခဲ့တဲ့ ဒီဒေသမှာ အခုအချိန်အထိတော့ လယ်တွေမှာ ရေနစ်မြုပ်မှု မရှိသေးတဲ့အတွက် စိတ်အေးရပါတယ်။ ဒါပေမယ့် တချို့ကတော့ အရင်စိုက်ပြီး မျိုးမအောင်လို့ ပြန်စိုက်တဲ့ လယ်တွေလည်း ရှိပါတယ်။ အဲဒီလယ်တွေကတော့ ပျိုးပင်သက်တမ်းနုတဲ့အတွက် ရေကြီးရင်တော့ ပျက်စီးနိုင်ပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

ကြဲခင်းများက စိုးရိမ်စရာမရှိဘဲ ပျိုးထောင်၍ စိုက်ခင်းများမှာ မျိုးမအောင်၍လည်းကောင်း၊ အချိန်နောက်ကျ၍ စိုက်သော စိုက်ခင်းများမှာ စိုးရိမ်နေရသေးကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"ဒီနှစ် ရေမကြီးတာက ဆိပ်ကျွန်းရေထိန်းတံတားနဲ့ မရမ်းကုန်းရေထိန်းတံတားတွေမှာ ရေစီးရေလာကောင်းအောင် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးခဲ့ပြီး ရေလုပ်ငန်းလုပ်ကိုင်နေတဲ့ ကျားပိုက်ထောင်ခွင့်ကို တားမြစ်ပြီး သီတင်းကျွတ်လက စတင်လုပ်ကိုင်ခွင့်ပေးထားတဲ့အတွက် ရေကြီးမှုလျော့နည်းသွားတယ်လို့ထင်ပါတယ်"ဟု ဆိပ်ကျွန်းကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

အောက်ကွင်းကျေးရွာအုပ်စုသည် ဆိပ်ကျွန်း၊ မရမ်းကုန်း၊ ကတိုက်ကြီး၊ ကတိုက်လေး၊ နေ့ကတိုက်၊ တောကြီးသောင်ကြီးကျေးရွာအုပ်စုများ ပါဝင်ပြီး စပါးစိုက်ဧကပေါင်း ၂၄၉၀၀ ကျော်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ခွန်(ဝင်းပ)**



## ရှမ်းဂေါ်ဖီစိုက်တောင်သူများ ယခုနှစ် တွက်ခြေကိုက်

**ပင်းတယ ဇူလိုင် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်၌ ဂေါ်ဖီထုပ်စိုက်ပျိုးသည့် ပြည်သူများ ဂေါ်ဖီထုပ်ပွဲစားများမှ ကြိုတင်ပြီး ဈေးကောင်းပေး၍ အခင်းပြတ် လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ် ပွေးလှကျေးရွာအုပ်စုသည် စိုက်ပျိုးရေးအပေါ်တွင် အခြေခံ၍ စီးပွားရေးလုပ်ကိုင်သည့် ကျေးရွာအုပ်စုတစ်ခုဖြစ်သည်။ အဆိုပါကျေးရွာ၌ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ရွှေပဲ၊ ပန်းဂေါ်ဖီ စသည့်စားသုံးပင်များ အများဆုံးစိုက်ပျိုးလျက်ရှိရာ ယင်းစားသုံးသီးနှံများထဲမှ ဂေါ်ဖီထုပ်သည် ပေါ်ဦးပေါ်ဖျား၌ ယခင်နှစ်ထက် ယခုနှစ်တွင် ဈေးကောင်းရနေသည်။

"ကျွန်တော်တို့ ပင်းတယမြို့နယ် ပွေးလှကျေးရွာမှာ လက်ရှိဂေါ်ဖီထုပ် ပေါ်ဦးပေါ်ဖျားမှာ ဈေးကောင်းရနေပါတယ်။ တစ်ထုပ်ကို ငွေကျပ် ၃၀၀ မှ ၄၀၀ အထိ ရလိုက်ကြတယ်။ အခုလည်း တစ်ထုပ်ကို ငွေကျပ် ၃၀၀ ဝန်းကျင်ရနေကြတယ်။ မနှစ်က ဂေါ်ဖီထုပ်ပေါ်ချိန် တစ်ထုပ်ကို ငွေကျပ် ၅၀ မှ ၇၀ အတွင်းသာရပါတယ်" ဟု ပွေးလှကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ဂေါ်ဖီထုပ်များကို အောင်ပန်းမှပွဲစားများ၊ ပင်းတယမြို့မှ ပွဲစားများနှင့် ရန်ကုန်မြို့မှ ပွဲစားများမှာ တစ်ထုပ်ချင်း ဈေးနှုန်းဖြင့်သော်လည်းကောင်း၊ ကေအလိုက် ပုတ်ပြတ်ဈေးနှုန်းဖြင့်သော်လည်းကောင်း ကြိုတင်ဝယ်ယူမှုများရှိနေသည်။

"ကေနဲ့ စိုက်ပင်အတန်းအရေအတွက် ပေါ်မူတည်ပြီး ပုတ်ပြတ်ဝယ်တာတွေလည်း ရှိပါတယ်။ ရန်ကုန်ပွဲစားက ကြိုပြီးလာဝယ်တာဆိုရင် ကေဝက်လောက်ရှိတဲ့ စိုက်ခင်းကို ငွေကျပ် ၁၀ သိန်းပေးတယ်။ တစ်ထုပ်ချင်းဆိုရင် အနည်းဆုံးငွေကျပ် ၂၅၀ ကနေ ၃၀၀ အထိ ပေးဝယ်နေပါတယ်။ ဂေါ်ဖီထုပ်ခုတ်ရဖို့က ၁၅ ရက်ဝန်းကျင်လောက်တော့လိုပါသေးတယ်။ ဒီနှစ်ကတော့ ဈေးကောင်းရလို့ ဝမ်းသာပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## ရှားတော၌ ဝက်နားရွက်ပြာ ရောဂါမဖြစ်ရေး ကွင်းဆင်းစစ်ဆေး

**ရှားတော ဇူလိုင် ၂၄** - ကယားပြည်နယ် ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် ချေးငွေဖြင့်ဆောင်ရွက်နေသော ဝက်မွေးမြူရေးလုပ်ငန်းများတွင် ဝက်နားရွက်ပြာရောဂါ မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစန်းဝေဖြိုးနှင့် သက်ဆိုင်ရာကျေးရွာ မြစိမ်းရောင်ကော်မတီဝင်တို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဇူလိုင်လတတိယပတ်က မြောက်ပိုင်းစုစည်းကျေးရွာ၊ တောင်ပိုင်းစုစည်းကျေးရွာနှင့် ဈေးပိုင်းရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့ပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းအောင်(ပြန်/ဆက်)**

# မန္တလေးမြို့သို့ ခရီးသွားဝင်ရောက်မှု တရုတ်ခရီးသွားများ ပိုမိုရောက်ရှိ

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး အတွင်းသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံသားများ သိသာစွာ ပိုမိုဝင်ရောက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိုင်းနိုင်ငံမှ ဝင်ရောက်မှုအများဆုံးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လျက်ရှိသည့် နိုင်ငံတကာခရီးသွားများအနက် ဇန်နဝါရီလမှ ဇွန်လအထိ တရုတ်နိုင်ငံမှ ၈၉၀၉၆ ဦးဖြင့် ပထမအများဆုံးဝင်ရောက်လျက်ရှိပြီး ဒုတိယအနေဖြင့် ပြင်သစ်နိုင်ငံ၊ တတိယအနေဖြင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်လျက်ရှိကာ ဥရောပနိုင်ငံများမှ ဝင်ရောက်မှု ကျဆင်းသွားကြောင်း အဆိုပါ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

"ဒီနှစ်မှာ နည်းနည်းလေးထူးခြားတာက ဥရောပနိုင်ငံသားတွေ အဝင်နည်းသွားပြီး တရုတ်က ဝင်ရောက်မှုသိသိသာသာ တိုးလာတယ်။ ဘာကြောင့်လဲဆိုတော့ လေကြောင်းလိုင်းတစ်ခု တိုးလာတဲ့အပြင် ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပေါင်းပြီး ဂျပန်နဲ့ တောင်ကိုရီးယားကို ဗီဇာဖရီးလုပ်လိုက်လို့ပါ။ ဝင်ရောက်မှုများတဲ့ နိုင်ငံသားတွေအပေါ်မူတည်ပြီး သူတို့နဲ့ လိုက်လျောညီထွေဖြစ်တဲ့ အခြေခံအဆောက်အအုံတွေ၊ ကြိုက်နှစ်သက်တဲ့ ပုံစံတွေကို ပြောင်းလဲပေးနေတယ်" ဟု ၎င်းက ပြောသည်။



မန္တလေးကုသိုလ်တော်ဘုရားဝင်းအတွင်း လေ့လာနေသည့် တရုတ်ခရီးသွားဧည့်သည်များ။

လက်ရှိတွင် တိုင်းဒေသကြီးအတွင်းသို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၂၃၆၀၄၂ ဦး ဝင်ရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၂၃၁၀၀၂ ဦး ဝင်ရောက်ခဲ့ရာ ခြောက်လတာ ကာလအတွင်း ကာလတူနှိုင်းယှဉ်ပါက ယခုနှစ်တွင် ၅၀၄၀ နည်းပါးနေသေးသော်လည်း ခရီးသွားရာသီဖြစ်သည့် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဝင်ရောက်မှုပြန်လည်မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံတကာခရီးသွားများ အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးအတွက် Information Counter များကို တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနတွင် လည်းကောင်း၊ မန္တလေးဘူတာကြီးတွင် လည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လည်းကောင်း စုစုပေါင်း သုံးနေရာဖွင့်လှစ်ထားရှိပြီး ဆက်လက်၍လည်း မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားဧည့်သည် ငါးသိန်းဝင်ရောက်မည်ဟု ခန့်မှန်းထားပြီး ၂၀၁၇ ခုနှစ်က နိုင်ငံတကာခရီးသွားဧည့်သည် လေးသိန်းခွဲဝင်ရောက်မည်ဟု ခန့်မှန်းထားရာ ခန့်မှန်းသည်ထက် သုံးသောင်းကျော်ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တနင်္သာရီမြို့ ဓားသွေးချောင်း စိမ့်စမ်းရေပိုက်လိုင်းများ ကျိုးပဲ့ပျက်စီးမှု ပြင်ဆင်ပြီးစီး၍ ရေပြန်လည်ပေးဝေ

**တနင်္သာရီ ဇူလိုင် ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ထားရှိသည့် စိမ့်စမ်းရေရရှိရေး အကျိုးပြုလုပ်ငန်းကို မြို့ပေါ်ရှိ နေအိမ်များ၊ ဆေးရုံဆေးခန်းများနှင့် ဝန်ထမ်းအဆောင်များ၌ နေထိုင်ကြသူများအား ရေကိုလွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဓားသွေးချောင်းရေတံခွန်မှ ရေပိုက်လိုင်းများသွယ်တန်း၍ ရေဖြန့်ဝေပေးလျက်ရှိခဲ့ရာတွင် ဇူလိုင် ၁၈ ရက်က မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေပိုက်များကျိုးပဲ့ပျက်စီးသွားပြီး ရေဖြန့်ဝေပေးမှုကို ယာယီရပ်ဆိုင်းထားရကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာ မြို့ပြ(၂)၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၂ ရက် ညနေပိုင်းက ကျိုးပဲ့ပျက်စီးနေသည့်ရေပိုက်အား ပြန်လည်ပြုပြင်တပ်ဆင်မှုများဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

တနင်္သာရီမြို့အတွင်းရှိ လူနေအိမ်များ၊ ဆေးရုံဆေးခန်းများနှင့် ဝန်ထမ်းအဆောင်များသို့ ဇူလိုင် ၂၃ ရက်မှ စ၍ ဓားသွေးချောင်းရေတံခွန်မှ စိမ့်စမ်းရေရရှိရေးအတွက်သွယ်တန်းထားသည့် ရေပိုက်လိုင်းမှရေများကို ပြန်လည်၍စတင်ကာ ရေဖြန့်ဝေပေးခြင်း အကျိုးပြုလုပ်ငန်းကို ဆောင်ရွက်နေကြောင်း မြို့နယ် အမှုဆောင်အရာရှိထံမှ သိရသည်။

**စန်းထူး (မြိတ်ကိုယ်ပွား)**



# အလိုတော်ပြည့်စေတီကြီး ပြုပြင်ရန် ညှိနှိုင်း

**စလင်း ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် ရွှေပြည်အေးဘုရားကြီး ဝင်းအတွင်းရှိ အလိုတော်ပြည့် စေတီတော်ကြီးသည် ရာသီဥတုနှင့်မိုးဒဏ်ကြောင့် စေတီတော်ကြီး၏ အရပ်လေးမျက်နှာမှ အက်ကွဲကြောင်းကြီးများ ပေါ်ထွက်လာသဖြင့် အချိန်မီပြုပြင်ထိန်းသိမ်းနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ ရက်က ရွှေပြည်အေးဘုရားအာရုံခံတန်ဆောင်း၌ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က ဘုရားကြီးမှာ အက်ကြောင်းကြီးများ ပေါ်ထွက်နေ၍ ဆက်လက်အခြေအနေမဆိုးရန် အမြန်ထိန်းသိမ်းပြုပြင်ရန် လိုအပ်ကြောင်းနှင့် ဂေါပကအဖွဲ့ ရှိရင်းစွဲဘုရားပိုင်ရန်ပုံငွေမှ လောလောဆယ် စိုက်ထုတ်သုံးစွဲပြီး ဂေါပကအဖွဲ့က ဦးဆောင်အလှူခံငွေရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ဘုရားကြီးပြုပြင်ရေးကို ဇူလိုင် ၂၅ ရက်မှ စတင်၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် အလှူခံ ရရှိရေးအတွက် ရပ်ဝေးရပ်နီးမှ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# နောင်ချိုမြို့နယ်၌ ရေကန်တူးဖော်

**သီပေါ ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း ဆောင်ရွက်သည့် ရွှေမုဋ္ဌောကျေးရွာအုပ်စု ရေဖြူကျေးရွာတွင် မြေသားရေကန်တူးဖော်ကြောင်း သိရသည်။

အဆိုပါ ရေဖြူကျေးရွာ မြေသားရေကန်သည် အလျားပေ ၁၀၀၊ အနံပေ ၁၀၀နှင့် အမြင့်ခြောက်ပေနှင့် ခြံစည်းရိုးကာရံခြင်းအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေကျပ် ၇ ဒသမ ၆၁၉ သန်းဖြင့် မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သဖြင့် ကျေးရွာ၏ အိမ်ခြေ ၉၄ အိမ်၊ ဒေသခံ ၅၀၁ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည် ဖြစ်သည်။

**စိုင်း(သီပေါ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၅/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၇၀/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၅ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၂ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၆ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၀ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၀ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ ・ ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၆၈၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၃၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၀ ・ ၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・ ၅၃၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm



## အာဆီယံမျက်နှာသစ်သရုပ်ဆောင်စာရင်းတွင် မော်ဒယ်လ်ဝေရက်မိုး ဆန်ခါတင်စာရင်းဝင်ထား

ထိုင်းနိုင်ငံအခြေစိုက် ရုပ်ရှင်လုပ်ငန်းတစ်ခုဖြစ်သည့် GMM Grammy က မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ တက်သစ်စသရုပ်ဆောင်များ၊ အလားအလာရှိသူများအား ရွေးချယ်ကာ နိုင်ငံတကာအဆင့်မီ ရုပ်သံဇာတ်လမ်းတွဲတစ်ခုအတွင်း ခေါ်ယူအသုံးပြုရန် စီစဉ်လျက်ရှိရာ ယင်းအစီအစဉ်တွင် မြန်မာနိုင်ငံမှ မော်ဒယ်လ် ဝေရက်မိုးလည်း ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့ခြင်းကြောင့် သွားရောက်ရိုက်ကူးခွင့်ရရှိရန် ကြိုးစားနေကြောင်းသိရသည်။

အဆိုပါရုပ်သံသည် ထိုင်းနိုင်ငံတွင် လက်ရှိနာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်များကို မွေးထုတ်ပေးနေသည့် လုပ်ငန်းဖြစ်ပြီး မြန်မာ၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့မှ လူငယ်များ၏ သရုပ်ဆောင်စွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပြီး ခေါ်ယူကာ နိုင်ငံတကာအဆင့်မီရုပ်သံဇာတ်လမ်းတွဲတစ်ခု ရိုက်ကူးမည်ဖြစ်သည်။ လူတွေ့စစ်ဆေးခေါ်ယူမှုအစီအစဉ်ကို ယခုလ ၁၅ ရက်နေ့က ရန်ကုန်မြို့ Pan Pacific Hotel တွင် ပြုလုပ်ခဲ့သည်။

"ဆန်ခါတင်အဆင့်မှာ ရွေးချယ်ခံရပါတယ်။ လက်ရှိက ပဏာမ လူတွေ့စစ်ဆေးတာပါ။ ဘယ်လို ဇာတ်လမ်း၊ ဘယ်လိုသရုပ်ဆောင်ရမလဲဆိုတာ မသိရသေးပါဘူး။ မြန်မာနိုင်ငံကနေ ကျွန်တော်အပါအဝင် လူငါးဦးကို ရွေးချယ်ထားပါတယ်။ အဲဒီထဲကမှ သုံးဦးပြန်ရွေးမယ်လို့ သိရပါတယ်။ ရွေးချယ်ထားတဲ့သူတွေကို ထိုင်းနိုင်ငံကိုခေါ်ယူပြီး သရုပ်ဆောင်ပညာရပ်နဲ့ပတ်သက်လို့ သင်ကြားပေးမယ်လို့ သိရပါတယ်။ ဩဂုတ်လအတွင်းမှာ သွားရမယ်လို့လည်း သိထားပါတယ်"ဟု ဝေရက်မိုးက ပြောသည်။

မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်သရုပ်ဆောင်ရန်အတွက် လျှောက်ထားသူ ၇၀ကျော်က လာရောက်ရွေးချယ်ခံခဲ့ကြပြီး ငါးဦးကို ဆန်ခါတင်အဖြစ် ရွေးချယ်ထားခြင်းဖြစ်သည်။ "တကယ်လို့များ ကျွန်တော့်ကို ရွေးချယ်ခဲ့မယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့။ အကောင်းဆုံးကြိုးစားပါမယ်"ဟု ဝေရက်မိုးက ပြောကြားသည်။

**ကိုလင်း**

## မြန်မာကိုယ်စားပြုအလှမယ်အဖြစ် အမျိုးသမီးငယ်များ လျှောက်ထားနိုင်ပြီ

နိုင်ငံတကာအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အလှမယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် Miss Tourism Queen of the Year International Myanmar ပြိုင်ပွဲကို မကြာမီကျင်းပသွားရန်ရှိပြီး အသက် ၁၇ နှစ်မှ ၂၇ နှစ်အကြား မြန်မာအမျိုးသမီးများ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

အဆိုပါပြိုင်ပွဲအတွက် Studio တွင် ရိုက်ကူးရေးပြုလုပ်ကာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု အလှမယ် ၁၅ ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါအလှမယ်များသည် မိမိကိုယ်စားပြုသည့် မြန်မာနိုင်ငံအကြောင်းကို တစ်မိနစ်ခန့် မိတ်ဆက်ပြောကြားရမည်ဖြစ်ပြီး Talent Show အတွက် မိမိကြိုက်နှစ်သက်ရာ တင်ဆက်မှုကို နှစ်မိနစ်စာခန့်တင်ပြနိုင်ရမည်ဖြစ်သည်။ မြန်မာဝတ်စုံဖြင့် မိတ်ဆက်ပေးရမည်ဖြစ်ကာ ခရီးသွားခြင်းနှင့်ပတ်သက်သည့် မေးခွန်းများကို အကဲဖြတ်ဒိုင်များက မေးမြန်းသွားမည်ဟု သိရှိရသည်။ ညနေခင်းဝတ်စုံကိုမူ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းဝတ်စုံဖြင့် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးမှုများ ပြုလုပ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမှတ်များကို ပြိုင်ပွဲခေါင်းစဉ်အလိုက် မဲပေးသည့်စနစ်ဖြင့် ၂၀ ရာခိုင်နှုန်း၊ အကဲဖြတ်ဒိုင်များ အမှတ်ပေးမှု ၂၀ ရာခိုင်နှုန်းနှင့် ပြိုင်ပွဲဝင်အချင်းချင်းပေးအပ်သည့် ၂၀ ရာခိုင်နှုန်း၊ ရိုက်ကူးရေးအဖွဲ့များပေးအပ်သည့် ၂၀ ရာခိုင်နှုန်း၊ စပွန်ဆာများမှပေးအပ်သည့် ၂၀ ရာခိုင်နှုန်း ရမှတ်များဖြင့် ရွေးချယ်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Style Plus H မှ မလှနုထွန်းက တာဝန်ယူထားသည်။

စိတ်ပါဝင်စားသူများသည် ဖုန်းနံပါတ်-၀၉-၇၈၀၈၀၇၀၅၆ နှင့် ၀၉၄၂၁၀၇၄၁၅၆ တို့ကို ဆက်သွယ်နိုင်ပြီး အကဲဖြတ်ဒိုင်များအဖြစ် Mrs Universe Myanmar 2016 လှနုထွန်း၊ Miss Tourism Queen of the Year Int'l Myanmar 2015 မိုးရသော်၊ Mrs Tourism World 2017 winner ဒေါက်တာနီလာကျော့ကို၊ Miss Tourism Queen of the Year Int'l Myanmar 2016 ခင်အင်ကြင်းကျော်၊ Miss Cosmopolitan World 2017 Best in Evening Grown ဆုရှင် ဒီဇိုင်နာ ဇာနီဝင်းနှင့် အခြားပညာရှင်များက အကဲဖြတ်ပေးကြမည်ဖြစ်ကြောင်းသိရသည်။

**မေဦးမိုး**



## ဒုတိယအကြိမ်မြောက် Prestige Wedding ရှိုးပွဲ နာမည်ကျော်ဒီဇိုင်းဆရာများ ပါဝင်ပြသမည်

ဒုတိယအကြိမ်မြောက် Prestige Wedding Show Case 2019 ပွဲကို ဇူလိုင် ၂၈ နှင့် ၂၉ ရက် နံနက် ၁၀ နာရီ မှ ည ၉နာရီခွဲအထိ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါကျွတ်ကာလမှာ မင်္ဂလာဆောင်မယ့် သတို့သား၊ သတို့သမီးတွေအနေနဲ့ One Stop Wedding Service ကို သိရှိနိုင်အောင်လို့ပါ။ ခန့်မှန်းကုန်ကျစရိတ်တွေကိုလည်း တွက်ချက်ပေးမှာဖြစ်တယ်။ ကိုယ့်မင်္ဂလာဆောင်အတွက် မင်္ဂလာဆွမ်းကျွေးနဲ့ လက်မှတ်ရေးထိုးဖို့ ဝတ်စုံပိုင်းနဲ့ပတ်သက်ပြီးတော့ သိရှိနိုင်အောင်လို့ပါ။ မင်္ဂလာဆောင်ပွဲမှာ ကိုယ့်လိုအပ်တဲ့အပိုင်းတွေကိုလည်း ရွေးချယ်ခွင့်ရအောင် လေ့လာခွင့်ရရှိမှာဖြစ်ပါတယ်"ဟု ၎င်းတာဝန်ရှိသူ မသန္တာဆွေက ပြောသည်။

အဆိုပါ One Stop Wedding Service Collection ရှိုးပွဲတွင် မိတ်ကပ်ပညာရှင် မေဦးမောင်(တော်ဝင်သူ)က ပြင်ဆင်ခြယ်သပေးပြီး Forever Gem by ရွှေနန်းတော်မှ လက်ဝတ်ရတနာများကို ဆင်မြန်းပေးမည်ဖြစ်သည်။ ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီတွင် ဒီဇိုင်နာ ဌေးဌေးတင်၊ ဒီဇိုင်နာ ဖြူလေး၊ ဒီဇိုင်နာ ဝင့်ယုံ (Unique)၊ ထူးထူး (ထိပ်ထားဖက်ရှင်) တို့က မြန်မာဝတ်စုံ၊ ဂါဝန်၊ ပွဲတက်ဝတ်စုံများပြသမည်ဖြစ်ပြီး ဇူလိုင် ၂၉ရက် ညနေ ၅ နာရီတွင် ဒီဇိုင်နာ ပြည်စိုးအောင်၊ မပုံ့ (My Favourite)၊ ဒီဇိုင်နာ ဌေးဌေးတင်(Shimi Zu)၊ စန္ဒီလင်းနိုင် (Touched By Heart)၊ ယုဝါအောင် (Radiance Fashion Collection) တို့က ထိုင်မသိမ်းနှင့် ဂါဝန်များကို အလှည့်ကျပြသသွားမည်ဖြစ်ကာ မင်္ဂလာပွဲနှင့် ဆက်စပ်ပစ္စည်းဆိုင် ၁၈ ဆိုင်က ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ အထူးလက်ဆောင်များပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**






## တစ်ကျော့ပြန်အိုးရှင်း ပြန်လည်ကြည့်ရှုရတော့မည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ၁၉၉၅ ခုနှစ်က နေ့စဉ်ပြသခဲ့ပြီး ပြည်သူများကြိုက်နှစ်သက်အားပေးမှုရရှိခဲ့သည့် ဂျပန်နိုင်ငံ၏ နာမည်ကျော် ရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် အိုးရှင်းကို ရုပ်ပုံအရည်အသွေးမြင့်မားစွာဖြင့် MNTV ရုပ်သံလိုင်းမှ တစ်ဖန်ပြန်လည်ပြသတော့မည်ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ အိုးရှင်းဇာတ်လမ်းတွဲကို ဂျပန်နိုင်ငံတွင် ၁၉၈၃ ခုနှစ်မှစတင်၍ တစ်နှစ်ကျော်ခန့် ထုတ်လွှင့်ပြသခဲ့ရပြီး နိုင်ငံပေါင်း ၇၀ ကျော်တွင်လည်း ပြသခဲ့သည်။ ဇာတ်လမ်းတွင် ၂၉၇ ပိုင်းပါဝင်ပြီး ယင်းဇာတ်လမ်းတွင် ကလေးဘဝကို သရုပ်ဆောင်ခဲ့သူ မင်းသမီး Ayako Kobayashi လည်း မြန်မာနိုင်ငံကို ရောက်ရှိနေစဉ်အတွင်း ယင်းဇာတ်ကားကြီးနှင့် သူ၏အနုပညာပုံရိပ်အချို့နှင့် မြန်မာနိုင်ငံပရိသတ်အပေါ်ထားရှိသည့် သဘောထားအချို့ကို မေးမြန်းခွင့်ရခဲ့သည်။

**အိုးရှင်းဇာတ်ကားနှင့် အနုပညာဖန်တီးမှု**

အိုးရှင်းဇာတ်ကားအပြင် တခြားဇာတ်ကားတွေကိုလည်း ရိုက်ကူးခဲ့ပါတယ်။ အိုးရှင်းဇာတ်ကားကိုရေးတဲ့ ဇာတ်ညွှန်းရေးဆရာက ကိုယ့်ရဲ့လက်ဦးဆရာဖြစ်တဲ့အတွက်ကြောင့် သူ့ရဲ့ဇာတ်ညွှန်းနဲ့ နောက်ထပ်ဇာတ်လမ်းတွဲတွေကို သရုပ်ဆောင်ပါတယ်။ အခုအချိန်ထိလည်း ဇာတ်ကားတွေ၊ ရုပ်သံဇာတ်လမ်းတွေကို ရိုက်ကူးလျက်ရှိပါတယ်။ အနုပညာနဲ့ပတ်သတ်တဲ့အလုပ်တွေ တော်တော်များများလုပ်ပါတယ်။

အခုမြန်မာပြည်မှာလည်း ဇာတ်လမ်းတွဲတွေအများကြီး ထုတ်လွှင့်ပြသနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် အိုးရှင်းအနေနဲ့ကတော့ ဂျပန်ဟန်နဲ့ပေါ့၊ ရိုက်ကွင်းရိုက်ကွက်တွေ ဒီဇာတ်ညွှန်းမှာရှိတဲ့ ဆရာရဲ့လက်ရာတွေကတော့ ကိုယ်ပိုင်ဟန်ရှိပြီးသားဖြစ်တဲ့အတွက် အောင်မြင်မှုရရှိလိမ့်မယ်လို့ ကျွန်မယုံကြည်မှုရှိပါတယ်။

**ဇာတ်ကား၏ နောက်ကွယ်**

ရိုက်ကူးတုန်းကတော့ အခက်အခဲတွေ ရှိခဲ့ပါတယ်။ ဂျပန်မြို့ပေါ်မှာမဟုတ်ဘဲ နယ်မြို့လေးတွေမှာ သွားရောက်ရိုက်ကူးခဲ့ရတဲ့အတွက်ကြောင့်ပါ။ ဒါပေမယ့် အားလုံးကတော့ ဒီမေတ္တာဖွဲ့ဇာတ်လမ်းကို အကောင်းဆုံးဖြစ်အောင်၊ ပြီးမြောက်အောင်လုပ်ဆောင်ကြမယ်ဆိုပြီးတော့ လုပ်ခဲ့ကြပါတယ်။ ငယ်ဘဝမှာသရုပ်ဆောင်ခဲ့ရတယ်ဆိုပေမယ့် ရည်မှန်းချက်ကိုရောက်အောင်သွားမယ်ဆိုတဲ့ စိတ်နဲ့ရိုက်ကူးခဲ့ရတယ်။ အေးခဲနေတဲ့ ဆောင်းရာသီမှာ ရေအေးကိုကိုင်ခဲ့ရတဲ့အတွက် လက်တွေထုံကျင်ပြီးတော့ တောင့်တင်းနေလို့ မိတ်ကပ်ဆရာတွေက အပူပေးတဲ့စက်နဲ့တောင် မှုတ်ပေးခဲ့ရပါတယ်။

**ကွာခြားမှု**

ဘယ်လိုတွေကွာခြားသွားလဲဆိုတာကတော့ ပြောလို့မရပါဘူး။ကလေးဘဝတုန်းက ဇာတ်လမ်းထဲမှာ သရုပ်ဆောင်ခဲ့တဲ့ အနေအထားနဲ့ အခုအသက်အရွယ်အနေအထားနဲ့က အများကြီးကွာသွားတာဖြစ်တဲ့အတွက်ကြောင့် အခုအင်တာဗျူးတွေကြည့်ပြီးတော့ ဒီမင်းသမီးက အိုးရှင်းကားထဲမှာ ငယ်ဘဝကိုသရုပ်ဆောင်ထားတဲ့ မင်းသမီးပါလားဆိုပြီးတော့ လက်ခံပြီး ကြည့်ပေးမယ်လို့ ထင်ပါတယ်။

**မြန်မာပရိသတ်အပေါ်သဘောထား**

မြန်မာကိုတော့ ကလေးဘဝကတည်းကသိခဲ့တာပါ။ အာရှအရှေ့တောင်ပိုင်းမှာရှိတယ်။ ဒါပေမယ့် ဘယ်လိုနိုင်ငံလဲဆိုတာကတော့ အခုမှ ရောက်ဖူးတာပါ။ မြန်မာပြည်ကို အခုမှစရောက်ဖူးတာဖြစ်ပေမယ့် မိုးရာသီလည်းဖြစ်နေတော့ သွားလာလှုပ်ရှားမှုတွေကို ကြည့်ရင်းနဲ့ မြန်မာပြည်မှာ သဘာဝပတ်ဝန်းကျင်စိမ်းစိမ်းစိုစိုနဲ့ ရှိနေတာကိုတွေ့ရတဲ့အပြင် မိုးရေထဲမှာ လူတွေရဲ့လှုပ်ရှားနေတဲ့ပုံရိပ်လေးတွေက တက်ကြွစွာသွားနေတာကို တွေ့ရတယ်။ မြန်မာပြည်က နွေးထွေးတာကိုလည်း သတိထားလိုက်မိတယ်။ ပြီးတော့ သိပ်ကိုလှပတဲ့ဒေသ ပုဂံကို အချိန်ရရင်တော့ သွားချင်ပါတယ်။ ကျိုက်ထီးရိုးကိုလည်း သွားချင်ပါတယ်။

**မြန်မာပရိသတ်တွေအတွက်**

လွန်ခဲ့တဲ့ ၃၅နှစ်ကျော်က ရိုက်ကူးခဲ့တဲ့ ဇာတ်ကားက နောက်ထပ်တစ်ကြိမ် မြန်မာပြည်မှာ ပြန်လည်ပြသမှာဖြစ်တဲ့အတွက် အင်မတန်တော့ပျော်ရွှင်မိပါတယ်။နောက်တစ်ခုက အိုးရှင်းဇာတ်ကားကိုကြည့်ပြီးတော့ မေတ္တာတရားနဲ့အတူ အခက်အခဲတွေကို ကျော်ဖြတ်နိုင်တဲ့ စိတ်ခွန်အားတွေကို မြန်မာပြည်က ပရိသတ်တွေဘဝမှာ ရှေ့ဆက်လျှောက်ဖို့ ခွန်အားတွေ ရရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### ကျန်းမာရေးပြန်လည်ကောင်းမွန်လာလို့ ဇာတ်ကားပြန်ရိုက်နိုင်ပြီဖြစ်တဲ့ ဂျော့ချ်ကလူးနေးလ်

ဟောလိဝုဒ်စူပါစတား ဂျော့ချ်ကလူးနေးလ်ဟာ ယာဉ်တိုက်မှုဖြစ်ပွားခဲ့တဲ့အတွက် ရိုက်လက်စ ဇာတ်ကားတွေနားကာ ဆေးရုံတက်ကုသခဲ့ရပါတယ်။ အခုအခါမှာတော့ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်လို့ ဇာတ်ကားပြန်ရိုက်နိုင်ပြီလို့ သိရပါတယ်။ ဇူလိုင်လ အစောပိုင်းက အီတလီနိုင်ငံ ဆာဒီနီးယားမှာ မာစီးဒီးကားနဲ့ ဂျော့ချ်စီးလာတဲ့ဆိုင်ကယ် ဝင်တိုက်မိတာပဲဖြစ်တယ်။ ယာဉ်တိုက်မှုဖြစ်ပွားပြီးတဲ့နောက် ဂျော့ချ်ကိုဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပါတယ်။ ကံကောင်းထောက်မစွာဘဲ ဒဏ်ရာအကြီးအကျယ်မရဘဲ အသေးစားဒဏ်ရာလေးတွေသာ ရရှိခဲ့ပါတယ်။

ဒါကြောင့်ဂျော့ချ်ဟာ ဒဏ်ရာသက်သာလို့ ဆေးရုံကဆင်းပြီး အိမ်မှာမိသားစုနဲ့အတူ အနားယူနေကြတယ်လို့ ဂျော့ချ်ရဲ့ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ The Ocean’s ၁၁ ဇာတ်ကားနဲ့ အောင်မြင်မှုတွေ တစ်ပွေ့တစ်ပိုက်ရခဲ့တဲ့ ဂျော့ချ်ဟာ အခုအခါ အီတလီနိုင်ငံမှာ ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ Catch-22 ဆိုတဲ့ ဇာတ်ကားကို ရိုက်ကူးနေတာပဲ ဖြစ်တယ်။ အဲဒီရုပ်သံဇာတ်လမ်းတွဲကို ၂၀၁၉ ခုနှစ်မှာ ထုတ်လွှင့်ပြသမယ်လို့လည်း သိရပါတယ်။ ဂျော့ချ်ရဲ့ဇနီးသည်ဖြစ်သူ အမေးလ်ကလူးနေးလ်နဲ့ သူတို့ရဲ့ တစ်နှစ်အရွယ် အမြွှာကလေးနှစ်ဦးတို့ဟာလည်း ဂျော့ချ်နဲ့အတူနေထိုင်ဖို့ အီတလီနိုင်ငံကို လိုက်လာကြပါတယ်။

ဂျော့ချ်ရဲ့မိတ်ဆွေအရင်းဖြစ်တဲ့ မင်းသားတွမ်ခရုဇ်ကတော့ ဂျော့ချ်ဆေးရုံတက်နေစဉ်အတွင်းမှာလည်း အားပေးစကားပြောကြားခဲ့ပြီး ဂျော့ချ်ကလူးနေးလ်ဟာ မော်တော်ဆိုင်ကယ်စီး ကျွမ်းကျင်သူတစ်ယောက်ပါလို့လည်း ပြောခဲ့ပါတယ်။ နောက်တစ်ခါစီးရင် ဂရုစိုက်ပြီးစီးဖို့ သတိပေးစကားလည်းတွမ်ခရုဇ်က ပြောခဲ့ပါသေးတယ်။ ဒီလိုမျိုး မတော်တဆမှုဖြစ်ပွားခဲ့ပေမယ့် ဂျော့ချ်ကိုဆိုင်ကယ်မစီးဖို့တော့ တားမြစ်လို့ရမှာ မဟုတ်ပါဘူး။

**ဟယ်လို**



### စင်ပေါ်မှာချော်လဲခဲ့တဲ့ တေလာဆွစ်

ဇူလိုင်၂၁ ရက်နဲ့ ၂၂ ရက်က နယူးဂျာစီပြည်နယ် မက်လိုက်ဖ်အားကစားရုံကြီးမှာ တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲကို ပြုလုပ်ခဲ့ပါတယ်။ ဇူလိုင်၂၂ ရက်မှာတော့ တေလာဆွစ်ဟာ မိုးရေတွေကြားထဲ သီဆိုဖျော်ဖြေရင်း စင်ပေါ်မှာ ခြေချော်လဲခဲ့ပါတယ်။ Call it what you want ဆိုတဲ့ သီချင်းကို သီဆိုနေစဉ် ခြေချော်ကာ လဲကျခဲ့တာပဲဖြစ်တယ်။ တေလာဆွစ်ရဲ့ အကအဖွဲ့ထဲက တစ်ယောက်က သူ့ကို လာထူခဲ့သလို တေလာဆွစ်ကလည်း ရယ်ရယ်မောမောနဲ့ပဲ လမ်းထလျှောက်ခဲ့ပါတယ်။ ခြေလှမ်းလုံးဝမမှားဘဲ ပြန်လျှောက်နိုင်ခဲ့တာပဲဖြစ်လို့ တကယ့်ကို ပရော်ဖက်ရှင်နယ် အဆိုတော်တစ်ဦး ပီသတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

မက်လိုက်ဖ် အားကစားရုံကြီးမှာ သီဆိုဖျော်ဖြေဖို့ ဇူလိုင် ၂၀ ရက်ကတည်း က စီစဉ်ခဲ့တာဖြစ်ပြီး အစပိုင်းမှာ ရာသီဥတုကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမိုးရွာသွန်းခဲ့တာဖြစ်ပြီး တေလာဆွစ်ကတော့ မိုးရေထဲမှာ ပရိသတ်တွေနဲ့အတူ သီဆိုခုန်ပေါက်နေခဲ့ပါတယ်။ တေလာဆွစ်ရဲ့ပွဲကို သူ့ရဲ့နာမည်ကျော် သူငယ်ချင်းတွေဖြစ်တဲ့ ဂျီဂျီဟာဒစ်၊ အယ်မာစတုန်းနဲ့ တစ်ဖနီဟတ်ဒစ်ရှ်တို့လည်း လာရောက်ကြည့်ရှု အားပေးခဲ့ကြပါတယ်။ ဇူလိုင် ၂၂ ရက်က ပရိသတ်တွေကြားမှာ သူ့ချစ်သူ ဂျိုးအော်ဝင်လည်း လာကြည့်ခဲ့တာကို တွေ့ကြရတယ်လို့ ဆိုပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၁)

# လေ့လာမှတ်သား ဝေါဟာရများ

**ဦးဟန်ညွန့် (ဥပဒေ)**



**နိဒါန်းအစ**

“ဥပဒေဗဟုသုတ နိဒါန်းအစ” ဟူသော ခေါင်းစဉ်ဖြင့်ပြီးခဲ့သည့်အပတ်က ရေးသားတင်ပြခဲ့ပါသည်။ နောက်ပိုင်းတွင် ဥပဒေဝေါဟာရများအကြောင်း၊ လေ့လာမှတ်သားစရာ ဝေါဟာရများအကြောင်းကို ဆက်လက်ရေးသားပေးပါရန် ထိုလူငယ်ရှေ့နေကပင် မေတ္တာရပ်ခံ လာပြန်ပါသည်။ ကျယ်ဝန်းသော ဝေါဟာရနယ်ပယ်ပင်ဖြစ်ပါသည်။ စာရေးသူ ကူးခပ်၊ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို မျှဝေတင်ပြပါရစေ။

**ရည်ညွှန်းစာအုပ်**

ကျောင်းသားဘဝမှစ၍ အားကိုးအားထား ရည်ညွှန်းကိုးကားခဲ့ရသော စာအုပ်တစ်အုပ်ကို ဖော်ပြပါရစေ။ ၁၉၆၃ ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့သော အင်္ဂလိပ် မြန်မာ ဝေါဟာရဘဏ်စာအုပ်ဖြစ်ပါသည်။ ပထမတွဲ၊ ဒုတိယတွဲဟူ၍ နှစ်တွဲထုတ်ဝေပါသည်။ ဘာသာရပ်အလိုက် ခွဲခြားပြုစုထားပါသည်။

**ဝေါဟာရဘဏ်နိဒါန်း**

“ ပြည်ထောင်စုမြန်မာနိုင်ငံသည် ခရစ်နှစ် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့လေသည်။ ထိုအချိန်မတိုင်မီကပင် တိုင်းသစ်ပြည်သစ် ထူထောင်ရာ၌ အုတ်တစ်ချပ်အဖြစ် ( မြန်မာစကားနှင့် စာပေကို မြေတောင်မြှောက်ပေးနိုင်ရန်အတွက်) မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(ယခုစာပေဗိမာန်)သည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့က ပေါ်ထွက်လာပေသည်။

ဘာသာပြန်စာပေအသင်းသည် မိမိခံယူထားသောအမည်ပညတ်နှင့် ညီညွတ်စေလိုသောအားဖြင့် ဘာသာပြန်ဆိုရာ၌ လည်းကောင်း၊ စာပေပြုစုရာ၌ လည်းကောင်း၊ အခက်အခဲများကို ကျော်လွှန်နိုင်ရန်အကျိုးငှာ ဘာသာရပ်များဆိုင်ရာဝေါဟာရများ ဖူလုံစေရန်လည်းကောင်း၊ ကြွယ်ဝစေရန်လည်းကောင်း၊ ၁၉၄၉ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ကပင် စတင်ဆောင်ရွက်ခဲ့ရာ ယခုဝေါဟာရဘဏ်ထုတ်ဝေသည်အထိ ဘာသာရပ် ၂၄ ကဏ္ဍဝေါဟာရပေါင်း ခြောက်သောင်းကျော် ရရှိခဲ့ပါသည်။

ဝေါဟာရဘဏ်ဟု အမည်ပေးရသည်ကို အနည်းငယ်ဖော်ပြလိုပါသည်။

> “ဥပဒေသမား၊ ဥပဒေလေ့လာသူ၊ ဥပဒေကျောင်းသား၊ ဥပဒေပညာရှင်၊ တရားသူကြီး၊ ရှေ့နေရှေ့ရပ်များသည် အမှုအခင်းမျိုးစုံတွေ့ကြုံရတတ်ပါသည်၊ အမှုလိုက်ပါခြင်း၊ ဥပဒေအကြံပေးခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေးနယ်ပယ် အသီးသီးတွင် ဘဝစုံ တွေ့ကြုံနိုင်ပေသေးသည်”

ပစ္စည်းဥစ္စာရတနာ အထွေထွေကို အလိုရှိသည့်အခါ ထုတ်ယူသုံးစွဲနိုင်ရန် အစုလိုက် အပုံလိုက် သိုမှီးထားသည့် အသွင် ဘာသာပြန်ရာ၊ စာပေပြုစုရာ၌ အလွန်အရေးပါသော ဝေါဟာရများကို တစ်နေရာတည်းမှ ထုတ်ယူသုံးစွဲနိုင်အောင် သိုမှီးထားသည့်အတွက် ဝေါဟာရဘဏ်ဟု ခေါ်တွင်ခြင်းဖြစ်ပါသည်”ဟု စာပေဗိမာန်က ၈၊၁၊၁၉၆၃ ရက်စွဲဖြင့် ဖော်ပြနိဒါန်း ရေးခဲ့သော စာအုပ်ဖြစ်ပါသည်။

**အပြီးသတ်**

ယခုတင်ပြအပ်သော ဝေါဟာရများမှာ ဘာသာပြန်စာပေအသင်းက နောက်ဆုံး အတည်ပြုထားသော ဝေါဟာရများပင်ဖြစ်လင့်ကစား အပြီးသတ်ဆုံးဖြတ်ချက်ချထားသော ဝေါဟာရများကား မဟုတ်ပါပေ။ ယာယီလက်ခံထားခြင်းမျှသာ ဖြစ်ချေသည်ဟူ၍လည်း အသိပေးရေးသားခဲ့ပါသည်။

**ဥပဒေသမား ဝေါဟာရကြွယ်**

ဥပဒေသမား၊ ဥပဒေလေ့လာသူ၊ ဥပဒေကျောင်းသား၊ ဥပဒေပညာရှင်၊ တရားသူကြီး၊ ရှေ့နေရှေ့ရပ်များသည် အမှုအခင်းမျိုးစုံ တွေ့ကြုံရတတ်ပါသည်။ အမှုလိုက်ပါခြင်း၊ ဥပဒေအကြံပေးခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေးနယ်ပယ်အသီးသီးတွင် ဘဝစုံတွေ့ကြုံနိုင်ပေသေးသည်။ ထိုအခါ ဝေါဟာရအသီးသီး၊ အဓိပ္ပာယ်အသီးသီး၊ ဖွင့်ဆိုချက်အသီးသီးများကို အင်္ဂလိပ်၊ မြန်မာဝေါဟာရများက ဖော်ပြဖွင့်ဆိုပေးကြပေသည်။ ဝေါဟာရကြွယ်လျှင် ကြွယ်သလို ဗဟုသုတနယ်ပယ် ကျယ်ဝန်းလှပေသည်။

**ပထမတွဲ**

ဝေါဟာရဘဏ် ပထမတွဲတွင်-

ရက္ခဗေဒ၊ ပါဏာဗေဒ၊ ဆေးပညာ၊ စိုက်ပျိုးရေး၊ ရူပဗေဒ၊ ဓာတုဗေဒ၊ အဆောက်အအုံနှင့် အင်ဂျင်နီယာ၊ နက္ခတ္တဗေဒ၊ အိမ်တွင်းမှုသိပ္ပံ၊ မနုဿဗေဒ၊ လူမှုရေးတို့ ပါဝင်သည်။

**ဒုတိယတွဲ**

ဒုတိယတွဲတွင် -

ဘူမိဗေဒ၊ စစ်သိပ္ပံ၊ သင်္ချာ၊ လူမှုရေးနှင့် ကြီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ ဘောဂဗေဒ၊ စိတ်ပညာနှင့် ပညာရေး၊ ပထဝီဝင်နှင့် ခရီးသွားခြင်း၊ ဘာသာစကားနှင့် အနုစာပေ၊ အတ္ထုပ္ပတ္တိနှင့် နိုင်ငံ့သမိုင်း၊ အနုပညာနှင့် ကိုယ်စိတ်ရွှင်လန်းမှု၊ သဘာဝတ္ထုနှင့် အယူဝါဒ၊ ဥပဒေ၊ နိုင်ငံရေးပညာနှင့် အုပ်ချုပ်ရေးတို့ ပါဝင်သည်။

**ဥပဒေစကားလုံး**

ဥပဒေဝေါဟာရကို ရသမျှယူဦးမှပဟုဆိုကာ-

Law- တရားဥပဒေ၊ ဥပဒေ

Before Law- တရားဥပဒေအရာတွင်

Law Reports - တရားစီရင်ထုံး

Law Report Clerk - တရားစီရင်ထုံးစာရေးကို ရေးမှတ်ယူထားပါသည်။

**J ဝေါဟာရစာလုံး**

ဥပဒေသမားတွေက ထောင်ဝေါဟာရလည်း သိသင့်သည်ဟုဆိုကာ -

Jail - အကျဉ်းထောင်၊ ထောင်

Jail Alarm - ထောင်လှန့်

Jail Form - အကျဉ်းထောင်ပုံစံ

Jail Manual - အကျဉ်းဌာနလက်စွဲ

Jail Manufactures - ထောင်တွင်းလုပ်ပစ္စည်းများ

Jail Outbreak - ထောင်ဖောက်ခြင်း

Jailer - ထောင်မှူး

Jemadar - ရုံးလုလင်အုပ်တို့ကို ကျွန်တော်ရေးမှတ်ခဲ့ပါသည်။

ဘာတွေမှတ်ဖို့ ကျန်သေးလဲ။ ဆက်ရှုပါ။

**တရားသူကြီးဝေါဟာရ**

Judge - တရားသူကြီး

High Court Judge - တရားလွှတ်တော်တရားဝန်ကြီး

Judge Advocate - စစ်ဘက်ဥပဒေအရာရှိချုပ်

Judgement - စီရင်ချက်

Judgement- Creditor - တရားနိုင်

Judgement- Debtor - တရားရှုံး

Judicial Deposit - တရားရုံးသွင်းထားငွေ

Judicial Power - တရားစီရင်မှုအာဏာ

Judicial Service - တရားဌာနဝန်ထမ်း

- စသည့် တရားရေးဆိုင်ရာ ဝေါဟာရများကိုလည်း ကောက်နုတ်မှတ်သားပါသည်။

**ခေတ်မမီ**

၁၉၆၃ ခုနှစ်က ပြုစုထားသောကြောင့် ခေတ်မမီဟု မပြောစေချင်ပါ။ ယနေ့တိုင်ခေတ်မီဆဲ၊ အတုယူနေရဆဲ ဘာသာပြန် ဝေါဟာရတွေပါ။ တိုးတက်မှုနှင့်အညီ ဆက်လက်ဆင်ခြင်မည်သာ။ လေ့လာ မှတ်သားစရာတွေကတော့ တစ်ပုံတစ်ပင်ကြီးဖြစ်သည်။ ယနေ့ လူငယ်ရှေ့နေပေါက်စတွေမှာ တိုးတက်သောခေတ်၊ ကွန်ပျူတာခေတ်၊ Facebook ခေတ် ဖြစ်နေပြီ။ ကျွန်တော်တို့ခေတ် ငယ်စဉ်ဘဝနှင့် အလွန်ကွာခြားပါသည်။ သို့သော် အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်လည် ဖြစ်နေပါသည်။

**သုခမိန်ကြီးများ**

အင်္ဂလိပ်-မြန်မာ ဝေါဟာရဘဏ် ပြုစုခဲ့ကြကုန်သော သုခမိန်ပညာရှိကြီးများ၏ အက္ခရာစဉ်ကို ပြန်လည်လေ့လာ ဂါရဝပြုမိပါသည်-

ကောက်နုတ်ရရှိသမျှ-

- ဦးကာ၊ သင်္ချာကထိက၊ ရန်ကုန်တက္ကသိုလ်
- ဒေါက်တာကျော်သက်၊ သမိုင်းဌာနမှူး၊ ရန်ကုန်တက္ကသိုလ်
- ဦးချစ်၊ နိုင်ငံတော်ဥပဒေ ဘာသာပြန်ကော်မတီ၊ တရားလွှတ်တော်
- ဦးငွေရှိန်၊ နေပြည်တော်ရဲမင်းကြီးရုံး
- ဦးစောအောင်၊ အစိုးရပုံနှိပ်တိုက်ဝန်၊ ရန်ကုန်မြို့
- ဒေါက်တာညီညီ- ကထိက၊ ဘူမိဗေဒ၊ ရန်ကုန်တက္ကသိုလ်
- ဦးတင့်ရွှေ၊ ပါဠိဘာသာဌာန၊ ရန်ကုန်တက္ကသိုလ်
- ဒေါက်တာဒေါ်ထားရွှေ- အမျိုးသမီးဆေးကုဌာန၊ အလုံ၊ ရန်ကုန်။
- ဦးဘကြည်၊ ပန်းချီကထိက၊ ဆရာအတတ်သင်၊ ကံဘဲ့မြို့
- ဦးဘိုးသုန်၊ ပညာမင်းကြီး၊ ရန်ကုန်
- ဦးရှင်၊ လက်ထောက်ရဲပိုလ်ချုပ်၊ ရန်ကုန်
- ဦးသိန်းဟန်၊ သစ်တောမင်းကြီး၊ စစ်တောင်းတိုင်း
- ဗိုလ်အေးဆောင်၊ အမျိုးသားကင်းထောက်အဖွဲ့၊ ရန်ကုန်
- ဦးအောင်လှ၊ ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ် (အမည်အားလုံးမဖော်ပြနိုင်ခြင်းအား နားလည်ခွင့်လွှတ်ပါရန်)

**အသေးအမွှားမျှသာ**

ကျွန်တော်၏ ဥပဒေဗဟုသုတ လေ့လာမှုနိဒါန်းအစကို မှတ်မိသမျှ၊ ဉာဏ်မီသမျှ တင်ပြရခြင်းပါ။ လူငယ်ရှေ့နေ ပေါက်စများအတွက်သာ ရည်ရွယ်ပါသည်။ လူကြီးများ၊ ပညာရှင်များအတွက် မရည်ရွယ်ပါ။ ဆင်းဆင်းရဲရဲ၊ ရှားရှားပါးပါး ပညာလိုလားသူတစ်ဦး၏ ဥပဒေကျောင်းသားဘဝကို ပြန်လည်တမ်းတရန်းကန်ခဲ့ရပုံများ လွမ်းဆွတ်မိခြင်းဖြစ်ပါသည်။ အသေးအမွှားမျှသာဟု ယူဆနိုင်ပါသည်။

**စေတနာ**

လေ့လာရှာဖွေမှတ်သားခြင်း၊ ဖြတ်၊ ညှပ်၊ ကပ် သုတေသနပြုခြင်းအကြောင်း တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# ဇွဲကပင်တောင်ထိပ်ဆီသို့

**မုဒိတာ(တောင်သာ)**



ကျွန်မသည် ကရင်ပြည်နယ် ဘားအံတိုင်းရင်းဆေးရုံတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကိုယ်မရောက်ဖူးသေးသော ဒေသဖြစ်သည့်အလျောက် အားလပ်ရက်များတွင် ဘားအံမြို့ကြီး၏ အထင်ကရနေရာများဖြစ်သည့် ကျောက်ကလပ်ဆံတော်ရှင်ဘုရား၊ ရွှေယဉ်မျှော်ဘုရား၊ ကော့ဂွန်းဂူ၊ ရသေ့ပုံဂူ၊ ဘုရင့်ညီဂူစသည်ဖြင့် နေရာစုံသွားရောက်ပြီး ဘုရားဖူးခြင်း၊ ဒေသန္တရဗဟုသုတများ စူးစမ်းလေ့လာခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ဇွဲကပင်တောင်ကြီးကိုဖြင့် အဝေးကသာ ငေးကြည့်နေခဲ့ရသည်။

**ဇွဲကပင်တောင် ဗုဒ္ဓပူဇနိယပွဲတော်**

တစ်ရက်တွင်မူ အဝေးကသာငေးခဲ့ရသော ထိုတောင်ကြီးဆီသို့ရောက်ရန် အကြောင်းဖန်လာသည်။ ထိုနေ့က တပေါင်းလဆန်း ၁၄ ရက်နေ့။ ဘားအံ-ထုံးအိုင်လမ်းမကြီးပေါ်တွင် လူများ၊ ကားများ၊ ဆိုင်ကယ်များ ပျားပန်းခပ်မျှ ပေါများလျက်ရှိသည်။ ကရင်ပြည်နယ်၏ကျက်သရေဆောင် ဇွဲကပင်တောင်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်သောကြောင့် တောင်ပေါ်ကိုတက်ဖို့ လှုပ်ရှားသွားလာနေကြခြင်းဖြစ်သည်။ ကျွန်မတို့လည်း သူတို့ကိုအားကျကာ ဇွဲကပင်တောင်တက်ဖို့ လူစုကြပါသည်။

ဇွဲကပင်တောင်တက်မည်ဆိုပြီး လူစုသောအခါ ခြောက်ယောက်စု၍ရပါသည်။ လူစုပြီးသောအခါ လမ်းပေါ်မှ သုံးဘီးဆိုင်ကယ်ကိုတား၍ ဇွဲကပင်တောင်ခြေဆီ သွားခဲ့ကြသည်။ တောင်ခြေရောက်ဖို့ လူတွေတိုးကြိတ်နေကြသည်မို့ တိုးရင်းဝှေ့ရင်းနှင့် သွားရသည်မှာ ပျော်စရာကောင်းလှသည်။ ဇွဲကပင်တောင်ထိပ်ဆီ မော့ကြည့်ရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်သည်။ တောင်ထိပ်ကိုမော့ကြည့်မိတိုင်း တောင်ထိပ်ပေါ်ရောက်အောင်တက်နိုင်သူများကို လေးစားအားကျမိသည်။ ဘဝခရီးလမ်းကိုလျှောက်လှမ်းရာတွင်လည်း အပေါ်ကိုမော့ကြည့်ပြီး သင်ခန်းစာယူတတ်ဖို့ လိုအပ်ပါသည်။

ဇွဲကပင်တောင်သည် ဘားအံမြို့၏ တောင်ဘက် ၇ မိုင်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၃၄ ပေမြင့်ပြီး တောင်နှင့်မြောက် မိုင် ၂၀ခန့် မျှ သွယ်တန်းရှည်လျားသည်။ ဇွဲကပင်တောင်ကို သက်သက်လွတ်နယ်မြေအဖြစ် ၁၃၅၁ ခုနှစ် တပို့တွဲလပြည့်နေ့မှစ၍ သတ်မှတ်ခဲ့သည်။ ဇွဲကပင်ဆံတော်ရှင်စေတီတော်သည် ကျိုက်ထီးရိုးစေတီ၊ ဇင်းကျိုက်စေတီ၊ မုလအိစေတီတို့၏ သမိုင်းကြောင်းနှင့် ခေတ်ပြိုင်ဖြစ်သည်။ “လုဒ္ဒယောဓရောဇာ”ကရင်မင်းသည် ဇွဲကပင်တောင်ခြေရှိ ပအာဝနနေပြည်တော်ကို စိုးစံအုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

ထိုမင်းလက်ထက်တွင် သုဓမ္မဝတီမြို့သို့ မြတ်စွာဘုရားရှင်သည် ရဟန္တာ ၅၀၀ နှင့် ကြွတော်မူပြီး ဆံတော်ရှင်ခြောက်ဆူကို စွန့်တော်မူခဲ့သည်။ ထိုဆံတော်ရှင် ခြောက်ဆူမှ တစ်ဆူကို သီဟကုမာရရသေ့က မိမိသီတင်းသုံးတော်မူသော ဗန္ဓဝဂီရိတောင်ထိပ်အစွန်းတွင် စေတီတည်၍ ဌာပနာသွင်းတော်မူပြီး စေတီတော်အား ဗန္ဓဝဂီရိဇွဲကပင်စေတီဟု ဘွဲ့တော်သမုတ်ခဲ့သည်။ အချိန်ကား မဟာသက္ကရာဇ် ၁၁၃ ခုနှစ်တွင်ဖြစ်သည်။ ကျန်ဆံတော်ရှင် ငါးဆူအား ကျိုက်ထီးရိုးတောင်စေတီတွင် သုံးဆူ၊ ဇင်းကျိုက်တောင်စေတီတွင် တစ်ဆူ၊ ကေလာသတောင်စေတီတွင် တစ်ဆူ ဌာပနာပြုပြီးပူဇော်ခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။

**ဇွဲကပင်အမည်**

ဇွဲကပင်တောင်ကို ရှေးအခါက အမည်အမျိုးမျိုးဖြင့် ခေါ်တွင်ခဲ့ကြပါသည်။ လုဒ္ဒယောဓမင်း တောကစားထွက်စဉ် လုံတော်ပျောက်ခဲ့သောကြောင့် ကရင်ဘာသာအားဖြင့် ဇွဲကပင်ဟုလည်းကောင်း၊ ရှေးအခါက နိုင်ငံရပ်ခြားမှလာသော လှေ၊ သင်္ဘောတို့ကို ထိုတောင်၏အထွတ်၌ ကပ်ချည်တွဲထားတတ်သောကြောင့် တလိုင်းကရင်များက “ဒိုကရွယ် ကဇန်း”ဟုလည်းကောင်း၊ ထိုတောင်တွင် ညောင်ချဉ်ပင်များ ပေါများသောကြောင့် မွန်လူမျိုးတို့က ညောင်ချဉ်ပင်တောင် “ဇဝယ် ကဇန်”ဟုလည်းကောင်း ခေါ်တွင်ကြသည်ဟု သိရသည်။ ဤသည်မှာ ဇွဲကပင်တောင်၏ သမိုင်းအကျဉ်းဖြစ်သည်။

**လုမ္ဗိနီဥယျာဉ်နှင့် အင်ကြင်းတစ်ထောင်ကျောင်း**

ဇွဲကပင်တောင်ခြေတွင် လုမ္ဗိနီဥယျာဉ်ရှိသည်။ ထိုဥယျာဉ်အတွင်း ဗုဒ္ဓရုပ်ပွားတော် ၁၀၀၀ ကျော်ရှိသည့် လုမ္ဗိနီအင်ကြင်းတစ်ထောင်ကျောင်းမှာလည်း ထင်ရှားသည်။ ထိုဥယျာဉ်၏ လမ်းဘေးတစ်လျှောက်တွင် အရုပ်ဆိုင်များ၊ မုန့်ဆိုင်များ၊ အိမ်သုံးပစ္စည်းရောင်းသည့်ဆိုင်များ ပေါများလှသည်။ ထိုလုမ္ဗိနီဥယျာဉ်မှ တောင်ခြေရောက်ဖို့ မနည်းတိုးဝှေ့ပြီး လမ်းလျှောက်ရသည်။ လူတွေများလွန်းလှသဖြင့် ဇွဲကပင်တောင်တက်မည်ဟူသောစကားကို စလိုက်မိတာ မှားများမှားပြီလားဟု ထင်လိုက်မိပါသည်။ ကျွန်မတို့သည် ည ၇ နာရီတွင်မှ တောင်ခြေဆီရောက်ရှိသည်။ စတက်တော့မည့်အချိန်တွင် “ငါတက်မှ တက်နိုင်ပါ့မလား”ဟူသော သံသယစိတ်ဝင်မိပါသည်။

သို့ပေမယ့် တောင်ထိပ်ကိုမရောက်ရောက်အောင်တက်မည်ဆိုပြီး အဓိဋ္ဌာန်ကို ချမှတ်လိုက်ပါသည်။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် ဖြည်းဖြည်းချင်းတက်ခဲ့သည်။ ကျွန်မ၏အလေးချိန်သည် ပေါင် ၁၅၀ နီးပါးရှိသည့်အတွက် ငါးမိနစ်လောက်တစ်ခါတက်ပြီး တစ်ခါနားနေရသည်။ အတူတက်သူများကို အားနာသဖြင့် မစောင့်ဘဲ ရှေ့ကိုဆက်တက်ခိုင်းလိုက်သည်။ “ကိုယ်မတက်နိုင်သေးသည်ကို ကိုယ့်ကိုစောင့်ပါဦး”ဆိုပြီး မည်သူ့ကိုမှ မိမိကြောင့် ဝန်မပိုစေလိုသောကြောင့်ဖြစ်သည်။

**တောင်တက်ခြင်းနှင့် ဘဝခရီး**

ထိုသို့ အနားယူနေချိန်တွင် တောင်ပေါ်မှဆင်းလာသူများက “အားမလျှော့နဲ့ ...တက်တက်”ဆိုပြီး အားပေးသူများရှိသကဲ့သို့ “အဝေးကြီးလိုသေးတယ် ...ခုမှအစရှိသေးတယ်”ဟု စိတ်ဓာတ်ကျအောင်ပြောဆိုသူများလည်း ရှိသည်။ ဘဝသည်လည်း တောင်တက်ခြင်းနှင့်တူပါသည်။ ဘဝခရီးလမ်းကို လျှောက်လှမ်းရာတွင်လည်း မိမိလျှောက်လှမ်းရာလမ်းတွင် ဖေးမကူညီသူများရှိနိုင်သကဲ့သို့ ပိတ်ဆို့တားမြစ်နေသူများလည်း ရှိနိုင်သည်။ အမှန်တကယ်အားဖြင့် ထိုသူနှစ်မျိုးလုံးသည် ကျေးဇူးတင်ထိုက်သူများဖြစ်ကြသည်။ မိမိကိုဖေးမကူညီသူများ၏ အားပေးသံများကြောင့် ခွန်အားများရရှိသည်။ ထို့အတူ “အဝေးကြီးလိုသေးတယ် ...ခုမှအစရှိသေးတယ်” ဟု ပြောသူများသည်လည်း မိမိ၏အားနည်းချက်များကို ထောက်ပြပေးရင်း ခွန်အားများခိုင်မြဲစေသူမို့ ကျေးဇူးတင်ဖို့လိုပါသည်။ ဖြောင့်တမ်းသောဘဝခရီးကိုလျှောက်လှမ်းနိုင်ဖို့ ပန်းတိုင်ကိုရောက်ဖို့အတွက် တခြားသူများ၏စကားများထက် မိမိရင်ထဲက ခိုင်မာသောယုံကြည်မှုများသည် ထုထည်ကြီးကြီးမားမားဖြင့် တည်တံ့နေဖို့သာ လိုအပ်ပါသည်။

တဖြည်းဖြည်းတက်လာရာမှ အထက်ရေတံခွန်ဆိုသော ဇွဲကပင်တောင်တက်ခရီး၏ ငါးပုံတစ်ပုံခန့်ကို ရောက်လာခဲ့သည်။ ထိုနေရာရောက်သောအခါ “ငါသည်လောက်ခရီးကို တက်နိုင်ပြီ”ဆိုသော ဝမ်းသာစိတ်ဖြင့် ပီတိဖြစ်မိသည်။ တောင်တက်ရာတွင်ထားရှိရမည့် အဖော်သုံးဦးရှိပါသည်။ ထိုအဖော်များမှာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြစ်သည်။ အဖော်သုံးဦးနှင့်အတူ မိမိရင်ထဲမှာ ခိုင်မာသောယုံကြည်မှုများ တည်တံ့နေလျှင် ဘယ်တောင်ထိပ်ကိုမဆို ရောက်ရှိနိုင်မည်ဖြစ်သည်။

ဇွဲကပင်တောင်တက်ခြင်းမှာ ဘဝတွင် ပထမဦးဆုံး တောင်တက်ခြင်းဖြစ်သည့်အတွက် အလွန်ပင်ပန်းလှသည်။ ချွေးများကလည်း တစ်ကိုယ်လုံးစိုရွှဲနေသည်။ ညအချိန်တွင်တက်သည်ဖြစ်သောကြောင့် တောင်အောက်ကိုကြည့်သောအခါ ရွေ့လျားနေသော ကားမီးရောင်များ၊ မှန်ဝါးနေသောပုံရိပ်များကို မြင်တွေ့ရသည်။ တောင်ပေါ်ကိုမော့ကြည့်လိုက်သောအခါ တစ်လောကလုံးကို အလင်းပေးနေသော ဖိုးလမင်းကြီးက “အားမလျှော့နှင့်”ဟုဆို၍ အားပေးနေသကဲ့သို့ ခံစားသက်ဝင်မိသည်။

**ကရင်တိုင်းရင်းသားတို့၏စိတ်ထား**

တောင်တက်သောသူများ ပေါများလွန်းလှသဖြင့် တစ်ယောက်နှင့်တစ်ယောက် ထိမိနေကြပါသည်။ သူစိမ်းများနှင့် ထိတွေ့ရသဖြင့် အနည်းငယ်ကြောက်စိတ်ဝင်မိသည်။ သို့သော် ကျွန်မအထင်နှင့်အမြင်သည် မှားယွင်းနေသည်ကို တွေ့ရသည်။ ရိုးသားလှသော ကရင်လူမျိုးများသည် သူစိမ်းမိန်းကလေးများအပေါ် အခွင့်အရေးယူဖို့ နေနေသာသာ ကျွန်မလဲကျမလိုဖြစ်တိုင်း ဖေးမကူညီလိုသော စိတ်နှလုံးသားများဖြင့် လက်တွဲကူညီ ခေါ်ယူပေးကြသည်။ ကရင်လူမျိုးတို့၏ ချစ်စရာကောင်းသော စိတ်ထားလေးတစ်ခုဖြစ်သည်။

တရွေ့ရွေ့တက်ရင်းဖြင့် ဇွဲကပင်တောင်ထိပ်ကို အနီးကပ်မြင်နိုင်သောနေရာကို ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်တွင် အတူတက်ခဲ့သူ အဖော်များဆီက တောင်ထိပ်ရောက်ပြီဟု ဖုန်းဝင်လာခဲ့ပါသည်။ သူတို့ကလည်း ဝသောကိုယ့်ကို အားပေးခဲ့ကြသည်။ ဖြည်းဖြည်းတက်ခဲ့ ဘုရားဖူးရင်းစောင့်မည်ဟု ဖေးမကြသည်။ ဤသို့ဖြင့် တရွေ့ရွေ့ဆက်တက်ရင်းမှ ဖိနပ်ပြတ်သွားခဲ့သည်။ ဖိနပ်တစ်ဖက်ပြတ်သွားသောကြောင့် လမ်းခရီးတွင် ထပ်မံခရီးဖင့်ခဲ့ရသည်။

ဖိနပ်တစ်ဖက်မပါဘဲ တက်ရသည့်အချိန်တွင် လွန်စွာမှ ပင်ပန်းလှသည်။ ပျော်နေသောစိတ်လည်း အနည်းငယ်ရှုပ်ထွေးသွားသည်။ ထိုအချိန်တွင် လမ်းတွင်တွေ့သူ အစ်ကိုတစ်ယောက်က “ညီမလေး ဖိနပ်ယူသွား”ဆိုပြီး သူ၏ဖိနပ်ကို ချွတ်ပေးပါသည်။ မယူပါဘူးဟုငြင်းဆို၍လည်း မရပါ။ “ညီမက တောင်ပေါ်ထိတက်ရဦးမှာ အစ်ကိုကအဆင်းပဲ ကျန်တော့တယ်လေ”ဟု သူက ဆိုသည်။ သူသည်လည်း ကရင်လူမျိုးဖြစ်ပါသည်။ ကျွန်မ၏ငြင်းဆိုချက်ကို ချေပခဲ့သော သူ၏စကားကို ဇွဲကပင်တောင်ဆိုသော အသံကြားမိတိုင်း ပြန်လည်သတိရ ကျေးဇူးတင်နေမိသည်။ မိမိအခက်အခဲကိုမေ့ကာ အခက်အခဲတွေ့နေသူတစ်ဦးအပေါ် အားပေးကူညီတတ်သောစိတ်ဓာတ်မို့ အထူးလေးစားမိသည်။ ထိုသို့ အတုယူဖွယ်စိတ်ထားကို ကိုယ်တိုင်လည်းကျင့်သုံးဖို့ လက်ဆောင်ယူခဲ့သည်။ ကျေးဇူးတင်ကြောင်းပြောပြီး တောင်ပေါ်သို့ ဆက်တက်ခဲ့သည်။

**တောင်ထိပ်ဆီသို့**

ကျွန်မ တောင်ပေါ်ကိုတက်လာသည်မှာ ငါးနာရီနီးပါးရှိပြီဖြစ်သည်။ ဝသောကျွန်မအတွက် လမ်းတွင် တောင်တက်သူအချင်းချင်း၏အကြည့်များက တက်နိုင်သားပဲဟူသော အကြည့်များ၊ အချို့က တက်နိုင်ပါ့မလားဆိုသော သံသယအကြည့်များနှင့် အကြည့်ခံခဲ့ရသည်။ တောင်ကြီးဖဝါးအောက်။ မည်သို့ မြင့်မားသောတောင်ပဲဖြစ်ပါစေ၊ လူများ၏ခြေဖဝါးအောက်တွင်သာရှိသည်ဟု ကျွန်မလက်ခံကျင့်သုံးခဲ့သည်။ မလျှော့သောဇွဲများဖြင့် ချွေးဒီးဒီးကျ၍တောင်တက်ခဲ့ရာ ည ၁၂ နာရီတွင် တောင်ထိပ်ပေါ်က ဆံတော်ရှင်စေတီဆီ ရောက်သွားခဲ့သည်။ ဘုရားပေါ် တွင် ဘုရားဝတ်ပြုနေသူများ၊ စားသောက်ဆိုင်များတွင် စားသောက်နေသူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသည်။

ကျွန်မလည်း မြတ်စွာဘုရား၏ဆံတော်ရှင်ကို ဦးထိပ်တင်ရှိခိုးကန်တော့ပြီး ကရင်ပြည်နယ်ကိုရောက်လာသော အညာသူ တိုင်းရင်းဆေးဆရာမတစ်ယောက်အနေဖြင့် လူနာများအပေါ် တာဝန်ကျေပွန်သောသူဖြစ်အောင် ကြိုးစားမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုပြီး ၃၁ ဘုံရှိ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများကို မေတ္တာပို့ဆုတောင်းပေးခဲ့သည်။

တောင်ထိပ်မှ ဘေးကိုကြည့်သောအခါ စိမ်းစိုနေသော သစ်တော၊ တောင်တန်းများကြောင့် ပင်ပန်းခဲ့သမျှ အမောပြေခဲ့သည်။ လတ်ဆတ်အေးမြသော လေနုအေးများကြောင့် အကြံဉာဏ်သစ်များ၊ စိတ်ကူးသစ်များကို ရရှိခဲ့သည်။ တောင်ထိပ်ရောက်သည့်အခါ ထုံးစံအတိုင်း တောင်အောက်သို့ ငုံ့ကြည့်မိသည်။ မြူခိုးတွေဝေနေသော တောင်တန်းတွေကို မြင်ရသည့်အတွက် ဘာကိုလွမ်းရမှန်းမသိ ဖြစ်သွားပါသည်။ တောင်ထိပ်မှ တောင်အောက်ကို ငုံ့ကြည့်သကဲ့သို့ ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် အခက်အခဲများနှင့်ရင်ဆိုင်နေရသည့်အချိန်တွင်လည်း မိမိကိုယ်ကိုယ်ဖြေသာဖို့ အောက်သို့ငုံ့ကြည့်တတ်ရန် လိုအပ်လှပါသည်။

**အဆင်းခရီး**

တောင်ထိပ်ပေါ်တွင် ၃ နာရီခန့် နေပြီးသောအခါ တောင်အောက်သို့ ဆင်းခဲ့ကြသည်။ တောင်အောက်သို့ဆင်းရာတွင်လည်း ဒူးများတုန်နေသောကြောင့် ဖြည်းဖြည်းချင်း နားဆင်းရပါသည်။ အဆင်းလမ်းနှင့် အတက်လမ်းသည် တစ်လမ်းတည်းဖြစ်နေသောကြောင့် အတက်သမားများကို ဦးစားပေးတက်စေခဲ့သည်။ ကရင်လူငယ်များက သူတို့၏မိဘများကို ချီပိုးပြီး တောင်တက်နေသည်ကိုမြင်မိတော့ စိတ်ကြည်နူးမှုများများစွာဖြစ်ပေါ်ခဲ့ပါသည်။ ကရင်လူမျိုးတို့၏ လူကြီးသူမများအပေါ်ထားရှိသော ကြင်နာမှုများကို ထပ်မံတွေ့ရှိခဲ့ရသဖြင့် ပို၍ပြီးလေးစားခဲ့ရသည်။ ကျွန်မ၏အဆင်းလမ်းတွင် တွေ့ရသော အတက်သမားများကို ကျွန်မခံစားခဲ့ရသော စိတ်ဓာတ်ကျခြင်းများမဖြစ်စေရန်အတွက် “တက်တက်...ရောက်တော့မယ်” ဟုသာ ပြုံးပြ၍ အားပေးခဲ့ပါသည်။

အဆင်းလမ်းတစ်လျှောက်တွင် ဒူးတုန်နေသဖြင့် မိမိရှေ့မှတွေ့ရာလူများ၏ ပခုံးများ၊ လက်များကို ဆွဲကိုင်ပြီး ဆင်းခဲ့ရသည်။ မည်သူကမှ မကိုင်နဲ့ဟု ငြင်းဆိုခြင်းမရှိဘဲ တောင်တက်သူအချင်းချင်း ခင်မင်ရင်းနှီးသော၊ စည်းလုံးညီညွတ်သော စိတ်များဖြင့် “ရလားအစ်မရေ ...ပခုံးကို ကိုင်ထားပါ ...အားမနာနဲ့ ”စသည်ဖြင့် အားလုံးက ဖေးမခဲ့ကြသည်။ ဖြည်းဖြည်းချင်းတက်ပြီး ဖြည်းဖြည်းချင်းပြန်ဆင်းလာခဲ့ရာ နံနက် ၆ နာရီတွင် တောင်ခြေသို့ ပြန်ရောက်ခဲ့သည်။

**မိတ်ဆွေကောင်းများစွာ**

တောင်အောက်ရောက်သောအခါ တောင်ထိပ်ကို မော့ကြည့်ချင်စိတ်မရှိလောက်အောင် ပင်ပန်းခဲ့သည်။ ဇွဲကပင်တောင်ထိပ်ဆီ တက်နိုင်ခဲ့ခြင်းမှာ ကျွန်မ၏ ရောက်ကိုရောက်ရမည်ဆိုသော ယုံကြည်ချက်ခိုင်မာမှု၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့်အတူ လမ်းခရီးတစ်လျှောက်တွင် ကူညီခဲ့သူများ၏ကျေးဇူးကြောင့် ဖြစ်ပါသည်။ ဘဝခရီးတွင်လည်း ကျွန်မတောင်တက်ရာတွင် ကူညီဖေးမခဲ့သော မိတ်ဆွေများကဲ့သို့ မိတ်ဆွေကောင်းများစွာ လိုအပ်ပါသည်။ မိတ်ကောင်းဆွေကောင်းများနှင့်သွားသောခရီးသည် မည်သည့်အရာနှင့်မှ အဖိုးမဖြတ်နိုင်ပါ။

တောင်တက်ခြင်းသည် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ သဘာဝတောတောင်ရေမြေကို ခံစားနိုင်ခြင်းကြောင့် လူကိုနုပျိုလန်းဆန်းစေသည်။ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ဖေးမကူညီရင်း စည်းလုံးညီညွတ်မှုများကို ရရှိစေနိုင်သည့်အပြင် ပန်းတိုင်အထိသွားနိုင်စေဖို့ ခွန်အားသစ်တွေလည်း ရရှိနိုင်သည်။ ကျွန်မကတော့ တောင်တက်ခြင်းသည် မိမိကိုယ်ကိုယ်ရှာဖွေသောအလုပ်ဖြစ်သည်ဟု ခံယူထားသည်။ မိမိကိုယ်ကို အောင်နိုင်ခြင်း၊ မိမိ၏အတွင်းစိတ်ကိုအောင်နိုင်ခြင်းပင် ဖြစ်သည်။ စာရေးဆရာဂရေဟမ်ဂရင်းက မိမိကိုယ်ကို လွတ်မြောက်တတ်စေဖို့လိုကြောင်း ပြောဖူးသည်။ မိမိကိုယ်ကို လွတ်မြောက်ခြင်းကို တောင်တက်ခြင်းဆီမှရနိုင်သည်ဟု ယူဆမိပါသည်။

တောင်တက်ခြင်းဖြင့်ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများမှာ နှလုံးကျန်းမာစေခြင်း၊ စိတ်ဖိစီးမှုများ လျော့ကျစေခြင်း၊ ကိုယ်အလေးချိန်လျော့ကျစေခြင်း၊ ကြွက်သားများကိုသန်မာစေခြင်း၊ အရိုးပွရောဂါများမှ ကာကွယ်ခြင်း၊ သွေးပေါင်များလျော့ကျစေခြင်း၊ စိတ်ကျရောဂါမဖြစ်အောင် ကာကွယ်ပေးခြင်း စသည်တို့ဖြစ်သည်။

ကျွန်မအတွက်တော့ ဇွဲကပင်တောင်ထိပ်ဆီတက်ခဲ့ခြင်းသည် မေ့မရသော ဘဝမှတ်တိုင်တစ်ခုအဖြစ် ရှိနေမည်ဖြစ်သည်။ ကရင်လူမျိုးတို့၏ ခင်မင်မှု၊ ချစ်စရာကောင်းသော ရိုင်းပင်းကူညီမှုများ၊ ရိုးရာဓလေ့များ၊ ကရင်လူမျိုးတို့၏ လူနေမှုအဖွဲ့အစည်းပုံစံများ၊ သဘာဝတောတောင်များ၊ မတွေ့ဖူးသော ဆေးဖက်ဝင်အပင်များကို တွေ့ခဲ့ရသည့် ဇွဲကပင်တောင်တက်ခြင်းကိုဖြင့် ဘယ်တော့မှ မေ့နိုင်မည်လည်းမဟုတ်ပါ။ မိတ်ဆွေများကိုလည်း ကရင်ပြည်နယ်၏ ဇွဲကပင်တောင်ထိပ်ဆီ အလည်တစ်ခေါက်အရောက်လာဖို့ ဖိတ်ခေါ်လိုက်ပါရစေ။ ။

**“အနားယူနေချိန်တွင် တောင်ပေါ်မှဆင်းလာသူများက ‘အားမလျှော့နဲ့ ...တက်တက်’ ဆိုပြီး အားပေးသူများရှိသကဲ့သို့ ‘အဝေးကြီးလိုသေးတယ် ...ခုမှအစရှိသေးတယ်’ ဟု စိတ်ဓာတ်ကျအောင်ပြောဆိုသူများလည်းရှိသည်၊ ဘဝသည်လည်း တောင်တက်ခြင်းနှင့်တူပါသည်၊ ဘဝခရီးလမ်းကို လျှောက်လှမ်းရာတွင်လည်း မိမိလျှောက်လှမ်းရာလမ်းတွင် ဖေးမကူညီသူများရှိနိုင်သကဲ့သို့ ပိတ်ဆို့တားမြစ်နေသူများလည်း ရှိနိုင်သည်၊ အမှန်တကယ်အားဖြင့် ထိုသူနှစ်မျိုးလုံးသည် ကျေးဇူးတင်ထိုက်သူများဖြစ်ကြသည်၊ မိမိကိုဖေးမကူညီသူများ၏ အားပေးသံများကြောင့် ခွန်အားများရရှိသည်”**

## ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်း၌ ဖွံ့ဖြိုးရေးတွင်း တူးဖော်ခြင်းအတွက် လူထုတွေ့ဆုံပွဲ ကျင်းပ

**သရက်ချောင်း ဇူလိုင် ၂၄**

မလေးရှားနိုင်ငံပိုင် PETRONAS ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (Petroleum National Berhad)၏ မြန်မာနိုင်ငံကုမ္ပဏီခွဲဖြစ်သော PC Myanmar (Hong Kong) လီမိတက်က မြန်မာ့ကမ်းလွန်ပင်လယ်ပြင်အတွင်းရှိ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်း၏ ထုတ်လုပ်မှုဖွံ့ဖြိုးရေးတွင်း တူးဖော်ခြင်းအတွက် ဒုတိယအကြိမ် လူထုတွေ့ဆုံပွဲကို တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ပက်ထရိုနာစ်ကုမ္ပဏီမှ တာဝန်ရှိသူများက ရဲတံခွန်စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်း၊ PCML သည် ကပ္ပလီပင်လယ် မြန်မာ့ကမ်းလွန်ဒေသရှိ ရဲတံခွန်စီမံကိန်း၏ Operator အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သော လုပ်ငန်းများမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ ထိုင်းနိုင်ငံ PTTEP လီမိတက်၊ ဂျပန်နိုင်ငံမှ JX Nippon Oil & Gas Exploration တို့ဖြစ်ကြောင်း၊ PCMLသည် လက်ရှိ သဘာဝဓာတ်ငွေ့ ထုတ်လုပ်လျက်ရှိသော လုပ်ကွက် M12, M13 နှင့် M14 တို့တွင် စမ်းသပ်ရှာဖွေတူးဖော်ရေးတွင်းများ ထပ်မံတူးရန် စီစဉ်ထားကြောင်းနှင့် အဆိုပါ သဘာဝဓာတ်ငွေ့ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၈ အောက်တိုဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဒေသခံပြည်သူများ၏ သဘောထားစစ်တမ်းကောက်ယူမှုများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

## ရန်ကုန်-သန်လျင် အမှတ် (၁) တံတား သန်လျင်ဘက်ခြမ်းချဉ်းကပ်လမ်း ပြင်ဆင်



**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်-သန်လျင် အမှတ်(၁)တံတား၏ သန်လျင်ဘက်ခြမ်းချဉ်းကပ်လမ်းသည် ယာဉ်သွားလာမှုများခြင်းနှင့် မိုးရွာသွန်းမှုများပြားခြင်းတို့ကြောင့် လမ်း၏အချို့နေရာများတွင် လမ်းအပေါက်များဖြစ်ကာ ပျက်စီးမှုများရှိနေ၍ တာဝန်ရှိသူများက ဇူလိုင် ၂၃ ရက်မှစ၍ ပြုပြင်လျက်ရှိကြောင်းသိရသည်။

ချဉ်းကပ်လမ်းမကြီးကိုအသုံးပြုသည့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေး ဦးစားပေးလုပ်ငန်းအနေဖြင့် လမ်းပေါက်သည့်နေရာများတွင် ပြုပြင်ခြင်းနှင့် AC ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို JICA ကုမ္ပဏီက ဇူလိုင် ၂၃ ရက်နံနက်မှစ၍ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

**တွံတေးမြို့နယ် ပြသတိုက်ကျေးရွာအုပ်စု အလယ်စုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားအောင် ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျောင်းအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက်က ကျင်းပရာ တွံတေးမြို့မရဲစခန်းမှ ရဲအုပ်ရန်နိုင်ထွန်းက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကို ဟောပြောစဉ်။**

မျိုးလှိုင်(တွံတေး)



## ထီးလင်းမြို့နယ်တွင် မူးယစ်ဆေးဝါးတားဆီးရေးကိစ္စများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်တွင်မေးမြန်း

**မကွေး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား၊ သုံးစွဲနေခြင်းများအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများက မည်ကဲ့သို့ တားဆီးစီစဉ်ဆောင်ရွက်နေကြောင်းကို ထီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင်က ဇူလိုင် ၂၃ ရက်တွင်ကျင်းပသည့် မကွေးတိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေး၌ ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းခဲ့ကြောင်း သိရသည်။



တောင်ပေါ်ဒေသ၊ ယောနယ်ဟုခေါ်ဝေါ်သော ထီးလင်းမြို့သည် ယခင်က တစ်အိမ်နှင့်တစ်အိမ် ခြံစည်းရိုးမခတ်၊ အိမ်သော့မခတ်၊ ခိုးဆိုးလုယက်မှုများမရှိဘဲ နေ့ညမရွေး တစ်ဦးတစ်ယောက်တည်းသွားလာနိုင်သည့် အန္တရာယ်မရှိသော၊ ငြိမ်းချမ်းသော မြို့လေးတစ်မြို့ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင်က တင်ပြကာ ယနေ့အချိန်တွင် ထီးလင်းမြို့၌ လူဆိုး၊ လူမိုက်များပေါ်များပြီး ခိုးဝှက်၊ လုယက်မှုများဖြစ်ပွား၍ လမ်းသွားလမ်းလာများ လုံခြုံမှုမရှိတော့ကြောင်း၊ လွန်ခဲ့သော လေးငါးနှစ်ခန့်မှစ၍ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများရှိလာပြီး ကျောင်းသားလူငယ်များလည်း သုံးစွဲနေကြကာ ကျောင်းများ၌ ကျောင်းသားအချင်းချင်းရောင်းဝယ်မှုများပင် ရှိနေကြောင်း၊ ထို့အပြင် ဌာနဆိုင်ရာသို့အကြောင်းကြားသော်လည်း မူးယစ်ဆေးကိစ္စ လျော့ကျခြင်းမရှိဘဲ ပိုမိုတွင်ကျယ်စွာ ရောင်းဝယ်ဖောက်ကား သုံးစွဲမှုများရှိနေသည်ဟု သိရကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က တင်ပြခဲ့သည်။

ထို့ကြောင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းခြင်းဖြစ်သည်ဟု ကိုယ်စားလှယ်က ပြောဆိုခဲ့ပြီး မေးမြန်းချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးက မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ သတင်းစုံစမ်းဖမ်းဆီးမှုများ ဆောင်ရွက်ခြင်းနှင့် ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

ထီးလင်းမြို့နယ်၌ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးမှု တစ်မှု ၊ ၂၀၁၇ ခုနှစ်တွင် တစ်မှု စုစုပေါင်း အမှုနှစ်မှု၌ တရားခံလေးဦးအား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ထိရောက်ပြစ်ဒဏ်ကျခံရအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လူမှုရေးအဖွဲ့အစည်းများ၊ အမာခံသတင်းပေးများနှင့်ပူးပေါင်း၍ တားဆီးကာကွယ်ရေးများ လုပ်ဆောင်နေသကဲ့သို့ ရပ်ကွက်၊ ကျေးရွာစာသင်ကျောင်းများတွင်လည်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဗိုလ်မှူးကြီးမင်းဦးက ပြောသည်။

ထီးလင်းမြို့သည် ဧရိယာ ၅၁၅ စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ပေါက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်၊ တောင်ဘက်တွင် ကျောက်ထု၊ ဆောနှင့် မင်းတပ်မြို့နယ်၊ မြောက်ဘက်တွင် ဂန့်ဂေါ၊ ကလေးနှင့် ဟားခါးမြို့နယ်များ၊ အနောက်ဘက်တွင် ချင်းတောင်တန်းများကြားတည်ရှိကြောင်း၊ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၇၁ အုပ်စု၊ ကျေးရွာပေါင်း ၉၃ ရွာရှိပြီး လူဦးရေ ငါးသောင်းဝန်းကျင် နေထိုင်လျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရှိရသည်။

**ဇေယျာတု(မကွေး)**

## ထိုင်းနိုင်ငံ၌ ဟိုတယ်ဝန်ထမ်း မြန်မာအမျိုးသမီးတစ်ဦးအား ဂုဏ်ပြုချီးမြှင့်

**တာချီလိတ် ဇူလိုင် ၂၄**

ထိုင်းနိုင်ငံ ကော့စမွေဒေသသို့ အလည်အပတ်လာရောက်သည့် နယ်သာလန်နိုင်ငံသားတစ်ဦး မေ့ကျန်ခဲ့သည့် ဒေါ်လာ ၁၁၀၀၀ ကို တွေ့ရှိ၍ ပိုင်ရှင်ထံပြန်လည်အပ်နှံပေးသူ ဟိုတယ်ဝန်ထမ်း မြန်မာအမျိုးသမီးတစ်ဦးအား ဆူရတ်ဌာနီအုပ်ချုပ်ရေးမှူးက ဇူလိုင် ၂၂ ရက်တွင် ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံရှိ Ark Bar Beach Hotel မှဝန်ထမ်း မြန်မာအမျိုးသမီးသည် ဟိုတယ်လှေကားနေရာ၌ ဇူလိုင် ၁၉ ရက်က သန့်ရှင်းရေးပြုလုပ်စဉ် ထိုင်းဘတ်ငွေ ၂၈၀၀၀၀ နှင့်ညီမျှသည့် (အမေရိကန်ဒေါ်လာ ၁၁၀၀၀)ကို တွေ့ရှိခဲ့၍ ဟိုတယ်ဧည့်ကြိုကောင်တာတွင်အပ်နှံပြီး ပိုင်ရှင်ထံ ဆက်သွယ်အပ်နှံပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ပိုင်ရှင်ထံပြန်လည်မအပ်မီ လုံခြုံရေးကင်မရာမှတ်တမ်းများ ပြန်လည်စစ်ဆေးကြည့်ရာ ယင်းနေရာတွင် နယ်သာလန်နိုင်ငံမှ ဧည့်သည်တစ်ဦး၏ ပိုက်ဆံထည့်ထားသည့်သေတ္တာ ကျန်နေခဲ့သည်ကို စစ်ဆေးတွေ့ရှိရ၍ မြန်မာအမျိုးသမီးဝန်ထမ်း အပ်နှံသည့်ငွေများကို ဟိုတယ်မန်နေဂျာက အဆိုပါဧည့်သည်ထံ ပြန်လည်ပေးအပ်ခြင်းဖြစ်သည်။



ပိုင်ရှင်ဧည့်သည်က ငွေသားလျော့နည်းခြင်းမရှိကြောင်း အတည်ပြုခဲ့ပြီး အဆိုပါ ဟိုတယ်ဝန်ထမ်း မြန်မာအမျိုးသမီးအား ဂုဏ်ပြုဆုငွေ ဒေါ်လာ ၁၀၀ ပြန်လည်ချီးမြှင့်ပေးခြင်းနှင့်အတူ ဒေသ၏ပုံရိပ်ကို မြှင့်တင်ပေးသူအဖြစ် ဆူရတ်ဌာနီအုပ်ချုပ်ရေးမှူးကလည်း အဆိုပါ ဟိုတယ်ဝန်ထမ်း မြန်မာအမျိုးသမီးအား ဂုဏ်ပြုမှတ်တမ်းလွှာဖြင့် ချီးကျူးဂုဏ်ပြုခဲ့ကြောင်း သိရသည်။ **ဖြိုးလေး(တာချီလိတ်)**

## CSR ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**ဖားကန့် ဇူလိုင် ၂၄**

CSR ရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေး ရေတိုစီမံကိန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက ဆောင်ရွက်လိုသည်များကို ပြည်နယ်အစိုးရအဖွဲ့ထံ ရေးဆွဲတင်ပြရာ၌ ကော်မတီများဖွဲ့၍ မြို့နယ်အုပ်ချုပ်ရေးမှ တစ်ဆင့် အဆင့်ဆင့် စနစ်တကျတင်ပြတောင်းခံကြရန် လိုအပ်ကြောင်း ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က ပြောကြားသည်။

ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက်က ပြုလုပ်သော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ယခုနှစ်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် CSR ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာခြောက်သန်း(ကျပ်သန်း ၈၀၀၀ နီးပါးခန့်) ချထားပေးခဲ့ရာ ကျောက်မျက်တူးဖော်ထုတ်လုပ်ရာ ဖားကန့်မြို့နယ်အတွက် ကျပ်သန်းပေါင်း ၂၅၀၀ ခန့် ခွဲတမ်းရရှိကြောင်း သိရသည်။

ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် CSR ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အဆိုပါတွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားရာ ပထမတစ်ကြိမ်ဆောင်ရွက်မှုအဖြစ် ဥရုချောင်းနံဘေး ကျောက်စီတာရိုးဆောင်ရွက်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်း ရှစ်ခုအတွက် ငွေကျပ် ၉၂၅ ဒသမ ၉၆ သန်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ၂၃ ခုအတွက် ငွေကျပ် ၅၇၁ သန်း၊ ကချင်အမျိုးသားစာပေမြှင့်တင်ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၇၈ သန်း ခွင့်ပြုဆောင်ရွက်ထားရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဝက်လက် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP)ဆောင်ရွက်မည့် ကျေးရွာများသို့ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်ဦးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည့် ရှားကွဲကျေးရွာ၊ မိတ္ထီလာကျေးရွာနှင့် တောကုန်းကျေးရွာတို့မှ တာဝန်ရှိသူများထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဝက်လက်မြို့နယ်၌ ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်ဖြင့် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီမတည်ကာ ဒေသခံများ၏ ထည့်ဝင်ငွေနှင့်ပေါင်း၍ ရှားကွဲကျေးရွာနှင့် မိတ္ထီလာကျေးရွာများတွင် ကျေးရွာအဝင် ဂျင်းလမ်းခင်းခြင်း၊ တောကုန်းကျေးရွာတွင် အခြေခံပညာစာသင်ကျောင်း ကျောင်းဆောင်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘောဇသာဒီနန်းတော်ရာ တူးဖော်မှုမှ စဉ့်ထည်ပစ္စည်းများ

**မြန်စာမြေ သိန်းလွင်**

ဟံသာဝတီမြို့တော်ကြီး၏ အလယ်ဗဟိုတွင်ရှိသော ကမ္ဘောဇသာဒီနန်းတော်ကို ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးက တည်ထောင်ခဲ့ပါသည်။ ယင်းဟံသာဝတီမြို့တော်မှာ ယခု ပဲခူးမြို့နယ်အတွင်း တည်ရှိပါသည်။

ဘုရင့်နောင်မင်းတရားကြီး၏ ဟံသာဝတီမြို့တော် မပေါ်ထွက်လာခင်ကပင် ပဲခူးဒေသတွင် မွန်လူမျိုးများစွာတို့က အခြေချနေထိုင်ခဲ့ကြသည်။ ပထမဟံသာဝတီမြို့တော်ကို သထုံမင်း၏သားတော် နှစ်ပါးဖြစ်ကြသော သမလနှင့် ဝိမလမွန်မင်းသားနှစ်ပါးက ခရစ်နှစ် ၈၂၅ ခုနှစ်ခန့်တွင် တည်ထောင်ခဲ့ကြပါသည်။ ယင်းမှာ ၁၁ ရာစုတွင် ပုဂံပြည်၏ ဩဇာအောက်တွင် ကျရောက်ခဲ့ရပါသည်။

ထို့နောက် ဒုတိယဟံသာဝတီမြို့တော်ကို ပထမဟံသာဝတီမြို့တော်နေရာတွင် မွန်မင်းဗညားဦးက ၁၃၆၉ ခုနှစ်တွင် ပြန်လည်တည်ထောင်ခဲ့ပါသည်။ သူသည် မင်းနေပြည်တော်မြို့ကို မုတ္တမမြို့မှ ပဲခူးသို့ ရွှေ့ပြောင်းလာခြင်းဖြစ်သည်။ ထိုဟံသာဝတီမြို့ဟောင်း၏ ကျန်ရှိသောမြို့ရိုးနှင့် အဆောက်အအုံအချို့ကို ပဲခူးမြို့၏ အရှေ့ဘက်တွင် ယနေ့တိုင်တွေ့ရှိ နိုင်သေးပါသည်။

၁၅၃၉-ခုနှစ်တွင် တောင်ငူမင်းဆက်မှ တပင်ရွှေထီးမင်းတရားသည် ဒုတိယ ဟံသာဝတီမြို့တော်ကို သိမ်းပိုက်၍ မင်းနေပြည်တော်မြို့ကို တောင်ငူမှ ပဲခူးသို့ ပြောင်းရွှေ့ခဲ့ပါသည်။

၁၅၅၀ ပြည့်နှစ်တွင် တပင်ရွှေထီးမင်းတရား နတ်ရွာစံပြီးနောက် သူ၏ ယောက်ဖတော် ဘုရင့်နောင်မင်းတရားက ၁၅၅၁ ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့ပါသည်။ ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာတစ်နိုင်ငံလုံးကို ပြန်လည်စည်းရုံးခဲ့၍ သူ၏ဘုန်းတန်ခိုးဩဇာနှင့်ကိုက်ညီသော နန်းတော်သစ် မြို့သစ်ကို တည်ဆောက်လိုပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိမြို့ဟောင်းမှာ အိုဟောင်းကျဉ်းမြောင်းနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရင့်နောင်မင်းတရားကြီးသည် နန်းတော်သစ်တည်ရန် နေရာကို မြို့တော်ဟောင်း၏ အနောက်ဘက်ရှိ ရွှံ့နွံထူထပ်၍ ကျယ်ပြန့်သောလွင်ပြင်နေရာကို ရွေးချယ်ခဲ့ပါသည်။

ထို့ကြောင့် ၁၅၅၃ ခုနှစ်တွင် နန်းတော်အသစ်ကို တည်ဆောက်၍ ကမ္ဘောဇသာဒီ ဟု သမုတ်ကာ နန်းစံခဲ့ပါသည်။ ထို့နောက် ၁၅၆၆ ခုနှစ်တွင် ဟံသာဝတီမြို့တော်ကို မြို့ရိုး၊ ကျုံး၊ မြောင်းနှင့်တကွ တည်ဆောက်ပြီးစီးခဲ့ပါသည်။ မြို့တော်၏ မြို့ရိုးမှာ မြောက်မှ တောင်သို့ ၂၄၀၀ မီတာခန့်ရှိပြီး အရှေ့မှ အနောက်သို့ ၂၄၀၀ မီတာခန့် ရှိပါသည်။

**ရွှေသားအမိုးများနှင့် နန်းတော်**

အီတလီကုန်သည် ဆီဇာဖရက်ဒရစ် (Casesar Fredericke) နှင့် အင်္ဂလိပ်ကုန်သည် ရပ်ဖိုက် (Ralph Fitch) တို့၏ ခေတ်ပြိုင်မှတ်တမ်းများအရ ဟံသာဝတီမြို့တော်ကြီးမှာ ကျက်သရေရှိ၍ ခမ်းနားကြီးကျယ်သော မြို့တော်တစ်ခုဖြစ်သည်။ မြို့တော်သည် အလွန်ကျယ်ပြန့်သောလွင်ပြင်ရှိ ကြီးမားသော မြို့တော်ဖြစ်သည်။ နန်းတော်မှာ မြို့တော်ကြီး၏ အလယ်ဗဟိုတွင်ရှိသည်။ နန်းတော်၏ အမိုးများကို ရွှေသားအတိဖြင့် မိုးထားသည်။ နန်းတော်၏အချို့သော အစိတ်အပိုင်းများကို ရွှေပြားများဖြင့် ရွှေချထားသည်။ ထို့ကြောင့် နန်းတော်ကြီးမှာ အလွန်ပင်ခမ်းနားလှပလှပါသည်။ ၁၆ ရာစုတွင် ဟံသာဝတီမြို့တော်ကြီးမှာ ကုန်သွယ်ရေး၏ ကြီးမားသော ဗဟိုဌာနတစ်ခုဖြစ်ခဲ့ပါသည်။

ထိုဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့မှစတင်၍ သုတေသနပြု တူးဖော်ခဲ့ပါသည်။ ယခုအခါ နန်းတော်ရာ Site အတွင်းတွင် ရှေးဟောင်းသုတေသနပြတိုက်တစ်ခုကို ဖွင့်လှစ်၍ တူးဖော်မှုမှ ထွက်ပေါ်လာသော ရှေးဟောင်းပစ္စည်းများကို ပြသထားရှိပါသည်။

ပထမဦးစွာ တူးဖော်သော ကုန်းအမှတ်-၁ (MOUNT NO.1) တွင် ထုံးကျောက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓဆင်းတုတော်အကောင်းနှင့် အကျိုးအပဲ့ပေါင်း ၁၈၀၀ ကျော်ခန့် တွေ့ရှိခဲ့ပါသည်။ ယင်းတို့အနက်တွင် မင်းဝတ်တန်ဆာဝတ်ဆင်ထားသော စဉ့်အစိမ်းရင့်ရောင် (Dark green) ဗုဒ္ဓဆင်းတုတော်အကျိုး၏ အောက်ပိုင်းကို တွေ့ရှိရပါသည်။ ဆင်းတုတော်မှာ တင်ပျဉ်ခွေထိုင်နေဟန်ဖြစ်ပြီး ဘယ်လက်မှာ ခြေဖဝါးပေါ်တင်ထားသည်။ ယင်း ဗုဒ္ဓဆင်းတုတော်တွင် မြေဖြူရောင်ရွှံ့ကို အသုံးပြုထား ပါသည်။ အရွယ်အစားမှာ အလျား ၂၉ စင်တီမီတာနှင့် အမြင့် ၁၂ စင်တီမီတာ ရှိပါသည်။

ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်းရှိ အဆောင်နေရာများကို တူးဖော်ရာတွင် ရိုးရိုးအုတ်ကြွပ်ပြားများအပြင် စဉ့်သုတ်အုတ်ကြွပ်ပြားများကိုလည်း တူးဖော်တွေ့ရှိရပါသည်။ အထူးသဖြင့် ကုန်းအမှတ် (၁) မှ ကုန်းအမှတ် (၆) တွင် ယင်းစဉ့်အုတ် ကြွပ်မိုးပြားများကို အကောင်းနှင့်အကျိုးအပဲ့များစွာ တွေ့ရှိရပါသည်။ ရိုးရိုးအုတ်ကြွပ်ပြားများထက် စဉ့်သုတ်အုတ်ကြွပ်ပြားများက ပိုမို၍ကြီးမား ထူထဲကြောင်း တွေ့ရှိရပါသည်။ စဉ့်သုတ်အုတ်ကြွပ်ပြားများမှာ အလျား ၂၄ စင်တီမီတာ၊ အနံ ၁၇ စင်တီမီတာ၊ အထူ ၁ ဒသမ ၅ စင်တီမီတာစီရှိကြသည်။ အရောင်များမှာလည်း မျိုးစုံစွာတွေ့ရှိရပါသည်။ ယင်းတို့မှာ အဖြူရောင်၊ အစိမ်းရောင်၊ အစိမ်းရင့်ရောင် (Dark green) နှင့် အပြာရောင်တို့ဖြစ်သည်။ ၁၆ရာစုတွင် စဉ့်သုတ်အမိုးပြားများကို နန်းတော်တွင်း၌သာမကဘဲ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ သာသနိကဆိုင်ရာ အဆောက်အအုံများတွင်ပါ အသုံးပြုကြ ဟန်တူပါသည်။ ထို့ကြောင့် တွင်းသင်းမင်းကြီး၏ မဟာရာဇဝင်သစ်တွင် ဘုရင့်နောင်မင်းတရားကြီးသည် "ဆရာတော်ဓမ္မပါလ တောကျောင်တော်မူရာ စဉ့်အုတ်ကြွပ်မိုး နှစ်ထပ်ကျောင်းရံ လေးဆယ်နှင့် ဆောက်လှူသည်။" ဟူ၍ တွေ့ရှိရပါသည်။

**စဉ့်အတတ်ပညာ ထွန်းကားခဲ့သော နေရာ**

ပဲခူးဒေသသည် ရှေးနှစ်ပေါင်းများစွာက စဉ့်ထည်ပစ္စည်းများနှင့် ပတ်သက်၍ ထင်ရှားကျော်ကြားသော ဒေသတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်နှင့် ဟံသာဝတီရွှေမြို့တော်ကြီး မတိုင်မီ ရှေးဦးဟံသာဝတီခေတ်များကပင် စဉ့်ထည်လုပ်ငန်းမှာ တွင်ကျယ်ထင်ရှားခဲ့ပါသည်။ လူ့အသုံးအဆောင် စဉ့်ထည်ပစ္စည်းများသာမက ပုဂံဘုရားများတွင် တွေ့ရှိရသော ၅၅၀ ဇာတ်တော်လာ စဉ့်ခွက်ရုပ်ကြွများကဲ့သို့ အနုပညာမြောက်လှသော အနုပညာစဉ့်ထည်ပစ္စည်းများကိုလည်း တွေ့ရှိနိုင်ပါသည်။

ယင်းတို့အနက် ထင်ရှားသည်မှာ ၁၅ ရာစု တွင် ဓမ္မစေတီမင်းတည်ထားခဲ့သော ပဲခူးမြို့မှ ၄၈ ကီလိုမီတာအကွာရှိ ဘုရားသုံးဆူကျေးရွာတွင်တည်ရှိသော ရွှေဂူကြီးဘုရား (ဟံသာဝတီခေတ် ဗုဒ္ဓဂယာစေတီ) ၏ မဟာရံတံတိုင်းတစ်လျှောက် နံရံအခွက်များတွင် ထည့်သွင်းထားသော စဉ့်ခွက်ရုပ်ကြွများပင် ဖြစ်ပါသည်။ ယင်းစဉ့်ခွက်ရုပ်ကြွများသည် မြတ်စွာဘုရားသခင်ကို တိုက်ခိုက်သော မာရ်နတ်သားစစ်သည်များနှင့် မြူဆွယ်နေ သော မာရ်နတ်၏သမီးတော်များကို သရုပ်ဖော်ထားရှိပါသည်။ မာရ်နတ်၏ စစ်သည်များ ကို သရုပ်ဖော်ရာတွင် တိရစ္ဆာန်များ၏ ဦးခေါင်းများနှင့် လူကိုယ်ကို ပေါင်းစပ်သရုပ်ဖော်ထားပါသည်။ ထိုစဉ့်ခွက်ရုပ်ကြွများကို ရွှေဂူကြီးဘုရားနှင့် ပတ်ဝန်းကျင် သတ္တဌာနစေတီများ၌သာမက လျှောင်းတော်မူနောင်တော်ကြီး ဘုရားတွင်လည်း တွေ့ရှိရပါသည်။



**"ပဲခူးဒေသသည် ရှေးနှစ်ပေါင်းများစွာက စဉ့်ထည်ပစ္စည်းများနှင့် ပတ်သက်၍ ထင်ရှားကျော်ကြားသော ဒေသတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်နှင့် ဟံသာဝတီရွှေမြို့တော်ကြီး မတိုင်မီ ရှေးဦးဟံသာဝတီခေတ်များကပင် စဉ့်ထည်လုပ်ငန်းမှာ တွင်ကျယ်ထင်ရှားခဲ့"**

ပဲခူးဒေသထွက် စဉ့်ထည်ပစ္စည်းများအနက် အထင်ရှားဆုံးနှင့် လူသိအများဆုံးမှာ မုတ္တမစဉ့်အိုး (Martaban Jar) ဖြစ်ပါသည်။ မုတ္တမစဉ့်အိုးဟူသည်မှာ ပဲခူး၏ ဆိပ်ကမ်းမြို့ဖြစ်သော မုတ္တမမြို့ကို အစွဲပြု၍ ခေါ်ထားခြင်းဖြစ်ပါသည်။ သို့သော် မောရစ်ကောလစ် (Morris Collis) က "မာတဘန်ဟူသောအမည်မှာ မြိတ်နှင့် တနင်္သာရီကို ရည်ညွှန်းသည့် မာရစ် (Marit) နှင့် တနု (Tanau) ဟူသော ထိုင်းစကားလုံးမှ ဆင်းသက်လာကြောင်း"ဟု ဆိုခဲ့ပါသည်။ မုတ္တမ (Martaban) ဟူသော စကားလုံး၏အဓိပ္ပာယ်သည် သံလွင်မြစ်မှ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ဟု ယူဆခဲ့ပါသည်။

မြန်မာ၊ ထိုင်းတို့နှင့် အရှေ့အိန္ဒိယနှင့် ပဲခူးသည် ပတ်ဝန်းကျင်ဒေသ ကုန်သွယ်မှုလမ်းကြောင်းတွင် အချက်အချာကျသောနေရာ၌ တည်ရှိခဲ့ပါသည်။ မုတ္တမမြို့ (Martaban) သည်လည်း ၁၄ ရာစုတွင် ထင်ရှားသော ဆိပ်ကမ်းမြို့ကြီးဖြစ်ခဲ့ပါသည်။ အာရပ်လူမျိုးခရီးသည် အစ်ဘန်ဘာတူတာ (Ibn Batutau) က ထိုမုတ္တမစဉ့်အိုးများ (Martaban Jars) များ၏အကြောင်းကို ၁၃၅၀ ပြည့်နှစ်တွင် "မာတဘန် (သို့မဟုတ်) ကြီးမားသော စဉ့်အိုးကြီးများသည် ပင်လယ်ခရီးသွားများအတွက် ငရုတ်ကောင်းနှင့် ဆားနယ်ထားသော ရှောက်သီးနှင့် သရက်သီးများ ဖြည့်တင်းရာ ဖြစ်သည်။" ဟူ၍ ရှေးဦးစွာ ဖော်ပြခဲ့ပါသည်။

ထို့နောက် မျက်မြင်ဖော်ပြချက်အဖြစ် ပေါ်တူဂီလူမျိုးခရီးသည် ဒွန်တီဘာဘိုဆာ (Duante Babosa) က ၁၅၁၆ ခုနှစ်တွင် "မာတဘန်မြို့(မုတ္တမမြို့)တွင် ကြီးမားလှပသော ကြွေထည်ပန်းအိုးများနှင့် အနက်ရောင်ထလာသည်အထိ မီးဖုတ်ထားသော စဉ့်အိုးကြီးများကို ပြုလုပ်ကြသည်။ ယင်းတို့ကို မိုး (Moor-ပသီနှင့်အာရပ်) သင်္ဘောသားများက များစွာ နှစ်သက်ကြ၍ ကုန်သွယ်မှုပစ္စည်းတစ်ခုအဖြစ် တင်ပို့ရောင်းချကြသည်။" ဟူ၍ ရေးသားဖော်ပြခဲ့ပါသည်။

**အငြင်းများနေဆဲ မုတ္တမစဉ့်အိုးများ၏ ရာဇဝင်**

သို့သော် ထိုမာတဘန်စဉ့်အိုးများနှင့်ပတ်သက်၍ စဉ့်ပညာရှင်များကြားတွင် ဝိဝါဒရှိဆဲဖြစ်ကြောင်းကို ဒွန်ဟိန်း Mr. Don Hein က "အလွန်ကျော်ကြားသော မာတဘန်စဉ့်အိုးများ၏ အမှန်တကယ်ရင်းမြစ်မှာ နေရာမကန့်သတ်နိုင်ချေ။ မာတဘန် ဟူသော ဝေါဟာရသည် တစ်ခါတစ်ရံတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ စဉ့်ထည် ပစ္စည်းများပါဝင်လာသည်အထိ ကျယ်ပြန့်လာသည်။ ဒေသအတွင်း ထုတ်လုပ်မှု၏ ကုန်သွယ်မှုအချိုးအစားမှာ ရှင်းလင်းမှု မရှိသေးချေ။" ဟု မှတ်ချက်ချခဲ့ပါသည်။

ထိုမာတဘန်စဉ့်အိုးများ (မုတ္တမစဉ့်အိုးများ) သည် မြန်မာနိုင်ငံမှတစ်ဆင့် အရှေ့တောင်အာရှနိုင်ငံများနှင့် အာရပ်နိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ဥရောပသားတို့၏ မှတ်တမ်းများအရ မာတဘန် စဉ့်အိုးများတွင် သင်္ဘောသားတို့အတွက် ရေချိုများ၊ ဆီများ၊ ဆားများ၊ ဝိုင်အရက်များထည့်ယူရန် အသုံးပြုသည်သာမက ဥရောပသားများ၏ဇနီးဖြစ်သွားသော မြန်မာတိုင်းရင်းသား အမျိုးသမီးများကို ၎င်းစဉ့်အိုးကြီးများတွင် ထည့်၍ ပြည်ပသို့ ခိုးထုတ်ကြောင်း သိရှိရပါသည်။

ထိုသို့ ထင်ရှားကျော်ကြားလှသော မုတ္တမစဉ့်အိုးကြီးများကို ကမ္ဘောဇသာဒီနန်းတော်ရာနှင့် ပတ်ဝန်းကျင်တို့မှ စုစုပေါင်း ငါးလုံး တူးဖော်ရရှိခဲ့ပါသည်။ မုတ္တမစဉ့်အိုးကြီးများမှာ အညိုရင့်ရောင် (black brown) ဖြစ်၍ ပျမ်းမျှခြင်းအမြင့်မှာ ၇၀ စင်တီမီတာမှ ၉၀ စင်တီမီတာကျော်အထိရှိ၍ လည်ပင်းပေါ်တွင် လက်ကိုင်ကွင်း (handles) လေးခုပါမြဲဖြစ်သည်။ အဝန်းမှာ ပျမ်းမျှ ၂၀၀ စင်တီမီတာမှ ၂၈၀ စင်တီမီတာခန့်ရှိသည်။ အဝါရောင်အစင်းနှင့် အစက်များက အိုးနှုတ်ခမ်းပတ်လည်တွင် တန်ဆာဆင်ထားသည်။

ထို့နောက် ကမ္ဘောဇသာဒီနန်းတော်ရာ တူးဖော်မှုကုန်းအမှတ် (၉) (Mount No.9) နှင့် ပတ်ဝန်းကျင်တွင် စဉ့်အိုးငယ်များနှင့် ပန်းကန်ပြားများကို တွေ့ရှိရပါသည်။ စဉ့်အိုးငယ်များမှာ အညိုရောင်နှင့် ညိုဝါရောင်တို့ ဖြစ်သည်။ စဉ့်ပန်းကန်ပြားများမှာ မီးခိုးရောင်နှင့် အဖြူရောင်တို့ ဖြစ်ကြသည်။

ထို့အပြင် အဆင်တန်ဆာများ ဖော်ထားသော စဉ့်ညိုရောင်၊ စဉ့်အစိမ်းရောင် စဉ့်ထည်ကွဲများကိုလည်း တွေ့ရှိရသည်။ သို့သော် ပုံဖော်နိုင်လောက်အောင် ကောင်းမွန်သော စဉ့်ထည်များ မရရှိခဲ့ပါ။

**အဖြူရောင် စဉ့်ခွက်ငယ်များ**

တူးဖော်မှုတွင် အများဆုံးတွေ့ရသော စဉ့်ထည်များမှာ စဉ့်ဖြူရောင်ခွက်ငယ်ကလေးများနှင့် ရေတကောင်းပုံစံ စဉ့်အိုးငယ်ကလေးများဖြစ်သည်။ အဖြူရောင်ခွက် ငယ်ကလေးများဖြစ်သည်။ အဖြူရောင်ခွက်ငယ်ကလေးများမှာ ပျမ်းမျှ ငါးစင်တီမီတာမျှသာ ရှိကြသည်။ အောက်ခံမြေနီဖြစ်သည်။ ထို့အတူ စဉ့်အိုးငယ်ကလေးများမှာ ခြောက်စင်တီမီတာမှ ကိုးစင်တီမီတာအထိ မြင့်ကြသည်။ အောက် ခံကိုယ်ထည်မှာ အနီရောင်မြေသားဖြစ်သည်။

ထိုကဲ့သို့ပင် အများအပြားတွေ့ရသော စဉ့်ထည်များမှာ အိုး၏ ပခုံး (shoulder) နေရာပေါ်တွင် လက်ကိုင်နှစ်ခုပါသော အစိမ်းဝါရောင်(Olive green)၊ စဉ့်အိုးငယ် (jarlet) ကလေးများဖြစ်သည်။ ခြောက် စင်တီမီတာမှ ကိုးစင်တီမီတာအထိ မြင့်ကြသည်။ သေးငယ်သောအိုးများဖြစ်၍ ယင်းတို့၏ အသုံးပြုပုံကို မခန့်မှန်းတတ်ပါ။

ထို့အပြင် အဖြူရောင်ဖျော့ဖျော့ စဉ့်သုတ်အိုးအလတ်စားနှစ်လုံးမှာ အိုးလည်ပင်းနေရာတွင် လက်ကိုင် နှစ်ခုပါရှိလျက် တွေ့ရှိရသည်။ ယင်းတို့၏ အမြင့်ပေမှာ ၂၃ စင်တီမီတာနှင့် ၂၇ စင်တီမီတာတို့ဖြစ်သည်။ မြေနီအောက်ခံကိုယ်ထည်ဖြစ်သည်။ သို့သော် ယင်းတို့မှာ ၁၆ ရာစု မဟုတ်ဘဲ နောက်ကျသော စဉ့်ထည်ပစ္စည်းများ ဖြစ်နိုင်ပါသည်။

စဉ့်အိုးငယ်၏ နံဘေးပတ်လည်တွင် အစင်းငယ်ကလေးများဖြင့် သရုပ်ဖော်ထားသော အဝါရောင်သမ်းသော စဉ့်သုတ်အိုးငယ်မှာ ၁၀ စင်တီမီတာမြင့်သည်။ ထိုကဲ့သို့ အိုး၏နံဘေးပတ်လည်တွင် အစင်းငယ်များပါသော စဉ့်အစိမ်းရောင်နှင့် မီးခိုးရောင်သန်းသော စဉ့်အိုးငယ်ကလေးများကိုလည်း တွေ့ရှိရပါသည်။

ကမ္ဘောဇသာဒီနန်းတော်တူးဖော်မှုတွင် တွေ့ရှိရသော စဉ့်ထည်ပစ္စည်းများမှာ အမျိုးအစားစုံလင်လှပါသည်။ ပဲခူးမြို့၏ပတ်ဝန်းကျင်တွင်လည်း ရှေးဟောင်း စဉ့်ဖိုအမြောက်အမြားကို ယနေ့တွေ့ရှိနေရပြီ ဖြစ်ပါသည်။ ဟံသာဝတီမြို့တော်၏ အရန်မြို့တစ်ခုဖြစ်သော လက္ခန်းဗျည်းမြို့ဟောင်းသည်လည်း ထင်ရှားသော စဉ့်ထုတ်ရာဒေသဖြစ်ပါသည်။ ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီမြို့သစ်ကို တည်ထောင်ရာတွင်မြို့ဟောင်း၌ ပြည်သူအများနှင့် ကုန်သည်များနေထိုင်ကြပါသည်။ ထို့ကြောင့် ဟံသာဝတီမြို့ဟောင်းအတွင်း၌ စဉ့်ဖိုနေရာဟောင်း၊ စဉ့်ထည်အကျိုးအပဲ့များ၊ အိုးခြမ်းကွဲများ၊ စဉ့်ထောက်များကို များစွာ တွေ့ရှိရပါသည်။

ဤကဲ့သို့ ပဲခူးမြို့ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ရာ တူးဖော်မှုမှ ထွက်ရှိလာသော စဉ့်ထည်ပစ္စည်းများက ပဲခူးဒေသတွင် ထင်ရှားခဲ့သော စဉ့်ထုတ်လုပ်မှုကို တစ်စိတ်တစ်ဒေသ ဖော်ညွှန်းနေသည်ဟု ဆိုချင်ပါသည်။ ။

# သခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**
ငြိမ်းချမ်းရေးဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း (၅၄)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်နှင့် ဆရာကြီး၏ မိသားစုဝင်များ စုပေါင်း၍ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဦးဉတ္တမပန်းခြံရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂူဗိမာန်၌ ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား လက်အုပ်ချီ၍ ဂါရဝပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုခြင်း၊ နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲများနှင့် ဒီမိုကရေစီတိုက်ပွဲအဆင့်ဆင့်တွင် ကျဆုံးသွားသော ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းအတွက် ဝမ်းနည်းခြင်း တစ်မိနစ်ငြိမ်သက်ခြင်းတို့ဖြင့် ငြိမ်းချမ်းရေးဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း (၅၄)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို စတင်ခဲ့သည်။

ထို့နောက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်နာယက မဂ္ဂင်ဆရာတော်က အမှတ်တရစကားမိန့်ကြားပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်၏ ကြေညာချက်ကို အဖွဲ့ဝင် ဦးမြင့်ဆန်းက ဖတ်ကြားသည်။ ဆက်လက်၍ စာရေးဆရာသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဦးကြည်နိုင်၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားသူများ၊ အလုပ်သမားသမဂ္ဂနှင့် တောင်သူလယ်သမားသမဂ္ဂတို့မှ အဖွဲ့ဝင်များက အမှတ်တရစကားများ ပြောကြားခဲ့ပြီး ကဗျာဆရာသမဂ္ဂမှ ဆရာခိုင်မျိုးနှင့် မန္တလေးမှ ကိုနွေထက်တို့က အမှတ်တရကဗျာများ ရွတ်ဆိုခဲ့ကြသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်မှ ပြန်ကြားရေးတာဝန်ခံ ကိုထွန်းဝင်းငြိမ်းက "ဆရာကြီးက ၁၉၆၄ ခုနှစ် ဇူလိုင် ၂၃ မှာ ကွယ်လွန်ခဲ့တာပါ။ အဲဒီလို ကွယ်လွန်ခဲ့တဲ့အချိန်မတိုင်မီ ပြည်တွင်းစစ်ဖြစ်နေတဲ့အချိန်မှာ ဆရာကြီးက လွတ်လပ်ရေးမှာ အတူတိုက်ခဲ့တဲ့လူတွေ အခုလိုလက်နက်ကိုင်ပြီးတော့ ပဋိပက္ခဖြစ်နေတာ မသင့်တော်ဘူးဆိုပြီးတော့ သူမနာကိုယ်မနာတဲ့နည်း တစ်နည်းအားဖြင့် မိတ်ဆွေဆိုတဲ့နည်းနဲ့ ဖြေရှင်းကြဖို့၊ စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့၊ လူထုဆန္ဒနဲ့အညီ ပြည်တွင်းစစ်ကြီးကို ရပ်စဲကြဖို့ဆိုတဲ့ခံယူချက်နဲ့ ဆရာကြီးတို့က လုပ်ခဲ့ကြတာပေါ့။ ၁၉၆၄ ခုနှစ်လောက်မှာ ပြည်တွင်းငြိမ်းချမ်းရေးခေါ်ရာကနေ ပျက်သွားတော့ ဆရာကြီးက တော်တော်စိတ်ထိခိုက်ပုံရတယ်။ သိပ်မကြာဘူး၊ ကွယ်လွန်သွားတယ်။ ကျွန်တော်တို့က ငြိမ်းချမ်းရေးအတွက် ကွယ်လွန်သွားတဲ့ဆရာကြီးကို ဒီလိုနေ့မှာ ဆရာကြီးသာရှိရင် တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဘယ်လိုတွေများ တိုက်တွန်းချင်တာ၊ ပန်ကြားချင်တာရှိမလဲဆိုပြီး ကျွန်တော်တို့တတ်နိုင်သမျှ လူထုကို အသိပေးတာပါ" ဟု ပြောကြားသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် လွတ်လပ်ရေးနှင့် အမျိုးသားယဉ်ကျေးမှုအစဉ်အလာများကို ဖော်ထုတ်သော ဇာတိမာန်စာပေအစဉ်အလာ၊ ပြည်သူ့အကျိုးပြုစာပေအစဉ်အလာတို့ကို ရှေ့ဆောင်ချမှတ်ကာ ပြည်သူကို စာပေယဉ်ကျေးမှုဖြင့် စတင်အလုပ်အကျွေးပြု၍ လွတ်လပ်ရေးတိုက်ပွဲကြီးတွင်လည်း စာပေဖြင့် လှုံ့ဆော်စည်းရုံးခဲ့သည်။ ထို့အပြင် ခေတ်အဆက်ဆက် လွတ်လပ်ရေးတိုက်ပွဲစဉ်တစ်လျှောက်လုံးတွင် ပြည်သူတို့နှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့သည်။ ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကြီးမားသောဇွဲသတ္တိဖြင့် ဆောင်ရွက်ခဲ့သည်။ ဆရာကြီး၏ ဘဝတစ်လျှောက်လုံးတွင် အဖိနှိပ်ခံပြည်သူတို့ဘက်၌ ထာဝစဉ်ရပ်တည်ခဲ့ပြီး အလုပ်သမား၊ တောင်သူလယ်သမားတို့ကိုအခြေပြုသော ပြည်သူ့ဘဝ သာယာဝပြောရေးကိုလည်း အလွန်လိုလား မျှော်မှန်းခဲ့သူဖြစ်သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**



## စလင်းမြို့နယ်မှ မြစ်ရေတိုက်စား၍ပြောင်းရွှေ့ရမည့် ဘုန်းတော်ကြီးကျောင်းသို့ အလှူငွေပေးအပ်

**စလင်း ဇူလိုင် ၂၄**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သနပ်ကုန်းကျေးရွာအုပ်စု ကြည်ကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသည် ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပြိုမှုကြောင့် နေရာပြောင်းရွှေ့ရမည်ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရက ထောက်ပံ့အလှူငွေ ကျပ်သိန်း ၂၀ ကို ဇူလိုင် ၂၃ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရ၏ သာမန်ရန်ပုံငွေမှ ထောက်ပံ့လှူဒါန်းငွေ ကျပ် သိန်း ၂၀ကို အဆိုပါကျောင်းဆရာတော် ဦးကိတ္တိဇယထံသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ခရိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးအေးကိုတို့က ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## ဘီးလင်းမြစ်ရေမြင့်တက်လာမှုကြောင့် ဘီးလင်းမြို့၌ ယာယီကယ်ဆယ်ရေးစခန်း ၁၀ ခုထိ တိုးမြှင့်ဖွင့်လှစ်

**ဘီးလင်း ဇူလိုင် ၂၄**
သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ဇူလိုင် ၂၃ ရက်မှစ၍ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ဘီးလင်းမြစ်ရေမြင့်တက်လာပြီး ရပ်ကွက်နှင့် ကျေးရွာအချို့ရှိ အနိမ့်ပိုင်းနေရာများသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဘီးလင်းမြို့နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ဇူလိုင် ၂၄ ရက် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေမှာ ၁၀၁၂ စင်တီမီတာဖြစ်ပြီး စိုးရိမ်ရေမှတ်ရောက်ရန် ၁၀ စင်တီမီတာအလိုသို့ ရောက်ရှိနေပြီဖြစ်၍ အနိမ့်ပိုင်းဒေသများတွင်နေထိုင်ကြသည့် မိသားစုများအား ရေဘေးလွတ်ရာကယ်ဆယ်ရေးစခန်းများသို့ ကြိုတင်ပြောင်းရွှေ့စေရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက စီစဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်အထိ ဘီးလင်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ ကယ်ဆယ်ရေးစခန်း ၁၀ ခုအထိကိုလည်း တိုးမြှင့်ဖွင့်လှစ်ထားပြီး အဆိုပါစခန်းများ၌ အိမ်ထောင်စု ၂၅၉ စုမှ လူဦးရေ ၁၁၄၄ ဦးတို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ အဆိုပါရွှေ့ပြောင်းပြည်သူများအား မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက ဆန်နှင့် ရေသန့်ဘူးများ လိုက်လံဝေငှပေးလျက်ရှိကြောင်းလည်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တာချီလိတ်၌ ဒေသနှင့်ကိုက်ညီသော မျိုးသန့်မျိုးစေ့များ လုံလောက်စွာထုတ်လုပ်သုံးစွဲနိုင်ရေး ဆွေးနွေး

**တာချီလိတ် ဇူလိုင် ၂၄**
တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် တာလေမြို့ရှိ ရန်အောင်ရွာ(ခရိုင်အဆင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ)၌ စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

ယင်းသို့ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာရပ်ဆိုင်ရာများ ဆွေးနွေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေမည့် မျိုးစေ့အပါအဝင် သွင်းအားစုများ စရိတ်သက်သာပြီး အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်စေမည့် နည်းစနစ်များကို ပြောင်းလဲကျင့်သုံးဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက လယ်သမားများထုတ်လုပ်သည့်သီးနှံများကို စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်ကောင်းများအတိုင်း စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အစားအစာဘေးကင်းလုံခြုံရေး၊ အရည်အသွေးကောင်းမွန်ပြီး အာဟာရပြည့်ဝသော အစားအစာများကို စံချိန်စံညွှန်းပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်နှင့် ဒေသနှင့်ကိုက်ညီသော မျိုးသန့်မျိုးစေ့များ လုံလောက်စွာထုတ်လုပ်သုံးစွဲနိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက ရာသီဥတုပြောင်းလဲခြင်းကြောင့် အရေးကြီးသီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားများနှင့် ဘက်စုံကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးဌာန တာဝန်ခံဒေါ်ဌေးက သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းအဆင့်ဆင့်ကိုလည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်မေရီထွန်းက ပိုးသတ်ဆေးများ စနစ်တကျကိုင်တွယ်သုံးစွဲနည်းများကိုလည်းကောင်း ဆွေးနွေးဟောပြောကြပြီး ဒေသခံတောင်သူများ၏မေးမြန်းချက်များကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ပြန်လည်ဖြေကြားပေးခဲ့ကာ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေး၍ ပညာပေးပိုစတာများလည်း ပြသခဲ့သည်။ **မေမိုးသဲ**

## ယင်းမာပင်၌ သွေးလွန်တုပ်ကွေးကြောင့် ကလေးနှစ်ဦးသေဆုံး၍ ကာကွယ်နှိမ်နင်းရေး အရှိန်မြှင့်ဆောင်ရွက်

**ယင်းမာပင် ဇူလိုင် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ပြန်လှည့်ကျေးရွာအုပ်စု ပြန်လှည့်ကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာဖြင့် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ကလေးနှစ်ဦး သေဆုံးခဲ့သောကြောင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဇူလိုင် ၂၃ ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သလို အသိပညာပေးဟောပြောပွဲကိုလည်း ကျေးရွာရှိ တောင်ဦးဘုရင်နတ်နန်း၌ ပြုလုပ်ခဲ့သည်။


သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲကျင်းပစဉ်။

ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအဖြစ် ပြန်လှည့်ကျေးရွာရှိ အိမ်ခြေ ၄၅၀ ၌ တစ်အိမ်တက်ဆင်း အဘိတ်(Abate)ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ဖုံး၊သွန်၊လဲ၊စစ် စစ်ဆေးခြင်းလုပ်ငန်းများကို အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးဌာန ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာအောင်ရဲကျော်တို့ ဦးဆောင်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲလင်းအောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးငှက်ဖျားတိုက်ဖျက်ရေးဌာန(မုံရွာမြို့)မှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် ပညာရေးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာမှ ပရဟိတလူငယ်များ ပူးပေါင်း၍ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲလင်းအောင်က သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးဌာန ပိုးမွှားများမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာအောင်ရဲကျော်က သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးငှက်ဖျားတိုက်ဖျက်ရေးဌာနမှူး ဦးတင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို ဟောပြောပွဲလာရောက်သည့် ပြည်သူများအား သရုပ်ပြပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်သဇင်မြမြထွေးနှင့်အဖွဲ့ဝင်များကလည်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုက ဆောင်ရွက်ရမည့် လုပ်ငန်း(၄)ရပ်ပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် အဆိုပါကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ ယာယီဆေးခန်းကို တစ်ပတ်ကြာဖွင့်လှစ်၍ တိုက်နယ်ဆရာဝန်တစ်ဦး၊ ခေတ်ခွဲခန်းမှူး တစ်ဦး၊ သူနာပြု သုံးဦးဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

## မြင်းမူးကျေးရွာ(အလက) ကျောင်းသို့ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာသင်ခုံများပေးအပ်လှူဒါန်း

**ပင်းတယ ဇူလိုင် ၂၄**
ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြင်းမူးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်လျက်ရှိသော ကျောင်းဝတ်စုံ၊ ဗလာစာအုပ်များနှင့် စာရေးခုံများကို ဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းနှင့်မိသားစုမှ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက်က ကျင်းပသည်။




လှူဒါန်းပွဲတွင် ဒေသဦးစီးဥက္ကဋ္ဌက ကျောင်းဝတ်စုံ၊ ဗလာစာအုပ်များနှင့် စာရေးခုံများ လှူဒါန်းပေးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဓနုဒေသအတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ရည်မှန်းချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံ ၅၀၊ ဗလာစာအုပ် ဒါဇင် ၅၀၊ ကျောင်းစာသင်ခန်းများတွင် အသုံးပြုရန် စာရေးခုံအစုံ ၃၀ တို့ကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒေသဦးစီးဥက္ကဋ္ဌသည် မြင်းမူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည့် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲသို့ သွားရောက်ပြီး ဒေသဦးစီးဥက္ကဋ္ဌက အမှာစကားပြောကြားကာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရန်မျိုးနိုင်က ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် ဒေသဦးစီးဥက္ကဋ္ဌက ရန်ပုံငွေချက်လက်မှတ် ၂စာအုပ်ကို ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များသည် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ကျေးရွာများရှိ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့တွင် ဒေသနေပြည်သူများ လိုအပ်လျက်ရှိသောနေရာများသို့သွားရောက်၍ အခါအားလျော်စွာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ကြေညာချက်

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ပထမနှစ်တွင် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာ တင်ထားသည့် ကျောင်းသားကျောင်းသူများကို အောက်ဖော်ပြပါ နေ့ရက်၊ အစီအစဉ်အတိုင်း နေ့စဉ်နံနက် ၈နာရီမှ စတင်၍ လူတွေ့နှုတ်မေး စစ်ဆေးမည်ဖြစ်ပါသဖြင့် သတ်မှတ်နေ့ရက်များအတိုင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)သို့ မပျက်မကွက်လာရောက်ပါရန် အသိပေးကြေညာအပ်ပါသည်။

| နေ့ရက် | ဖြေဆိုရမည့်ဝင်ခွင့် လျှောက်လွှာအမှတ်စဉ် | ဝင်ခွင့်လျှောက်ထားသည့် တက္ကသိုလ်နယ်မြေ | မှတ်ချက် |
|---|---|---|---|
| ၃၀-၇-၂၀၁၈ | ၁ မှ ၄၀၀ | လှိုင်နယ်မြေ | - |
| ၃၁-၇-၂၀၁၈ | ၄၀၁ မှ ၈၀၀ | လှိုင်နယ်မြေ | - |
| ၁-၈-၂၀၁၈ | ၈၀၁ မှ ၁၂၀၀ | လှိုင်နယ်မြေ | - |
| ၂-၈-၂၀၁၈ | ၁၂၀၁ မှ ၁၃၁၀ | လှိုင်နယ်မြေ | - |
| | ၁/၁ မှ ၁/၂၉၀ | ရွာသာကြီးနယ်မြေ | အဖွဲ့(၁)သို့လျှောက်ထားသူများ |
| ၃-၈-၂၀၁၈ | ၁/၂၉၁ မှ ၁/၆၉၀ | ရွာသာကြီးနယ်မြေ | အဖွဲ့(၁)သို့လျှောက်ထားသူများ |
| ၄-၈-၂၀၁၈ | ၁/၆၉၁ မှ ၁/၁၀၉၀ | ရွာသာကြီးနယ်မြေ | အဖွဲ့(၁)သို့လျှောက်ထားသူများ |
| ၆-၈-၂၀၁၈ | ၁/၁၀၉၁ မှ ၁/၁၄၆၀ | ရွာသာကြီးနယ်မြေ | အဖွဲ့(၁)သို့လျှောက်ထားသူများ |
| | ၂/၁ မှ ၂/၃၀ | ရွာသာကြီးနယ်မြေ | အဖွဲ့(၂)သို့လျှောက်ထားသူများ |
| ၇-၈-၂၀၁၈ | ၂/၃၁ မှ ၂/၄၃၀ | ရွာသာကြီးနယ်မြေ | အဖွဲ့(၂)သို့လျှောက်ထားသူများ |
| ၈-၈-၂၀၁၈ | ၂/၄၃၁ မှ အထက် | ရွာသာကြီးနယ်မြေ | အဖွဲ့(၂)သို့လျှောက်ထားသူများ |
| | ၁/၁၄၆၁ မှ အထက် | ရွာသာကြီးနယ်မြေ | အဖွဲ့(၁)သို့လျှောက်ထားသူများ |
| | ၁၃၁၁ မှ အထက် | လှိုင်နယ်မြေ | - |

**တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ခုနှစ်၊ ဇူလိုင် ၂၇ ရက် (သောကြာနေ့) ဝါဆိုလပြည့်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/1713 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### အမည်မှန်

ဖားကန့်မြို့နယ်၊ မနကျေးရွာနေ ဦးဇော်လှိုင်၁/အဂယ(နိုင်)၀၀၀၇၄၄ ၏သမီး ရှရော်ခကျေးရွာ အလကအဌမတန်းမှ မဂျာဆိုင်းအိဏ်၏ အမည်မှန်မှာ မဂျာဆိုင်းအိန်ဖြစ်ပါကြောင်း။

**မဂျာဆိုင်းအိန်**

### မိဘအမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာအုပ်စု၊ ကက်သာကျေးရွာ၊ အထကမှ ကျောင်းဝင်အမှတ်(၇၃၈၇)မောင်ပြည့်လျှံဖြိုး အဌမတန်း(A)၏ မိဘအမည်မှန်မှာ ဦးသိန်းထွန်းနောင် ၈/ပခက(နိုင်)၁၇၆၈၂၂ နှင့်ဒေါ်ခင်သန်းနွဲ့ ၅/ဟမလ(နိုင်)၁၆၉၄၂၂ တို့ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ ထွက်ဝအုပ်စု၊ ထွက်ဝကျေးရွာနေ ၂၀၁၆-၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်(စဟ- ၃၀၁)ဖြင့် အောင်မြင်သူ မချိုဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းနောင် (ခ)ဦးထွန်းကြီး ၅/မရန(နိုင်)၁၉၂၉၁၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းနောင်(ခ)ဦးထွန်းကြီး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ ထုံမာတဲအုပ်စု၊ လိုင်မဆန်ကျေးရွာနေ ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ် (စဟက-၁၁၃)ဖြင့် အောင်မြင်သူ မောင်ချစ်စနိုးဝေ၏ မိခင် ဒေါ်ငွေငွေဝင်း(ခ)ဒေါ်စန်းငွေ ၅/ဟမလ(နိုင်)၀၆၃၇၅၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ငွေငွေဝင်း(ခ)ဒေါ်စန်းငွေ**

### အမည်ပြောင်း

ဦးကျော်နန်းဝင်း ၉/ညဥန(နိုင်)၁၂၂၁၇၃၏သား ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက(၃) ပဥ္စမတန်း(ခ)မှ မောင်လမင်းသန့်အား မောင်ထိန်လင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထိန်လင်းသန့်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/2268 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းအေး ၇/ကဝန(နိုင်)၁၂၅၁၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ(၁)လမ်း၊ မြေကွက်အမှတ်(၅၁၄)၊ ဧရိယာပေ(၄၀×၆၀) ဂရန်မြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာပေ(၂၀×၆၀)မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းဦး၁၂/ဗဟန(နိုင်)၀၁၅၅၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ သည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင် ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**စဥ်-၂၆၆၁၈/၀၇**
**(ရုံး)ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၈၈၈၇၀၄**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၁၅/၃ရပ်ကွက်၊ မြေတိုင်း ၁၅၊ တော်ဝင်လမ်း၊ အမှတ် ၁၃၆ဟုခေါ်တွင်သော အလျား ၆၀ပေ× အနံ ၆၀ပေရှိ မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ သူဟု ဝန်ခံကတိပြုသူ ဦးမြင့်ဦး ၁၄/မမက(နိုင်) ၀၁၄၅၅၂ နှင့်ဒေါ်သန်းသန်းနွဲ့ ၁၄/မမက(နိုင်) ၀၁၄၅၅၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သိန်းက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ RCနှစ်ထပ်၊ အိမ်ရှေ့ရှိ ဈေးဆိုင်ခန်း နှစ်ခန်းအပါအဝင် အိမ်ခြံမြေနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ချိန်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မင်းနိုင်LL.B,DL-101Wipo(Switzerland)** | **ဒေါ်သက်စုရည်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်-၁၀၉၁၈/၂၀၁၆)** | **(စဥ်-၂၈၅၀၈/၂၀၁၇)** |

**ရုံး-ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၇၃၉၀၃၃၀၇၊ ၀၉-၄၂၁၀၂၄၈၈၆**

### မှတ်ပုံတင်အမှန်

တမူးမြို့၊ စန္ဒကူး(၄)ရပ်ကွက်နေ မဇူးဇူးနိုင်၏ဖခင် ဦးသင်းနိုင်၏မှတ်ပုံတင် အမှန်မှာ ၈/ရစက(နိုင်)၀၂၅၃၃၉ ဖြစ်ပြီး မိခင်ဒေါ်မာမာတူး၏ မှတ်ပုံတင်အမှန်မှာ ၅/တမန(နိုင်)၀၃၉၄၆၉ ဖြစ်ပါကြောင်း။

### အမည်မှန်

သထုံမြို့နေ ဦးသိန်းထိုက်(ခ)ဦးသန်းစိုး၏သမီး အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မစိုးပြည့်ရတီစိုး၏ အမည်မှန်မှာ မစိုးပြည့်ရတီဖြစ်ပါကြောင်း။

**မစိုးပြည့်ရတီ**

### အမည်မှန်

သထုံမြို့နေ ဦးဝင်းတင်၏သား အထက (နောင်ကုလားရှမ်းရွာ) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မျိုး၏အမည်မှန်မှာ မောင်ကျော်ကျော်လေး ၁၀/သထန(နိုင်)၂၄၉၈၅၅ ဖြစ်ပါကြောင်း။

**မောင်ကျော်ကျော်လေး**

### ဖခင်အမည်မှန်

သထုံမြို့ အထက(၃)တက္ကသိုလ်ဝင်တန်း(B)မှ မဇွန်ပွင့်သူ၏ ဖခင်အမည်မှန်မှာ ဦးဘိုဘိုဟန် ၁၀/သထန(နိုင်)၁၃၃၅၁၀ ဖြစ်ပါကြောင်း။

**ဦးဘိုဘိုဟန်**

### အမည်မှန်

သထုံမြို့ ဦးတင်အောင်၏သမီး အထက(၂)တက္ကသိုလ်ဝင်တန်း(D)မှ မယွန်းပြည့်ပြည့်အောင်၏ အမည်မှန်မှာ မနှင်းသီတာမိုးဖြစ်ပါကြောင်း။

**မနှင်းသီတာမိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကြာအင်းဆိပ်ကြီးမြို့၊ (၆)ရပ်ကွက်၊ အမက(၁)ပထမတန်းမှ မလွင်မာငြိမ်း၏ဖခင် မောင်အာလီ(ခ)ဦးစိုးလွင် ၃/ကဆက(နိုင်)၁၂၅၆၃၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/5720 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7460 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဇနီး၊ သား၊ သမီးများနှင့် မသက်ဆိုင်တော့ပါကြောင်း

မြင်းခြံမြို့၊ အမှတ်(၁၁)ရပ်ကွက်နေ ကျွန်တော် ဦးလှမော် ၉/မခန(နိုင်)၀၂၉၇၈၇သည် ဇနီးဖြစ်သူ ဒေါ်နှင်းရည် ၉/မခန (နိုင်)၀၂၉၇၈၈၊ သား ကိုကျော်ဆန်းမင်း၊ သမီး မသိမ့်သိမ့်ဝင်း၊ မငွေငွေအိတို့နှင့် မိသားစုသဘောထားမတိုက်ဆိုင်တော့ပါသဖြင့် ကျွန်တော့်သဘောဆန္ဒအလျောက် နေအိမ်မှ အပြီးအပိုင်ဆင်းသွားခဲ့ပါသည်။ ယနေ့မှစ၍ ကျွန်တော်နှင့် ဇနီး/သားသမီးများသည် နောက်နောင် လုံးဝမပတ်သက် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မေးမြန်းခြင်းသည်းခံပါ)

**ဦးလှမော် ၉/မခန(နိုင်)၀၂၉၇၈၇**


VICTORIA UNIVERSITY COLLEGE
ISO 9001: 2015 CERTIFIED

# VICTORIA UNIVERSITY COLLEGE
ENJOY LEARNING • ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။
နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

ဇွန်လတန်းခွဲများတွင် ကန့်သတ် ကျောင်းသားဦးရေ ပြည့်မီသွားပြီဖြစ်ပါသဖြင့် တန်းခွဲအသစ်ကို ဩဂုတ်လတွင် ဆက်လက်ဖွင့်လှစ်ပေးပါမည်။

အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန
ရန်ကုန် - အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး - အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၆-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၆-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း။ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A = ၁၀၀၀၀ိ = ၂၁၈၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်မြင့် (မြင်းခြံ)

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ အမှတ် (၁/၁၄)နေ(ဦးစော-ဒေါ်ဖွားအိမ်)(မြင်းခြံ)တို့၏သမီး၊(ဦးလှချို)၏ဇနီး၊ ဦးကိုကိုကြီး-(ဒေါ်ခင်ထားအေး)၊ဒေါ်ခင်စောဝင်း၊ဦးကိုကိုလေး-ဒေါ်မာဂရက်၊ ဦးကိုကိုထွေး-ဒေါက်တာဒေါ်လှလှမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၃-၇-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၇-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်မေ

**(အငြိမ်းစားဆရာမ၊ ကျောက်တန်း)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ် ၁၀(လေးလွှာ-ဘီ)နေ (ဦးစိန်ခို-ဒေါ်သန်း)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်စန်းမြင့်)၊ (ဦးမောင်မောင်ကြီး-ဒေါ်ရင်မြ)၊ ဒေါ်သောင်းရွှေ၊ ဒေါ်လှမြင့်တို့၏အစ်မ၊ ဦးအောင်ကိုကို-ဒေါ်ကျော့ကျော့လွင်၊ ဦးအောင်ချိုချို-ဒေါ်အိန္ဒြာဆွေ၊ ဦးအောင်ကျော်စိုး-ဒေါ်အေးအေးမိုး၊ ဦးလေးနိုင်-ဒေါ်ခင်မျိုးနွယ်(ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ YCDC)၊ မစုစုမာ တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၄-၇-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးညွန့်ဆွေ(ခ)ဦးတီ

**အသက်(၈၅)နှစ်**

ဗိုလ်ကြီးခိုင်ထွန်းဆွေ(ငြိမ်း) - ဒေါ်သန္တာအေးတို့၏ ဖခင်ဖြစ်သူ ဦးညွန့်ဆွေ(ခ)ဦးတီ အသက်(၈၅)နှစ်သည် ၂၄-၇-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၉၇)**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## Mr. George Nicholas Foster

**M.Sc. Agricultural Engineering (Soil and Water)**

**အသက်(၆၁)နှစ်**

ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ(AFD)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မြင်ကွန်းနှင့်ကမ်းနီလျှပ်စစ် မြစ်ရေတင်စီမံကိန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၏ အတိုင်ပင်ခံအဖွဲ့ SOFRECO ၏ စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ခေါင်းဆောင်၊ အင်္ဂလန်နိုင်ငံ၊ ဝါရင်တန်မြို့နေ Ms. Helen Mary Deveney ၏ခင်ပွန်း၊ Mr.Patrick Foster Deveney, Ms. Rachael Foster Devaney နှင့် Ms. Laura Foster Devaney တို့၏ ဖခင်သည် ၂၁-၇-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင် မကွေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအေးမြိုင်

**အသက်(၆၁)နှစ်**

ဒေါ်ငွေငွေဝင်း (ဒုတိယဦးစီးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)၏ဖခင် ဦးအေးမြိုင် အသက်(၆၁)နှစ်သည် ၂၁-၇-၂၀၁၈ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

## ဦးကျော်သူ

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း**
**အသက်(၇၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ဂါမဏိလမ်း၊ အမှတ် ၂၅နေ (ဦးထွန်းစိန်-ဒေါ်ကြည်)တို့၏သား၊ဒေါ်ငွေငွေကြည်၏ခင်ပွန်း၊ မောင်နေလှိုင်းကျော်သူ - မနန်းတင်ကြည်၊ မောင်ပန်ထွန်းကျော်သူ၊ မောင်ပြည့်ဝန်းကျော်သူ - မနော်လှလှအေး၊ မသပြေလှိုင်တို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၈ရက် (တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အမောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၇-၂၀၁၈ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းဦး

**(ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ငြိမ်း)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၈)လမ်း၊ တိုက် ၃၊ အခန်း (ငါးလွှာ၊ ဘီ)နေ (ဦးထွန်းစီ-ဒေါ်တင်စိန်)တို့၏သား၊ ဦးသန်းထွန်း-(ဒေါ်တင်တင်ဝင်း)တို့၏ သားသမက်၊ ဦးလှမောင်-ဒေါ်နုတို့၏မောင်၊ ဦးမြင့်ခိုင်-ဒေါ်စန်းသိန်းတို့၏အစ်ကို၊ ဦးဖြိုးမင်းကို-မမြတ်မြတ်သင်း၊ မငြိမ်းငြိမ်းထက်တို့၏ဖခင်၊ ဒေါ်သီသီထွန်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၂း၃၀နာရီတွင် သင်္ဃန်းကျွန်းစံပြအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ရိုဇီ

**အသက်(၉၀)**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ကန်တော်ကလေး(၈၈)လမ်း၊ အမှတ် (၂၀)ငါးလွှာနေ (ဦးပေါလ်-ဒေါ်အက်စတာ)တို့၏သမီး၊ အငြိမ်းစားတပ်ကြပ်ကြီး (ဦးဘားနတ်)၏ဇနီး၊ အငြိမ်းစားအရာခံဗိုလ်(ဦးလောရင့်)၊ အငြိမ်းစားတပ်ကြပ်ကြီး(ဦးရောဘတ်) (ပြေးခုန်ပစ် မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဒေါ်မာမာမင်း (ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း၊ အငြိမ်းစားအရာခံဗိုလ်ဦးတူးတူး၊ ဒေါ်ဂျေစီ၊ အငြိမ်းစား ဒု-အရာခံဗိုလ်ဦးမိုက်ကယ်(ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ အငြိမ်းစားအရာခံဗိုလ်ဦးလူးဝစ် (ပြေးခုန်ပစ် မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဒေါ်ဗစ်တိုးရီးယား(အားကစားအရာရှိ၊ အား/ကာ သိပ္ပံ၊ မော်လမြိုင်၊ ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးဖီးလစ်(လယ်/ဆည်၊ ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ တပ်ကြပ်ကြီး(ဂျိုးဇက်) (ပြေးခုန်ပစ် မြန်မာ့လက်ရွေးစင်ဟောင်း)တို့၏ချစ်လှစွာသောမိခင်၊ ဦးအော်ဂက်စတင်း(ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဒေါ်စမ်းစမ်းစိမ့် (ပြေးခုန်ပစ် မြန်မာ့လက်ရွေးစင်ဟောင်း) ဦးဝီလျံ (ပြေးခုန်ပစ် မြန်မာ့လက်ရွေးစင်ဟောင်း)၊ မထားထားရွှေ (ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဂျင်မီ(ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ဂျိမ်း[ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်၊(ပဏာမ)]ပက်ထရစ်(ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်၊ တက္ကသိုလ်လက်ရွေးစင်)၊ မောင်ခရစ္စတိုဖာ(ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ပြေးခုန်ပစ်)၊ မောင်စိန်မင်း(ကာကွယ်ရေး၊ ပြေးခုန်ပစ်)၊ မမေရီ (ဒုတိယနှစ်၊ ဒဿနိက) (Rosana)၊ မဟေလ်ဒါ(B.A, Philo)၊ မဂျွိုင်းနား (ဒုတိယနှစ်၊ ဒဿနိက)တို့၏ဘွားဘွားကြီးသည် ၂၃-၇-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ စိန်အန်ထော်နီဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ရိုဇီ

**အသက်(၉၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (၈၈)လမ်း၊ အမှတ် ၂၀ (ငါးလွှာ)နေ (ဦးပေါလ်-ဒေါ်အက်စတာ)တို့၏သမီး၊ [ဦးဘားနတ်(တပ်ကြပ်ကြီး၊ ငြိမ်း)]၏ဇနီး၊ [ဦးလောရင့်(အရာခံဗိုလ်၊ ငြိမ်း)]-ဒေါ်လုဒ်မေရီ၊ [ဦးရောဘတ်(တပ်ကြပ်ကြီး၊ ငြိမ်း၊ ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)]-ဒေါ်ခင်အေးလွင်၊ ဦးတူးတူး (အရာခံဗိုလ်၊ ငြိမ်း)-ဒေါ်ဂျေစီ၊ ဦးမိုက်ကယ် (ဒုအရာခံဗိုလ်၊ ငြိမ်း၊ ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)-ဒေါ်ချယ်ရီ၊ ဦးလူးဝစ်(အရာခံဗိုလ်၊ ငြိမ်း၊ ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ (ဦးကျော်မြင့်လေး)-ဒေါ်နော်အယ်လာ၊ (ဦးကျော်မင်း)-ဒေါ်စတယ်လာ၊ ဦးညို-(ဒေါ်ရီတာ)၊ (ဦးရောဘတ်)-ဒေါ်ရေဂျီနား၊ ဒေါ်ဗစ်တိုးရီးယား(အားကစားအရာရှိ၊ အား/ကာ သိပ္ပံ၊ မော်လမြိုင်၊ ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးခလီး-ဒေါ်ကက်သဲရင်း၊ ဦးဖီးလစ် (လယ်/ဆည်၊ ပြေးခုန်ပစ် မြန်မာ့လက်ရွေးစင်ဟောင်း)၊ [ဦးဂျိုးဇက် (တပ်ကြပ်ကြီး၊ ငြိမ်း)၊ ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း]တို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၆ယောက်၊ မြစ် ၂၇ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၇-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၆း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၇-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ စိန်အန်ထော်နီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒုရဲမှူးတင်ကြည်(ငြိမ်း) (ဖျာပုံ)

**Cadet-17**

**အသက်(၆၃)နှစ်**

ဖျာပုံမြို့နေ (ဦးညီပု)-ဒေါ်သန်းတင်တို့၏သား၊ (ဦးချစ်ဖေ-ဒေါ်ဖွားရှင်)တို့၏သားသမက်၊ (ဦးကျော်-ဒေါ်ခင်အေး)၊ (ဦးရွှေဖော်-ဒေါ်မုန်း)၊ ဗိုလ်မှူးကြီးဝင်းထွန်း(ငြိမ်း)-ဒေါ်သန်းသန်းနွယ်၊ (ဦးသောင်းရှိန်-ဒေါ်ပြုံး)၊ ဦးသိန်း-ဒေါ်အေးသိန်းယဉ်၊ (ဦးသောင်းညွန့်)-ဒေါ်ခင်ရီတို့၏ညီ/မောင်၊ ဦးတင်သောင်း-ဒေါ်ဝင်းကြည်၊ ဦးအောင်မြင့်-ဒေါ်ကျင်သီ၊ ဒေါ်ဝင်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၇၉ (ငါးလွှာ)နေ ဒေါ်အေးမွန်၏ခင်ပွန်း၊ ကိုကောင်းမြင့်သူ-မသင်းသင်းကြည်၊ ကိုအောင်ရင်-မချမ်းမြေ့သူ၊ မောင်မင်းထက်နိုင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းကျော် (ပြည်)

**ဌာနခွဲမှူး၊ MPPE (ငြိမ်း)**
**အသက်(၆၂)နှစ်**

ပြည်မြို့နေ (ဦးအောင်သိန်း-ဒေါ်မြကွယ်)တို့၏သား၊ (ဦးသာဒိုးအောင်-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊အလုံမြို့နယ်၊လွှတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၁၂၆ (သုံးလွှာ-A)နေ ဒေါ်မြမြသန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဇေယျာအောင်(MOGE)၏ဖခင်၊ ဒေါ်ညို၊ ဦးဘမျိုးသိန်း (အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)၊ဦးဘစိုးသိန်း-ဒေါ်ခင်လှဲ့မိုးတို့၏ညီ၊ ဦးသိန်းမော်၊ ဦးကျော်ဇောလင်း-ဒေါ်ခိုင်ခိုင်ဆွေတို့၏အစ်ကိုသည် ၂၃-၇-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၂၅-၇- ၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၉-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်သိန်း(ခ) လင်းမောင်မောင်

**အထက(၃)တာမွေ**
**ကျောင်းသားဟောင်း**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၆ လမ်း၊ အမှတ် ၁၄၊ ခြောက်လွှာ(A)နေ (ဦးသန်းဖေ-ဒေါ်ကျော်တင့်)၊ (ဦးဘကြိုင် - ဒေါ်သန်းညွန့်)တို့၏ မြေး၊ (ဦးသိန်းဇံ - ဒေါ်စောမြင့်)တို့၏သား၊ ဦးခင်ဦး-(ဒေါ်ငွေငွေဦး)၊ ဦးခင်မောင်ထွန်း၊ ဦးအောင်ဆန်းလွင်-ဒေါ်ခင်စောဦး၊ ဦးသက်ထွန်း - (ဒေါ်သန်းသန်းဦး)တို့၏မောင်၊ဒေါ်သီတာအေးတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၃-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါက်တာဒေါ်ခင်စိန်ဝင်း

**(ကသာ)**
**M.B.,B.S (MDY)**
**အသက်(၈၃)နှစ်**

ဦးဘမောင် - ဒေါ်နန်းအေးကြည်တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပဒေသာလမ်း၊ အမှတ် ၃၂နေ ဦးသိန်းထွန်း-(ဒေါ်လှလှစိန်)တို့၏ညီမ၊ ဦးခင်ဇော်-ဒေါ်နန်းနုဝင်း၊ ဦးအောင်နိုင်-ဒေါ်နန်းဥမ္မာဝင်း၊ ဦးကျော်မောင်မောင်ဝင်း-ဒေါ်လွင်မာဦး၊ ဦးကျော်လင်းထွန်း-ဒေါ်နန်းစန္ဒာဝင်းတို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၃-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ အလုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဇ (စစ်တွေ)

**အသက်(၇၃)နှစ်**

စစ်တွေမြို့၊ ရဲနွယ်စုအနောက်ရပ်ကွက်နေ (ဦးစံရွှေဦး-ဒေါ်မထွန်းစိန်)တို့၏သား၊ မောလိပ်ရပ်ကွက်နေ ဦးမောင်စောဖြူ-(ဒေါ်လှစောဖြူ)တို့၏ သားသမက်၊ ဒေါ်အေးမြစိန်၏ခင်ပွန်း၊ ဦးဝင်းမောင် - ဒေါ်ခင်အေးဝေ (Dominion City Construction Co., Ltd)၊ (ဦးဇော်ဇော်မင်း)-ဒေါ်ခင်အေးသန်း(Comrade Co., Ltd)၊ ဦးမင်းလွင်-ဒေါ်ခင်အေးလှိုင် (Min Lwin Construction Co,Ltd)၊ ဦးထွန်းခိုင်(ဗိုလ်ကြီး၊ ငြိမ်း) - ဒေါ်ခင်အေးစိုး၊ ဦးကျော်သန်းမြင့်-ဒေါ်ခင်အေးဇံ(ဒီမိုးအတည်မျိုးစုံရောင်းဝယ်ရေး၊ မြေညီ-၂၈၅၊ ၂၈၄၊ မင်္ဂလာမွန်ဈေး)တို့၏ဖခင်၊ မောင်အောင်မျိုးကျော် (4th Year Business Management, University of South Florida, USA)၊ (မောင်ထူးမြတ်မောင်)၊ မမြတ်ပွင့်ဖြူ(Grade-8)၊ မမြတ်ရတနာခိုင်(Grade-6)၊ မစောယွန်းနွယ်(Grade-6)၊ မအေးမြင့်မြတ်ဖြိုး(Grade-3)၊ မောင်အောင်မြတ်ခိုင်(Grade-2)တို့၏အဘိုးရှင်၊ ဒေါ်စိုးသာစိန်၏မောင်၊ ဒေါ်မကျန်သိန်း၏အစ်ကိုသည် ၂၄-၇-၂၀၁၈ရက် နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်တင်ချိုဝင်း(ခ) ချိုထွေး (စင်ကာပူ)

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ် ၃၅၊ ကန်လမ်းနေ ဦးဘန်နီတင်ထွန်း-[ဒေါ်ချယ်ရတီဟားဝဒ် (ခ) ဒေါ်ဝင်းဝင်းကြည်]တို့၏သမီး၊ ဦးထွန်းထွန်းစိန်၏ဇနီး၊ မောင်ဝင်းသူရိန်ထွန်း (Dennis) (ဆေးတက္ကသိုလ်စာတွေးလျှ)၏ ချစ်လှစွာသောမိခင်၊ ဒေါ်နီနီဝင်း (ဧည့်လမ်းညွှန် အင်္ဂလိပ်-ဂျပန်)၊ ဒေါ်တင်ညိုဝင်း (ခေတ္တ-စင်ကာပူ)၊ ဒေါ်တင်မြဝင်းတို့၏ညီမ၊ ဒေါ်တင်နွယ်ဝင်း(နီတာ)၊ ဦးဇော်ဝင်းထွန်း(ဖိုးချို) (ခေတ္တ-အင်္ဂလန်)တို့၏အစ်မ၊ ဒေါက်တာအောင်ပြည့်စုံဝင်း၊ မောင်စိုးစံမောင်နိုင်(WYTU)၊ မထူးနွယ်မာဝင်း(Grade II၊ အထက-၂၊ အင်းစိန်)တို့၏အဒေါ်သည် ၂၃-၇-၂၀၁၈ရက်(တနင်္လာနေ့)နံနက်၂း၃၀နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရွာမဘုရားရှိခိုးကျောင်းရှေ့မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [၂၉-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ ကွယ်လွန်သူအားရည်စူး၍အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကိုပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးဣန္ဒြာစာရ (ဦးအောင်ငွေ)

**မြစ်ကြီးနား(ခတ်ချို)**
**သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၂၁)ဝါ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့(ခတ်ချို)နေ(ဦးစိန်ကတုံး-ဒေါ်ရိတ်)တို့၏သား၊ (ဒေါ်သိန်းရင်)၊ (ဒေါ်သိန်းခင်)၊ ဒေါ်အေးရှင်တို့၏မောင်၊ ဒေါ်ရီရီလွင်၏အစ်ကို၊(ဒေါ်ရီရီခင်)၏ခင်ပွန်း၊ဦးခင်မောင်ငွေ-ဒေါ်သန္တာသဲစုသိန်း၊ဒေါက်တာမောင်တိုး-ဒေါ်ဖြူပြာမင်းမင်းသိန်း၊ ဦးထွန်းလင်းသိန်း၊ (ဗိုလ်မှူးကျော်မြတ်ဦး)-ဒေါ်သူဇာသက်သက်အောင်၊ ဒေါ်ခင်သီတာအောင်၊ ဗိုလ်ကြီးပြည့်ဖြိုးသိန်း-ဒေါ်သီဂီဆွေ၊ ဦးအောင်ရဲအောင်-ဒေါ်စုသဇင်အောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် (၁၃၈၀ပြည့်၊ ဒုတိယဝါဆိုလဆန်း ၁၂ရက်) ၂၄-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၀၅နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ စိတ္တသုခတပ်ဦးကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၆-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (စိတ္တသုခကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် စိတ္တသုခတပ်ဦးကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လင်း (မအူပင်)

**တရားလွှတ်တော်ရှေ့နေ (Notary Public)**
**မအူပင်မြို့နယ်အသင်းနာယက**
**ထူးပုံနှိပ်တိုက်၊ ရာပြည့်ပုံနှိပ်တိုက်**
**အသက်(၈၇)နှစ်**

မအူပင်မြို့နေ (ရှေ့နေဦးလွင်-ဒေါ်လှခင်)တို့၏သား၊ (ဦးလှပို-ဒေါ်လှခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အမှတ် ၁၇၇ (ပထမထပ်)နေ ဒေါ်ခင်စိုးဦး၏ခင်ပွန်း၊ ဦးတင်မောင်မောင်လင်း(ခ)ကိုဇော်-ဒေါ်ဝါဝါဝင်း၊ ဦးမျိုးသန့်-ဒေါ်မြတ်မြတ်လင်း၊ ဦးထိန်ဝင်း-ဒေါ်ငွေငွေလင်း၊ ဦးခင်မောင်မောင်လင်း(ခ)ဘိုဘို-ဒေါ်မွန်မွန်ယဉ်ကြည်၊ ဦးဇာနည်သောင်း-ဒေါ်ကေသီလင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်လင်းထက်အောင်၊ မစုမျက်ခြယ်၊ မမေမွန်မွန်မောင်၊ မအိမ့်ချမ်းမြေ့၊ မအိချမ်းမြေ့၊ မခင်မွန်မွန်ကိုတို့၏အဘိုးသည် ၂၄-၇-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်လှိုင်မှီ (Wilfred)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လေကြောင်း**
**Ex: Chairman(MAI), Board of Directors of (YANGON AIRWAYS),(M.H.I)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး(၂)လမ်း၊ မ/၅နေ (ဦးချစ်လှိုင်မှီ-ဒေါ်တင်သန်း)တို့၏သား၊ (Mr.L.R.Beale-ဒေါ်စိုးမြ)တို့၏သားသမက်၊ ဒေါ်မြမြသန်း(Lorna)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လှိုင်မှီသန်း-ဦးဖြိုးဝေစိုး(ခေတ္တ-Canada)၊ (ဦးထွဋ်လှိုင်မှီ)-ဒေါ်ခင်မာအေး၊ ဒေါ်လှိုင်မှီထွေး-ဦးဇော်မင်းတို့၏ချစ်လှစွာသောဖခင်၊ ကိုထက်လှိုင်မှီ၊ ကိုဆက်လှိုင်မှီ၊ မဆုလှိုင်မှီဖြိုး၊ မမြတ်လှိုင်မှီမင်းတို့၏အဘိုးသည် ၂၄-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၂နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၇-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်လှိုင်မှီ (Wilfred)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လေကြောင်း**
**Ex. Chairman. (MAI), Board of Director of (YANGON AIRWAYS) and (M.H.I)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး(၂)လမ်း၊ မ/၅နေ (ဦးချစ်လှိုင်မှီ-ဒေါ်တင်သန်း)တို့၏သား၊ (Mr.L.R Beale-ဒေါ်စိုးမြ)တို့၏သားသမက်၊ ဒေါ်မြမြသန်း(Lorna)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်လှိုင်မှီ-(ဦးခင်မောင်ရင်)၊ ဦးသန်းမောင်လှိုင်မှီ-(ဒေါ်လှဲ့လှဲ့ဟန်)၊ ဦးသိန်းမောင်လှိုင်မှီ-ဒေါ်စိုးစိုးမျိုး၊ (ဦးတင်မိုးကြည်)-ဒေါ်သန်းသန်းဆင့်တို့၏အစ်ကို၊ ဦးလင်းလှိုင်မှီ-ဒေါ်မာမာကျော်၊ ဦးခွဲလှိုင်မှီ၊ ဒေါ်လှိုင်မှီယဉ်၊ ဒေါ်လှိုင်မှီယု၊ ဦးထွန်းလှိုင်မှီ၊ ဒေါ်လှိုင်မှီမျိုးတို့၏ဘဘကြီးသည် ၂၄-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၂နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၇-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူ မောင်နှမနှင့် တူ၊ တူမများ

---

## အုပ်ခွဲတပ်ကြပ်ကြီး ဇော်မျိုးထွန်း

**အသက်(၄၇)နှစ်**

သန်လျင်မြို့နယ်၊ သန်လျင်ရေတပ် သံလွင်လိုင်း(၃)၊ အခန်း ၂နေ ဦးညွန့်လှိုင်-(ဒေါ်နွဲ့ရီ)တို့၏သား၊ (ဦးနေဒွန်း-ဒေါ်ခင်လှငွေ)တို့၏ သားသမက်၊ ဦးကျော်မိုးလွင်-ဒေါ်သန်းသန်းမော်တို့၏ညီ၊ ဦးဇော်မင်းလတ်-ဒေါ်ငွေငွေမြင့်၊ ဦးရဲသွေး-ဒေါ်မိမိလွင်၊ ဦးဝဏ္ဏလှိုင်-ဒေါ်ဝင်းငွေ၊ ဦးအောင်ဦး-ဒေါ်ယဉ်ယဉ်သိမ့်တို့၏အစ်ကို၊ အရာခံဗိုလ်အောင်မင်း(ရတခ)-ဒေါ်မြမြအေး၊ (ဗိုလ်ကြီးမြင့်ထွန်းဦး)-ဒေါ်မင်းမင်းစိုး(လ/ထ မန်နေဂျာ၊ ကားတာယာစက်ရုံ၊ MEC)၊ ဒုအရာခံဗိုလ်လှမြင့်ထွန်း-(ဒေါ်မူမူချို)တို့၏ညီ/အစ်ကို၊ ဒေါ်သီတာချို(ကကငွေ၊ ငြိမ်း)၏ခင်ပွန်း၊ မထက်အိလျှံ၏ဖခင်၊ အုပ်ခွဲတပ်ကြပ်ကြီးနိုင်လင်း(ရသခ)-မဝတ်ရည်နွေး၊ ဦးယူကိုဝင်း-မဖြိုးဖြိုးအိ(M.I.T.T)၊မောင်ဇော်မျိုးဝင်း၊ မရတနာဆင့်မေ၊ မပိုပိုဝင့်မေ၊ မောင်ကျော်မြင့်ထွန်း၊မောင်မင်းသီဟတို့၏ဦးလေးသည် ၂၃-၇-၂၀၁၈ရက် ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၁)ခုတင်(၁၀၀၀)ဆေးရုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း အာရှကလပ်ပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှကလပ် ဘော်လီဘော ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၁၄ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ယခုပြိုင်ပွဲမှာ ကလပ်အသင်းပြိုင်ပွဲ ဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် Asia World ကလပ်အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကျော်စွာဝင်းက ကိုင်တွယ်မည်ဖြစ်သည်။

မြန်မာဘော်လီဘောအသင်းသည် ဩဂုတ်လတွင် ယှဉ်ပြိုင်မည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အာရှထိပ်တန်းကလပ်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မြန်မာကစားသမားများအနေဖြင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူ-ဦးမျိုးဝဏ္ဏထွန်း၊ နည်းပြချုပ်- ဦးကျော်စွာဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးစိုင်းညီလေးနှင့် ဦးဖြိုးဝေအောင်၊ ကစားသမားများအဖြစ် အောင်သူ၊ ဒိုမေးနီကို၊ သွင်ထူးဇင်၊ ခွဲခြားမောင်၊ မျိုးမင်းဦး၊ နေလင်းအောင်၊ အောင်ဖြိုး၊ ဇော်ထက်အောင်၊ ညီညီစံ၊ စံညွှန်းမောင်၊ ဇော်ဝင်းလှိုင်၊ ရထိုက်ဝေ၊ ဇော်လွင်ထွန်း၊ ခိုင်ထက်ထွန်းတို့ ပါဝင်ကြသည်။

၂၀၁၈ အာရှကလပ် ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကလပ် ၁၄ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (ဃ) တွင် တာ့ခ်မင်နစ္စတန်၊ ပါကစ္စတန်တို့မှ ကလပ်အသင်းများနှင့် ကျရောက်နေသည်။ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်က ပထမအကြိမ် လက်ခံကျင်းပခဲ့သည်။

**ညီမြတ်သော်တာ**



မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာ ယူ-၂၃ အသင်း လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာ ယူ-၂၃ အသင်းသည် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဇူလိုင် ၂၃ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းကို ပဏာမ ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှု ပြုလုပ်လျက်ရှိပြီး ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ နံနက်၊ ညနေ နှစ်ကြိမ် လေ့ကျင့်မည်ဖြစ်သည်။ ရွေးချယ်ထားသည့် ကစားသမားများအနက် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းတွင် အငှားသွားရောက်ကစားနေသည့် တိုက်စစ်မှူး အောင်သူသည် ဇူလိုင် ၃၀ ရက်မှ လာရောက်ပူးပေါင်းနိုင်မည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲအတွက် ယခု ရွေးချယ်ထားသည့် ကစားသမားများမှ သုံးဦးလျှော့ချကာ ၂၃ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းတွင် **နည်းပြချုပ်**အဖြစ် အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြ**အဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ **ဂိုးနည်းပြ**-ကာစတန်၊ ကစားသမားများအဖြစ် **ဂိုးသမား**- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ အေဇင်မှူး (စစ်ကိုင်း)၊ **နောက်တန်း**- ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင်(ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ မျိုးကိုထွန်း၊ ရဲရင့်အောင်(ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော် (အား/ကာ သိပ္ပံ)၊ **အလယ်တန်း**- လှိုင်းဘိုဘို၊ ရဲကိုဦး၊ စည်သူအောင်၊

စာမျက်နှာ ၈ ကော်လံ ၆





မြန်မာ ယူ-၂၃ အသင်း နည်းပြချုပ် အန်တွမ်နီဟေး။ ဓာတ်ပုံ-စိုးညွန့်

## စစ်တောင်းမြစ်နှင့်သံလွင်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဧရာဝတီမြစ်ရေ ညောင်တုန်း၌ စိုးရိမ်ရေမှတ်ကျော်လွန်၍ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထား

**ညောင်တုန်း ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေသို့ ရောက်ရှိလာပြီဖြစ်သည်။ ညောင်တုန်းမြို့၏ အန္တရာယ်ရေအမှတ်သည် ၂၄ ဒသမ ၅ ပေရှိပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက မြို့ပတ်ရေကာတာ၏ တာတမံ အမြင့်ကို ၃၀ ဒသမ ၅ ပေအထိ ပြန်လည်မြှင့်တင်ထားရှိမှုကြောင့် စိုးရိမ်ရေမှတ်ကျော်လွန်နေသော်လည်း ရေဘေးအန္တရာယ် စိုးရိမ်စရာမရှိကြောင်း သိရသည်။

ညောင်တုန်းမြို့၏ နှစ်စဉ်ရေဘေးကြုံတွေ့မှုကို ကြည့်မည်ဆိုပါက ၄-၈-၂၀၁၅ ခုနှစ်တွင် ၂၅ ဒသမ ၅ ပေ၊ ၈-၈-၂၀၁၆ ခုနှစ်တွင် ၂၆ ဒသမ ၄ ပေ၊ ၅-၉-၂၀၁၇ ခုနှစ်တွင် ၂၅ ဒသမ ၈ ပေသို့တိုင်အောင် စိုးရိမ်ရေမှတ်ကို ကျော်လွန်၍ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါမြစ်ရေ မြင့်တက်လာမှုကြောင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင်

စာမျက်နှာ ၈ ကော်လံ ၁



ညောင်တုန်း၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကို တွေ့ရစဉ်။


## ပေးချင်မကုန် လှူချင်မခန်း ဇောတိကဝါဆိုသင်္ကန်း

တရုတ်စိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး) ၁၂၀၀၀
ကိုရီးယားစိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး) ၁၃၀၀၀
ကိုရီးယားစိုင်စီဒွိစုံ L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၁၅၀၀၀
စက်ဘုစီဝိုင်စီဒွိစုံ L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၁၇၀၀၀
ယိုးဒယားစိုင်စီဒွိစုံ L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၂၀၀၀၀
အင်ဒိုရှိုင်ဖယ် L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၂၀၀၀၀
ပဒုမ္မာချည်ဝိုင် (ပိန့်) L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၂၆၀၀၀
ဂျပန်စိုင်စီဒွိစုံ (ဘိုမ) L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၃၀၀၀၀
ဂျပန်စိုင်စီဒွိစုံ (ဘိုမ) LL ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၃၃၀၀၀
ဂျပန်လီနင်ဒွိစုံ (လိပ်ပြာ) L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၃၈၀၀၀
သရီးရှိုင်ဖယ်ဒွိစုံ(ဘိုမ-၃၃၃) L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၃၈၀၀၀
သရီးရှိုင်ဖယ်ဒွိစုံ(ဘိုမ-၃၃၃) LL ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၄၃၀၀၀
ဂျပန်မာတင်ဒွိစုံ (ဘိုမ) L ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၃၈၀၀၀
ဂျပန်မာတင်ဒွိစုံ (ဘိုမ) LL ဆိုဒ် (ဇုဖြတ်ခါးခွဲ) ၄၃၀၀၀
ကြာရိုးချည်သင်္ကန်း (အင်းလေးကျိုင်းခမ်း) ဒွိစုံ ၂,၅၀၀,၀၀၀

"အဆင့်မြင့် အထူးစပါယ်ရှယ် ဝါဆိုသင်္ကန်းများ"
စူပါကင်း 999 ဂျပန်စီဝိုင်စီ L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) ၆၀၀၀၀
စူပါကင်း CCC ကော်တွန်ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) ၇၀၀၀၀
စူပါကင်း 777 သရီးရှိုင်ဖယ် L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) ၉၀၀၀၀
စူပါကင်း GGG ကော်တွန်ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) ၁၀၀၀၀၀
စူပါကင်း AAA ကော်တွန်ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) ၁၂၀၀၀၀
စူပါကင်း SSS ကော်တွန်ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) ၁၅၀၀၀၀

### ရန်ကုန်မြို့ပေါ်ရှိ ဇောတိကသင်္ကန်းပင်ရင်းအရောင်းဆိုင်များ

www.zawtika.com

ဇောတိက (၁) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၈၀
ဇောတိက (၂) အမှတ်(၉၇)အေ၊ ဘုန်းကြီးလမ်းအလယ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၂၁၅၉
ဇောတိက (၃) အမှတ်(၆၁၆၂)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၃၁၇၃၉၃၊ ၀၉-၃၂၀၇၅၃၄
ဇောတိက (၄) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၇၇၊ ၀၁-၈၆၀၃၁၂၈
ဇောတိက (၅) ၁၅လမ်း၊ ညောင်ပင်လေးဈေးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၄၉၂၈
ဇောတိက (၆) တာမွေလမ်းဆုံ၊ ရွှေဗဟိုရုပ်ရှင်ရုံရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၇၀၇၂၅၉
ဇောတိက (၇) ပြည်လမ်း၊ ဂမုံ လမ်းဆုံ၊ ရိုးမဘဏ်အနီး၊ မရမ်းကုန်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၅၃၃၃၇
ဇောတိက (၈) ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်ဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁ -၈၆၁၀၇၉၆
ဇောတိက (၉) AKK Shopping Mall အနီး၊ ကျိုက္ကဆံဘုရားမှတ်တိုင်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၅၆၀၇၉၃
ဇောတိက (၁၀) မြန်မာဘစ်ရှော့ဈေးဝယ်စင်တာ ၈၅၊ ရေတာရှည်လမ်းဟောင်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၅၂၈၀၂
ဇောတိက (၁၁) ဘစ်ရှော့ဈေးဝယ်စင်တာ၊ (၉၄၆)၊ သုဓမ္မာလမ်း၊ မ/ဥက္ကလာ၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၆၉၂၂၇၉
ဇောတိက (၁၂) အမှတ်(၃၆)၊ ရေတာရှည်လမ်းသစ်၊ ယုဇနပဟိုတယ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၆၁၀၈၆၇၃
ဇောတိက (တ/ဥက္ကလာ) (၁၄၅/က)၊ ပါရမီလမ်း၊ ပါရမီအဝေးပြေးရှေ့၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၃၃၃၂၆၇
ဇောတိက (မ/ဥက္ကလာ) ခေမာသီလမ်း၊ မ/ဥက္ကလာ(ဈ)ဈေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၉
ဇောတိက (မြေနီကုန်း) တိုက် (၁၇-အေ)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၇
ဇောတိက (သိမ်ကြီးဈေး) ၅၇၊ ကုန်ဈေးတန်းလမ်း၊ သိမ်ကြီးဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၉၃၅၃
ဇောတိက (အင်းစိန်) ၅၀ ၊ လှိုင်မြစ်ကမ်းလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း ၀၉-၃၃၅၄၅၂၁၂
ဇောတိက (ဘုရင့်နောင်) ၁၁၀ ၊ သမိုင်းခုံးကျော်တံတားနှင့် ဘုရင့်နောင်တံတားကြား၊ မရမ်းကုန်းမြို့နယ်။ ဖုန်း ၀၉-၃၂၂၁၂၁၂၈
ဇောတိက (ရန်ကင်း) ၂၄၈၊ သစ္စာလမ်းမကြီး နှင့် မိုးကောင်းလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၃၀၇၅၀၀၅၅
ဇောတိက (ကမ္ဘာအေး) ၂၁၀၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၃၂၃၀၇၅၃၅
ဇောတိက (သာကေတ-ဒေါပုံ) ၄၃၄၊ မြေညီထပ်(၂-လွှာ)၊ ယမုံနာလမ်းမ၊ ဧယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်။ ဖုန်း-၀၉-၇၈၁၇၆၇၁၇၀
ဇောတိက (ရခ-မန္တလေး) ၁၄၊ ၇၈-လမ်း နှင့် ၃၃-လမ်းထိပ်၊ မန္တလေးမြို့။ ဖုန်း - ၀၉-၇၆၅၁၄၆၁၈၂
ဇောတိက (နေပြည်တော်) ၅၀၁၊ ရာဇဌာနီလမ်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့။ ဖုန်း - ၀၉-၄၉၂၇၇၅၂ ၊ ၀၆၇-၂၅၄၂၂
ဇောတိက (ပျဉ်းမနား) ၈၅၉၊ ဗိုလ်ချုပ်လမ်းမ၊ ပျဉ်းမနားမြို့။ ဖုန်း - ၀၉-၃၂၃၀၇၅၃၃

Hot Line -01-8603129,09-253348646,09-799888667

ရန်ကင်း-မိုးကောင်း၊ ကမ္ဘာအေး၊ သာကေတ-ဒေါပုံ(ရန်ကုန်ပင်မဆိုင်ခွဲများ)နှင့် နေပြည်တော်၊ ပျဉ်းမနား၊ ၇၈-မန္တလေးပင်မဆိုင်ခွဲတို့ကိုဖွင့်လှစ်လိုက်ပါပြီ။

အာမခံစနစ်
သင်္ကန်းအရွယ်အစား၊ဝတ်စည်းအရှိုးအစား
မှန်ကန်မှုမရှိပါက
ဝိနည်းတရားတော်နှင့်အညီ သင်္ကန်းအခန်း
(၅)ခန်း၊ (၅)ခွဲ၊ (၅)ဖြတ် ဖြစ်စေရန်သင်္ကန်းလျှာ
ဝိတ်စများကို ခါးဖြင့်ဖြတ်တောက်ပြီး ဝိတ်စ
(၉)စဖြင့် အခန်းဖွဲ့ချုပ်လုပ်ထားပါ၍
မှန်ကန်မှုမရှိပါက
ဝယ်ယူသည့်တန်ဖိုး(၃)ဆ ပြန်ပေးပါမည်။
တစ်နှစ်အတွင်းသင်္ကန်းချုပ်ရိုး တစ်ကြောင်း
ဖြုတ်လျှော်အရိုးတူ သင်္ကန်းအသစ်တစ်စုံ
ပြန်လည်အစားပေးသည့် ချုပ်ရိုးချုပ်သား
အာမခံစနစ်ဖြစ်ပါသည်။

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်
၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့

# ဝိုင်ဘီအက်စ်၏တစ်နှစ်ကျော်ခရီးကို လေ့လာသုံးသပ်ခြင်း

**ထင်ပေါ်ဝင်း**

**ရန်ကုန်မြို့တော်အတွင်း ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အသစ်ပြောင်းလဲခဲ့သော ရန်ကုန်ဘတ်စ်ကား ဝန်ဆောင်မှုစနစ်သည် အချိန်ကာလအားဖြင့် နှစ်နှစ်နီးပါးခန့် ကြာမြင့်လာပြီဖြစ်သည်။ စနစ်သစ်နှင့်အတူ ယာဉ်လိုင်းများတိုးချဲ့ ပြေးဆွဲလာခဲ့သည်မှာ ယာဉ်အစီးရေ ၁၀၀ နီးပါးခန့်ပင် ရှိလာပြီဖြစ်သည်။ မြို့တော်ရန်ကုန်၏ လမ်းကွန်ရက်အားလုံးနီးပါးကို ခြုံငုံနိုင်ပြီဟုယူဆရသော အချိန်ကာလတစ်ခုကို ရောက်ရှိလာခဲ့ပြီဖြစ်သည်။ စတင်တာထွက်စဉ်က အထနှေးခဲ့သော ဝိုင်ဘီအက်စ်သည် တဖြည်းဖြည်းနှင့် အရှိန်ရလာသည်။**

ရန်ကုန်လေဆိပ်နှင့် ရန်ကုန်ဘူတာကြီး၊ ဆူးလေတို့သို့ အသွားအပြန် လွန်းပြန်ယာဉ်များ ပြေးဆွဲလာနိုင်သည်။ တက္ကသိုလ်များကို အခြေပြုသော ယာဉ်လိုင်းသစ်များ တစ်လိုင်းပြီး တစ်လိုင်း ထွက်ပေါ်လာသည်။ ယာဉ်အို၊ ယာဉ်ဟောင်းများနေရာတွင် ခေတ်မီမော်တော်ယာဉ်သစ်ကြီးများဖြင့် အစားထိုးနိုင်လာသည်။ ယာဉ်စီးနင်းသူ ခရီးသည်များ အအော်အငေါက်ခံရသော ဘဝမှလွတ်မြောက်ကာ ချိုသာသောအသုံးအနှုန်းတို့ဖြင့် သုံးနှုန်းပြောဆိုခြင်းကို ပြောင်းလဲနိုင်ခဲ့သည်။ ယာဉ်လိုင်းပြေးဆွဲနေသော မော်တော်ယာဉ်ကုမ္ပဏီများတွင် အားရကျေနပ်ဖွယ်ကောင်းလောက်အောင် မော်တော်ယာဉ်အသစ်အစီးရေ မြောက်မြားစွာက ခွင့်ပြုမိန့်အသစ်ကို စောင့်ကြိုလျက်ရှိသည်။

ရန်ကုန်မြို့သူ မြို့သားများအတွက် ဝန်ဆောင်မှုကောင်းကောင်းဖြင့် ထွက်ပေါ်လာခဲ့သော ဝိုင်ဘီအက်စ်သည် အချို့သောနေရာများတွင် လိုက်ပါပြောင်းလဲမှုက နှောင့်နှေးနေဆဲဖြစ်သည်။ ပြည်သူ့အတွက် ဝန်ဆောင်မှုဟူသော အကြောင်းပြချက်ဖြင့် ယာဉ်အချို့တွင် ယာဉ်နောက်လိုက်များ ပါလာတတ်သည်။ ယာဉ်လိုင်းတူ အိမ်ကားပြဿနာတည်းဟူသော ဖုန်းပြောမှုက ယာဉ်မောင်းများတွင် မလိုအပ်ဘဲ တွေ့မြင်နေရသည်။ ဝိုင်ဘီအက်စ်စနစ်အတွင်းရှိ မီနီဘတ်အများစုက လေအေးစက်ပိတ်ကာ ပြတင်းတံခါး ဖွင့်မောင်းသည်။ ငွေအကြွေပြဿနာကိုအရင်းပြုကာ ယာဉ်နောက်လိုက် ထားရှိသည်။ ရှေ့ယာဉ် နောက်ယာဉ် လူအနည်းအများအပေါ်မူတည်ကာ ယာဉ်နောက်လိုက်၏ မောင်းနှင်မိန့်ကို ယာဉ်မောင်းများက လိုက်နာကြရသည်။ ဘတ်စ်ကားမှတ်တိုင်များတွင် တာဝန်ကျကုမ္ပဏီဝန်ထမ်းမဟုတ်ပါဘဲ ယာဉ်တစ်စီးနှင့်တစ်စီး အကွာအဝေးကို အချိန်မှတ်သူတို့ အချို့သောမှတ်တိုင်များတွင် ရှိနေဆဲဖြစ်သည်။

ဝိုင်ဘီအက်စ်စနစ်ပြောင်းလဲခါစက ယာဉ်ပေါ်ရှိ ယာဉ်စီးခပေးချေရာငွေပုံးများအား သော့ခတ်ထားသည်ကို တွေ့ရသည်။ ယခုနောက်ပိုင်းတွင် ယင်းစနစ်က တဖြည်းဖြည်းယိုယွင်းစပြုလာသည်။ တစ်ထောင်တန်၊ ငါးရာတန်များကို ယာဉ်မောင်းက လဲလှယ်ပေးရာတွင် အဆိုပါပုံးကို အလွယ်တကူဖွင့်ကာ လဲလှယ်ပေးသည်ကို တွေ့လာရသည်။ အချို့ယာဉ်များက ပလတ်စတစ်ခြင်းငယ်များအတွင်းရှိ ငွေကို ကိုယ်တိုင်လဲလှယ်စေသည်။ သက်ဆိုင်ရာတို့က ယာဉ်စီးခကို ငွေပေးချေကတ်စနစ်ဖြင့် အစားထိုးရန် ကြိုးစားနေသည်။ သို့သော် လက်ရှိအချိန်အထိ ကတ်စနစ်က မပေါ်ပေါက်သေးပေ။

ယာဉ်များ၏ ဥပဓိရုပ်နှင့်ပတ်သက်၍ သန့်သန့်ရှင်းရှင်း ဆေးကြောသန့်စင်နေသော ယာဉ်လိုင်းများရှိသလို ဖုန်အလိမ်းလိမ်းဖြင့် လမ်းမပေါ်ပြေးဆွဲနေသော ကားကြီးအချို့ကိုလည်း တွေ့မြင်ရသည်။ ယာဉ်ကျောကျပ်တည်းသည့် မီးပွိုင့် ဧရိယာအတွင်း စက်ပျက်တတ်သောကားအချို့ကိုလည်း တွေ့မြင်ရဆဲဖြစ်သည်။ ဝိုင်ဘီအက်စ် စနစ်သစ်စတင်စဉ်က ရှေ့ယာဉ်၊ နောက်ယာဉ် ညီညာစွာ မောင်းနှင်လာခြင်းမျိုးကို ယခုအခါ အများမြင်ကွင်းမှ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ ငွေစက္ကူကို ရှေ့ပိုင်းရှိ ငွေပုံးတွင်ထည့်၍ နောက်ပေါက်သို့သွားကာ ကားပေါ်တက်ရခြင်းမျိုးလည်း ပြန်လည်ခေတ်စားလာသည်။ ရန်ကုန်မြို့ကဲ့သို့ အနယ်နယ်အရပ်ရပ်မှ လူအများဝင်ထွက် အသုံးပြုရာနေရာတွင် စည်းကမ်းလိုက်နာမှုသည် အလွန်အရေးကြီးပါသည်။ ယာဉ်လိုင်းများ ဘက်မှ စည်းကမ်းလိုက်နာမှု ရှိရမည်ဖြစ်သကဲ့သို့ **အချပ်ပို(ဂ)သို့**





ထိန်လင်း

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် CCTV တပ်ဆင်မှုအရေးပါလာပြီဖြစ်

**သော်တာနမ့်စန်**

**မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူနှင့် ရဲတပ်ဖွဲ့ကို အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်တစ်ခု လိုအပ်လာလျက်ရှိရာ ထိုအရာမှာမြို့နယ်တိုင်းတွင် CCTV များတပ်ဆင်၍ မှုခင်းများကို ဖော်ထုတ်နိုင်ခဲ့ခြင်းပင်ဖြစ်**

ရန်ကုန်မြို့သည် မြန်မာပြည်၏ စီးပွားရေးအချက်အချာကျရာ မြို့ပြကြီးဖြစ်သည့်အပြင် ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်၍ လူဦးရေ ၇၄ သိန်းကျော်နေထိုင်ရာ တိုင်းဒေသကြီးတစ်ခုလည်းဖြစ်သည်။ ရန်ကုန်မြို့၏ စက်မှုဇုန်ကြီးတစ်ခုဖြစ်သော လှိုင်သာယာမြို့နယ်တွင် ၂၀၁၄ ခုနှစ်က ကောက်ခံခဲ့သောစာရင်းအရ လူဦးရေ ခုနစ်သိန်းကျော်ရှိပြီး သန်းခေါင်စာရင်းဖြင့် နေထိုင်သူ လေးသိန်းကျော်ရှိကာ ယနေ့ကာလတွင် တရားမဝင်နေထိုင်သူ၊ ရွှေ့ပြောင်းနေထိုင်သူတို့ နှစ်စဉ်တိုးပွားလာမှုကြောင့် လှိုင်သာယာသည် ရန်ကုန်မြို့သာမက မြန်မာတစ်ပြည်လုံးတွင် မြို့နယ်တစ်ခုအနေဖြင့် လူဦးရေသိပ်သည်းစွာ နေထိုင်သော မြို့နယ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ လူဦးရေသိပ်သည်း စွာနေထိုင်လာမှုသည် ရန်ကုန်မြို့ပြနှင့် အဆိုပါမြို့နယ်တစ်ခုအတွက် လူမှုကဏ္ဍ၊ ကျန်းမာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည်မှာ အမှန်ပင်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုကိုးကျွန်းမပါ ၄၄ မြို့နယ်အတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ ချပေးထားပြီးလည်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှလည်း ပြည်သူကိုအခြေပြုသော ကွန်မြူနတီပူလစ်ဇင်ဖြင့် ရဲလုပ်ငန်းစဉ်တို့ကို ပြည်သူနှင့်အတူ ပူးပေါင်းကာ ၂၀၁၆ ခုနှစ်မှ ရပ်ရွာအခြေပြုအဖွဲ့များဖြင့် မှုခင်းဖြစ်ပွားမှုများသော လှိုင်သာယာမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်ကို စတင်ဆောင်ရွက်ခဲ့ရာ မှုခင်းများကျဆင်းခဲ့ပြီး ကျန်သောမြို့နယ်ပေါင်း ၄၀ ကိုလည်း တစ်ဆင့်ချင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခဲ့သဖြင့် အများပြည်သူသွားလာသော လမ်းမကြီးများပေါ်တွင် ဓားသိုင်းပြနေသောအဖွဲ့များ၊ မှုခင်းကြီးများ ကျဆင်းသွားသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် နေထိုင်မှုတိုးလာသော လူဦးရေနှင့် ရဲတပ်ဖွဲ့အင်အား မမျှမှုသည် ရေရှည်တွင် လူမှုစီးပွားနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာနေဆဲဖြစ်သည်။ ထို့ကြောင့် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူနှင့် ရဲတပ်ဖွဲ့ကို အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်တစ်ခု လိုအပ်လာလျက်ရှိရာ ထိုအရာမှာမြို့နယ်တိုင်းတွင် CCTV များတပ်ဆင်၍ မှုခင်းများကို ဖော်ထုတ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

"မြို့နယ်ပေါင်း ၄၄ မြို့နယ်မှာ CCTVတပ်ဆင်ပြီးပါပြီ။ မြို့နယ်တစ်ခုနဲ့တစ်ခု တပ်ဆင်ထားတာ အနည်း၊ အများတော့မတူဘူး။ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခဲ့တာပါ။ မှုခင်းဖြစ်ပွားမှုကို CCTV ကနေ ဖော်ထုတ်ခဲ့တာ တွေ့ရှိပါတယ်။ ပုဂ္ဂလိကတပ်ဆင်ထားတဲ့ နေရာတွေကနေ မှုခင်းဖော်ထုတ်နိုင်ခဲ့တာတွေလည်းရှိတယ်။ **အချပ်ပို (ခ) သို့**

## ရန်ကုန်မြို့တစ်ခွင် အမှိုက်ကင်းစေချင်



အချပ်ပို (ခ)

## ရန်ကုန်မြေမှ ချစ်စရာ ပန်းခြံငယ်လေးတစ်ခု



အချပ်ပို (ဂ)

# ရန်ကုန်မြို့တစ်ခွင် အမှိုက်ကင်းစေချင်

ဝေယံဦး



လှိုင်သာယာအထက (၁) ၌ ကျောင်းဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - သန်းစိုး

အခုရက်ပိုင်းအတွင်းမှာ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်အတွင်းမှာရှိတဲ့ စာသင်ကျောင်းတွေကို အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးမှုတွေ ပြုလုပ်နေတယ် ဆိုတဲ့သတင်းနဲ့ ဗိုလ်တထောင်မြို့နယ်မှာ နောက်ဖေးလမ်းကြားဥယျာဉ်တစ်ခု ဖွင့်လှစ်လိုက်တယ်ဆိုတဲ့သတင်းတွေကတော့ ရန်ကုန်မြို့တော်အတွက် စိတ်ဝင်စားစရာ သတင်းတွေပဲ ဖြစ်ခဲ့ပါတယ်။

ရန်ကုန်မြို့ဟာ လူဦးရေထူထပ်များပြားတာမို့ နေ့စဉ် အမှိုက်စွန့်ပစ်မှု၊ အမှိုက်သိမ်းဆည်းမှု ပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီး ဒါကို ဖြေရှင်းဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ပရဟိတအဖွဲ့တွေ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေ၊ အဲဒီမြို့နယ်တွေအတွင်းမှာရှိတဲ့ စာသင်ကျောင်းတွေကို ဦးစားပေးရွေးချယ်ပြီး အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးမှုတွေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါ အသိပညာပေးမှု လုပ်ငန်းနဲ့ ဟောပြောပွဲတွေကို လက်တွေ့ကွင်းဆင်းပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စာသင်ကျောင်းတွေကို ရွေးချယ်တဲ့အခါ မြို့နယ်အတွင်း လူဦးရေထူထပ်မှု၊ အမှိုက်စွန့်ပစ်မှုများပြားမှု စတဲ့ အချက်တွေအပေါ် အခြေခံပြီး ပထမဆုံးအနေနဲ့ လှိုင်သာယာမြို့နယ်မှာ စတင်အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကတစ်ဆင့် မိမိတို့နေထိုင်ရာ ရပ်ကွက်၊ လမ်း၊ အိမ်တွေမှာ အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာတွေ ပျံ့နှံ့ရောက်ရှိသွားစေမှာ ဖြစ်ပါတယ်။

လှိုင်သာယာမြို့နယ်မှာ စာသင်ကျောင်းပေါင်း ၅၈ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ၉၀၀၀၀ ကျော် တစ်သိန်းနီးပါး ပညာဆည်းပူးနေတာမို့ ကျောင်းသားဦးရေ များပြားတာတော့ အမှန်ပါပဲ။ ဒါကြောင့်မို့ အခု ဇူလိုင်လမှ စတင်ပြီး ခြောက်လတာ ကာလအတွင်း လှိုင်သာယာမြို့နယ်အတွင်း စာသင်ကျောင်းတွေမှာ အမှိုက်စွန့်ပစ်မှု အသိပညာပေးဆိုင်ရာ လုပ်ငန်းတွေကို အပြီးအကောင်အထည်ဖော်သွားဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ ခြောက်လတာကာလ ပြီးဆုံးသွားရင် နောက်ထပ် မြို့နယ်တစ်မြို့နယ်ကို ပြောင်းရွှေ့ကာ ဆက်လက်ဆောင်ရွက်သွားဖို့လည်း စီစဉ်ထားကြောင်း သိရပါတယ်။

လှိုင်သာယာမြို့နယ်ဟာ တစ်နေ့ကို အမှိုက်တန်ချိန် ၁၅၅ တန်ခန့် ထွက်ရှိနေတယ်လို့ ဆိုထားပြီး ရန်ကုန်တစ်မြို့လုံးရဲ့ ၃၃ မြို့နယ်မှာ နေ့စဉ် အမှိုက်တန်ချိန် ၂၅၀၀ ခန့် ထွက်ရှိနေတယ်လို့ သိရပါတယ်။ သုတေသနပြုလုပ်မှုတွေအရ ရန်ကုန်မြို့ရဲ့ လူတစ်ဦး နေ့စဉ် အမှိုက်စွန့်ပစ်မှုဟာ တစ်နေ့ ၀ ဒသမ ၄၁ ကီလိုခန့်ရှိတယ်လို့လည်း ဆိုထားပါတယ်။

ဒါကြောင့် လှိုင်သာယာမြို့နယ်အတွင်းမှာရှိတဲ့ စာသင်ကျောင်းကို အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးမှုတွေ ပြုလုပ်တဲ့အခါ မူလတန်းကျောင်းသား ကျောင်းသူတွေကို ဘယ်လိုအသိပညာပေးမလဲ၊ အလယ်တန်းတွေကို ဘယ်လိုအသိပညာပေးမလဲ၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူတွေကို ဘယ်လိုအသိပညာပေးမလဲဆိုတာ သတ်မှတ်စီစဉ်ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

တကယ်တော့ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်အဖြစ် ရောက်ရှိနေသလို လူနေထိုင်မှုကလည်း နိုင်ငံတကာမှာ လူနေထိုင်မှုများပြားတဲ့ မြို့ကြီးအသွင်ဖြစ်လာတာမို့ အမှိုက်စွန့်ပစ်မှုပြဿနာဟာ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်နေရခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာ သန့်ရှင်းရေးဝန်ထမ်း ၄၀၀၀ ကျော်နဲ့ နေ့စဉ် အမှိုက်သိမ်းဆည်းမှုတွေ ဆောင်ရွက်နေပေမယ့် လုံလောက်မှုမရှိသေးပါဘူး။ ဘဏ္ဍာရေး အခြေအနေအရ သန့်ရှင်းရေးဝန်ထမ်း ထပ်မံခန့်ဖို့လည်း အကန့်အသတ်တွေ ရှိနေပါတယ်။ ဒါ့ကြောင့် အမှိုက်စွန့်ပစ်မှုနဲ့ အမှိုက်

**အချပ်ပို (ဃ) သို့**

အချပ်ပို (ဃ) သို့

---

**ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ..... မှ**

ဗိုလ်တထောင်မြို့နယ် ဖောက်ထွင်းမှုမှာ လမ်းကတပ်ထားတဲ့ CCTV မှတ်တမ်းကနေ သော့တုနဲ့ဖောက်ထွင်းတတ်တဲ့ ပြစ်မှုကျူးလွန်တတ်သူကို ဖမ်းဆီးနိုင်ခဲ့တာဟာ ရဲတပ်ဖွဲ့အတွက် CCTV ဟာ အထောက်အကူဖြစ်စေခဲ့ပါတယ်။ စက်မှုဇုန်လိုနေရာမျိုးတွေမှာ လုံခြုံရေးအတွက် စီးပွားရေးလုပ်ငန်းရှင်တွေ မဖြစ်မနေတပ်ဆင်ထားသင့်တယ်လို့ အကြံပြုချင်ပါတယ်။ မိမိစက်ရုံအတွက် အထောက်အကူဖြစ်စေသလို မှုခင်းဖော်ထုတ်တဲ့အခါမှာလည်း မြန်ဆန်စေပါတယ်။ “လှိုင်သာယာ၊ ရွှေပြည်သာက ၂၀၁၇ ခုနှစ်ကတည်းက CCTV တပ်ဆင်ထားခဲ့တာပါ။ မှုခင်းလည်း ယခင်ထက်ကျဆင်းသွားတာကို တွေ့ရမှာပါ။ မိမိအိမ်ခြံစည်းရိုးသာမက ရပ်ကွက်လမ်းတိုင်းမှာ CCTV တပ်ဆင်နိုင်ရင် ဒုစရိုက်မှု ပိုပြီးကင်းဝေးသွားမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးလှဝေက ပြောသည်။

မြို့နယ်ပေါင်း ၄၄ မြို့နယ်အတွက် CCTV များတပ်ဆင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တစ်မြို့နယ်လျှင် ငွေကျပ် သိန်း ၁၀၀ စီဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ချပေးခဲ့ရာ ယခုအခါ မြို့နယ်အသီးသီးတွင် CCTV များတပ်ဆင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့သော် အများပြည်သူ သွားလာမှုများသောနေရာများ၊ စက်မှုဇုန်များ၊ ယာဉ်ဖြတ်သန်းမှုများသော မီးပွိုင့်များ၊ ဌာနဆိုင်ရာလမ်းများနှင့် မြစ်ကူးတံတားများတွင် CCTV များတပ်ဆင်ရန် လိုအပ်နေဆဲဖြစ်သည်။ မှုခင်းဖြစ်ပွားမှုများသော လှိုင်သာယာမြို့နယ်တွင် လူစည်ကားရာ ဈေးလမ်းများ၊ မီးပွိုင့်များ၊ စာသင်ကျောင်းလမ်းများ၊ စက်မှုဇုန်လမ်းများ၊ အဝေးပြေးရပ်နားဝင်းနှင့် လူစည်ကားရာလမ်းဆုံတို့တွင် CCTV များတပ်ဆင်ခြင်းဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးကို ထိရောက်စွာအကျိုးပြုစေမည် ဖြစ်သည်။ လှိုင်သာယာ မြို့နယ်တွင် CCTV ခုနစ်လုံးတပ်ဆင်ထားသော်လည်း လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။

လှိုင်သာယာမြို့နယ် စခန်းမှူး ဒုရဲမှူး ဝဏ္ဏရှိန်က “တောင်ငူလမ်းနဲ့ ကျန်စစ်သားလမ်းဆုံ ၁၂၇ မှာ CCTV သုံးလုံး၊ ရုံးထိပ်လမ်းဆုံမီးပွိုင့်မှာ နှစ်လုံး၊ ဘုရားလမ်းမှတ်တိုင်မှာ နှစ်လုံး စုစုပေါင်း ခုနစ်လုံးတပ်ဆင်ထားပါတယ်။ မြို့နယ်မှူးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ တိုင်ပင်ပြီး ဘယ်နေရာမှာ ထပ်ပြီးတပ်ဆင်မလဲဆိုတာ ဆွေးနွေးထားတာတော့ ရှိပါတယ်။ ကျွန်တော်တို့စခန်းကနေ CCTV နဲ့ကြည့်ပြီး ကွန်ထရိုးလုပ်တယ်။ စက်မှာ မန်မိုရီက တစ်လပဲလက်ခံတယ်။ တစ်လကျော်သွားရင် စက်က အော်တိုပျက်သွားတဲ့စနစ်ကို အသုံးပြုထားတာ။ တစ်လထက်ပိုပြီး သိမ်းဆည်းထားမယ်ဆိုရင် အိတ်စ်ထရာဟတ်ဒစ်ကို အသုံးပြုရမှာ။ အဲ့ဒါနဲ့သိမ်းဆည်းမယ်ဆိုရင် တစ်လကို ငွေကျပ်နှစ်သိန်းခွဲနီးပါး ကုန်ကျနိုင်တယ်။ လက်ရှိ CCTV တွေက အထောက်အကူပြုဖို့ လိုနေသေးတယ်။ ရုံးရှေ့ဆိုရင် ကားလမ်းကို ရိုက်တာမဟုတ်ဘဲ တစောင်းရိုက်ထားတဲ့အတွက် ကားကို ဘေးတစ်ဖက်ကပဲ မြင်ရတယ်။ အားလုံးရှင်းရှင်းမြင်ရဖို့တော့လိုမယ်။ မြို့ထဲမှာတပ်ထားတဲ့ CCTV အဆင့်လောက်မကောင်းဘူး။ ဆိုင်ကယ်နဲ့ လူလောက်ပဲ ပုံဖမ်းနိုင်တဲ့ အထောက်အကူပဲရတယ်။ လမ်းပေါ်သွားနေတဲ့ကားအားလုံးကို တပ်ထားတဲ့ CCTV တွေက ဘေးတိုက်ပဲမြင်ရတယ်။ အတည့်မမြင်ရဘူးဖြစ်နေတယ်။ အဲ့ဒီလို အခက်အခဲတော့ရှိတယ်။ ပြီးတော့ ဖုန်းကေဘယ်လ်နဲ့ လျှပ်စစ်ကြိုးကြားထဲက သီးခြားကြိုးနဲ့ ဓာတ်တိုင်တွေအတိုင်း ကြိုးဆင်ထားတာဖြစ်တဲ့အတွက် လိုင်းတိုင်ထောင်ထားတာမရှိဘဲ လုပ်ဆောင်ထားတာကြောင့် ဓာတ်တိုင်မှာတက်ပြီးပြုပြင်တဲ့အခါဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ ကေဘယ်လ်ကြိုးထဲက ဖိုက်ဘာအမျှင်လေးတွေ တွန့်ခေါက်သွားတာနဲ့ ပြတ်သွားတာကြောင့် နက်ခ်ဝပ်ပျောက်သွားလို့ တစ်ခါခေါ်ပြင်ရင် အနည်းဆုံး ဈေးနဲ့ ကုမ္ပဏီကို ငွေကျပ် ငါးသောင်းနီးပါးပေးရတယ်။ တစ်လကို သုံးခါလောက်ပြင်နေရရင် အဆင်မပြေဘူး။ ကုန်ကျမှုများတယ်။ မိုးရာသီမတိုင်မီက တစ်လတစ်ကြိမ် အနည်းဆုံးပျက်တယ်။အခုမိုးရာသီမှာ ပိုပြီးပျက်တယ်။ ပစ္စည်းအမျိုးအစားကောင်းကောင်းနဲ့ နေရာများများမှာ တပ်ဆင်နိုင်မယ်ဆိုရင် ပိုပြီးအဆင်ပြေလာနိုင်တယ်။ စက်မှုဇုန်လိုနေရာတွေမှာ လမ်းတိုင်းတပ်ဆင်ထားသင့်တယ်။စက်ရုံတွေကတပ်ဆင်နိုင်ရင် ပိုပြီးအဆင်ပြေမယ်။ စက်ရုံရှေ့မှာ တပ်ဆင်ထားတဲ့ကင်မရာမှာလည်း မှုခင်းပိုင်းနဲ့ သွားရောက်ကြည့်ရှုခွင့်မပြုတာများတယ်။ လက်ရှိကင်မရာဆင်ထားတာ အတည့်မမြင်ရဘဲ ဘေးတစောင်းတွေသာမြင်ရတာကြောင့် ပုံဖော်တဲ့အခါမှာ အခက်အခဲတော့ရှိနေသေးတယ်” ဟု ပြောသည်။

အိမ်နီးချင်းနိုင်ငံတို့တွင် ဌာနဆိုင်ရာနေရာများသာမက မြို့ပြနှင့် ဘာသာရေးအဆောက်အအုံ၊ သမိုင်းအမွေအနှစ်အဆောက်အအုံများ၊ ဌာနဆိုင်ရာဝန်းကျင်၊ စာသင်ကျောင်းများနှင့် လေဆိပ်၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ မြစ်ကူးတံတား၊ ဘဏ်လမ်းတို့တွင် CCTV များတပ်ဆင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့တွင် မှုခင်းဖြစ်ပွားမှုများသော မြို့နယ်တို့၌ ရဲတပ်ဖွဲ့ဝင်တို့ မှုခင်းဖော်ထုတ်ရာတွင် များစွာအထောက်အကူဖြစ်စေသည့် CCTV များ တပ်ဆင်ရန် လိုအပ်နေဆဲဖြစ်ပြီး လိုအပ်ချက်ကို ရဲတပ်ဖွဲ့နှင့် ပြည်သူ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မှုခင်းကျဆင်းရေးကို သိသာစွာတွေ့မြင်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မှုခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် CCTVများတပ်ဆင်ရန် လိုအပ်နေဆဲဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍတိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်နေသောအချိန်၌ တရားဥပဒေစိုးမိုးရေး အထောက်အကူပြုသည့် CCTV တပ်ဆင်ခြင်းအခန်းကဏ္ဍသည် အထူးပင် အရေးပါလျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။




လှိုင်သာယာမြို့နယ် ၁၂၇ ဂိတ်ဟောင်းလမ်းဆုံတွင် CCTV တပ်ဆင်ထားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သစ္စာ

# ရန်ကုန်မြေမှ ချစ်စရာပန်းခြံငယ်လေးတစ်ခု

● သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

လုပ်ငန်းတစ်ခုခုဖြင့် ဗဟန်းအဝိုင်း(၁) ဦးထောင်ဘိုအဝိုင်းမှ ဖြတ်၍သွားလာတိုင်း အဝိုင်းအနီးရှိ ပန်းခြံငယ်လေးတစ်ခု အတွင်းသို့ အမြဲလိုလိုကြည့်မိခဲ့သည်။ ကြည့်မိသည်မှာလည်း ကားပေါ် မှနေ၍ မြင်ကွင်းပျောက်ကွယ်သွားသည်အထိပင်ဖြစ်သည်။

ရန်ကုန်မြို့ရှိ စည်ပင်ပန်းခြံများတွင် အဝန်းအဝိုင်းအငယ်ဆုံးဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် စာရေးသူစိတ်အထင်နှင့် အမြင်တွင် အခြားအခြားသော ပန်းခြံကြီးများထက်ပို၍ စိတ်ဝင်စားစရာကောင်းလှသည်ဟု တွေးမြင်မိခဲ့သည်။

ပန်းခြံ၏အမည်ကို “သီရိနန္ဒာ” ပန်းခြံဟု စည်ပင်လူကြီးများက လှပစွာအမည်ကင်ပွန်းတပ်ခဲ့သည်။ အခြားသော ပန်းခြံများကဲ့သို့ လူပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ပြုအမည်ပေးထားခြင်း မဟုတ်ပေ။ သီရိဆိုသည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံခြင်းဖြစ်၍ “နန္ဒာ” ဆိုသည်မှာ အေးမြသော ကန်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ခြင်းဖြစ်ရာ “ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အေးမြသော ကန်”ဟု မှတ်ယူရမည်ဖြစ်ပေသည်။

ပန်းခြံ၏ရေိယာကို ၂ ဒသမ ၂၈၇ နှင့် ရေကန်၏ ဧရိယာကို ၁ ဒသမ ၀၁ ဟု ဖော်ပြထားသည်ကို ပန်းဥယျာဉ်ဌာန၏ မှတ်တမ်းတစ်စုံအရ သိရသည်။

ပန်းခြံ၏ အလယ်တွင် ရေကန်က နေရာယူထားပြီး ကန်ပတ်လည်၌ လူသွားလမ်းငါးပေခန့်ကို ကွန်ကရစ်ခင်းထားသည်။ ပတ်လမ်းနှင့် ခြံစည်းရိုးသံတိုင်များအကြားတွင် ပုံသွင်းအလှဆင်ထားသော အလှပင်များက စိမ်းစိမ်းစိုစိုဖြင့် ပန်းခြံအား ဝန်းရံထားသည်။

ပန်းခြံလေး၏ နောက်ခံရာဇဝင်က ရိုးရှင်းလှသည်။ ယခင်က ၎င်းနေရာမှာ မြို့ပြရပ်ကွက်အမှိုက်ပုံအဖြစ် အသုံးပြုခဲ့သော နေရာလေးတစ်ခုဖြစ်သည်။လူအများက အနားသို့ မသိချင်မသွားချင်သော အဝန်းအဝိုင်းတစ်ခုဖြစ်ခဲ့သည်။ အကျည်းတန် အရုပ်ဆိုးသောနေရာလေးဖြစ်သည်။ ထို့အပြင်ရေနံချေးဝသော ရှေးဟောင်းအိမ်အိုကြီးတစ်လုံးကလည်း ထီးတည်းကြီးရှိနေခဲ့ပြီး အိမ်၏ အနောက်ဘက်မြေကွက်တွင် ကန်စွန်းခင်းတစ်ခင်းက နေရာယူထားသည်ဟု ဆိုသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ၎င်းအိမ်ကြီးနှင့် ခြံမြေကိုအစိုးရက “ပလပ်မြေ”အဖြစ် သတ်မှတ်ခဲ့သည်ဟု စည်ပင်မှတ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ကန်ရေပြင်သည် ကြည်လင်စိမ်းလန်းလျက်ရှိနေသည်။ ကန်ရေပြင်ထက်၌ အနီရောင်ကြာပန်းများက အလှချင်းပြိုင်ပွင့်နေကြသကဲ့သို့ ဗေဒါပင်များကလည်း စိမ်းစိမ်းစိုစိုဖြင့် ကြည်လင်သန့်စင်ခြင်းကို ဖော်ညွှန်းနေသည်။

ရေကန်အလယ်၌မူ ရှေးစာဆိုတစ်ဦး၏ ဖွဲ့ဆိုခဲ့သော စကားနှင့် ဥပမာနှိုင်းရလျှင် “ငှက်သွင်ပျံကြွမတတ်သော်” ဆိုသည့်နှယ် ကိန္နရီ ကိန္နရာ မောင်နှံစုံက ရေတွင်မြူးတူးပျော်ပါးပြီး ကောင်းကင်ထက်သို့ ပျံတက်လေမည့်ဟန် ရုပ်တုနှစ်ရုပ်မှာ အနုပညာလက်ရာမြောက်လှပေသည်။ တောင်ပံယှက်တင်ချစ်ခင်နေပုံက သက်ဝင်လှသည်။ ကိန္နရာမှ ကိန္နရီ၏ မျက်နှာအား အလှဖော်ထားသည့် အပင်ငယ်များကို ချစ်စရာအသွင်ဖြင့် တွေ့မြင်ရသည်။

၎င်းတို့ကို ဖြတ်ကျော်ပြီး ကိန္နရီ-ကိန္နရာမောင်နှံစုံ၏ အောက်ခြေရှိ ကျောက်ပြားလေးကို အားယူဖတ်ကြည့်မိသည်။ မပီဝိုးတဝါး စာလုံးများက မထင်မရှားရှိနေသည်။ “နိုင်ငံတော်အစိုးရ ရွှေတံဆိပ်ဆု မြန်မာဗိသုကာဆရာကြီး ဦးဘရင်၏သား ရွှေတံဆိပ်သုံးခုရ(မယ်လမုပန်းချီ၊ ပန်းပု) ဦးမြသောင်း(အငြိမ်းစား တပ်ကြပ်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)ဦးစီး၍ သား ကိုချိုဦး၊ ကိုလွင်ဦးနှင့်အဖွဲ့မှ ထုတ်လုပ်သည်”ဟု မှတ်တမ်းတင်ထားမှုကို ဖတ်ခဲ့ရသည်။ ရက်စွဲအားဖြင့် ၁၉၉၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်ဟု ရေးထိုးထားမှုကိုလည်း တွေ့ခဲ့ရသည်။

ပန်းခြံငယ်လေးအား ပတ်၍ လေ့လာရာမှ သီရိနန္ဒာပန်းခြံကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ပန်းဥယျာဉ်ဌာနမှ ပန်းခြံတာဝန်ခံ ဒေါ်သန်းသန်းအေးကို ကန်ပတ်လမ်းတစ်နေရာ၌ ၎င်း၏လုပ်သားများနှင့်အတူ ကွန်ကရစ်လျှောက်လမ်းပေါ်မှ ရေညှိများကို တိုက်ချွတ်နေသည်ကို တွေ့လိုက်ရသည်။





ရန်ကုန်မြို့ရှိ သီရိနန္ဒာ ပန်းခြံငယ်ကို တွေ့ရစဉ်။

အားကိုးတကြီး ကြည့်လျက်၊ နောက်ပါးက ထပ်ကြပ်မကွာလိုက်မည့်ဟန်ဖြင့် တောင်ပံစုံကို အားယူထားပုံမှာ ရုပ်တုသွန်းလုပ်သူ၏ ပညာဂုဏ်ကို အထင်းသားပေါ်လွင်စေခဲ့သည်။

ကိန္နရီ-ကိန္နရာတို့၏ မူလအရောင်အဆင်းကို မမြင်ဖူး၊ မတွေ့ဖူးသော်လည်း ကန်လယ်ထက်မှ ကိန္နရီ-ကိန္နရာမောင်နှံစုံက ရွှေအဆင်းဖြင့် တက်သစ်စနေခြည်အောက်ဝယ်ရှုမငြီးစရာ အသွင်အဖြစ် ဘယ်ပန်းချီမှ ရေး၍မမီနိုင်သော ဖန်တီးမှုတစ်ခုပင်ဖြစ်သည်။

လူတစ်ရပ်မကရှိနေသော ကိန္နရီ-ကိန္နရာရုပ်တုနှစ်ခု၏ ပုံဖော်ထားမှုအနုပညာကို တအံ့တသြငေးကြည့်နေရာမှ ထိုရုပ်တုနှစ်ခုကို ဖန်တီးသူ မြန်မာမှုအနုပညာရှင်ကို သိချင်လာခဲ့ပေသည်။

ကိန္နရီ-ကိန္နရာ မောင်နှံစုံတို့ ရပ်တည်ရာ အောက်ခြေကျောက်တုံးများအကြားတွင် ကပ်ထားသော ကမ္ပည်းကျောက်စာဖြူဖြူလေးကို လှမ်းမြင်နေရသည်။ ကန်ကိုပတ်၍ ကန်တစ်ပတ်ရှိ သစ်သားတံတားလေးဆီသို့ လျှောက်လှမ်းခဲ့ရသည်။ ရေကန် အလယ်ကျွန်းလေး၏ မြက်ခင်းပေါ်၌ ပုံသွင်းညှပ်၍

သူက “မိုးတွင်းဆို ရေညှိတွေက အမြဲတက်တယ်။ ပန်းခြံလာတဲ့သူတွေချော်လဲမှာစိုးတဲ့အတွက် မကြာခဏတိုက်ပေးရပါတယ်။ ဝန်ထမ်းအင်အားနည်းတော့ အခုလိုပဲ နည်းနည်းနဲ့ ကျဲကျဲဝိုင်းရတာပေါ့”ဟု ရှင်းပြသည်။

၎င်း၏ အဆိုအရ ပန်းခြံလေးက သေးငယ်သော်လည်း အားကစားကိုယ်လက်လှုပ်ရှားသူများ နံနက်တိုင်းလာလေ့ရှိသကဲ့သို့ ခြေခင်းလက်ခင်းသာသော ညနေအချိန်များတွင် နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်လေ့ရှိကြောင်း သိရသည်။ လာသည့် နိုင်ငံခြားသားတိုင်း ကိန္နရီ-ကိန္နရာမောင်နှံကို စူးစူးစိုက်စိုက် လေ့လာလေ့ရှိပြီး မြန်မာ့အနုပညာလက်ရာကို လွန်စွာသဘောကျကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်လေ့ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနအနေဖြင့် ရန်ကုန်မြို့ရှိ ပန်းခြံများကို အဆင့်မြှင့်တင်ခဲ့ပြီးနောက် အများပြည်သူတို့အား အခမဲ့ဝင်ရောက်အပန်းဖြေခွင့်ပြုခဲ့ရာ မဟာဗန္ဓုလပန်းခြံ၊ သခင်မြပန်းခြံ စသောပန်းခြံကြီးများတွင် နေ့စဉ်နှင့်အမျှ စည်ကားစွာရှိနေသကဲ့သို့ အရွယ်အားဖြင့် သေးငယ်သော်လည်း မြန်မာမှုအနုလက်ရာတစ်ရပ်ဖြင့် ဂုဏ်ယူစရာ သီရိနန္ဒာပန်းခြံလေးမှာလည်း “သူ့အရွယ်နှင့် သူ့အစွယ်” ဆိုသကဲ့သို့ပင် နိုင်ငံခြားဧည့်သည်များ မျက်စိကျစရာ ပန်းခြံငယ်လေးတစ်ခုအဖြစ် ဖော်ညွှန်းတင်ပြလိုက်ရပါသည်။ ။

**ကိန္နရီ-ကိန္နရာတို့၏ မူလအရောင်အဆင်းကို မမြင်ဖူး၊ မတွေ့ဖူးသော်လည်း ကန်လယ်ထက်မှ ကိန္နရီ-ကိန္နရာ မောင်နှံစုံက ရွှေအဆင်းဖြင့် တက်သစ်စ နေခြည်အောက်ဝယ် ရှုမငြီးစရာ အသွင်အဖြစ် ဘယ်ပန်းချီမှ ရေး၍မမီနိုင်သော ဖန်တီးမှု တစ်ခုပင်ဖြစ်**

**ပန်းခြံလေးက သေးငယ်သော်လည်း အားကစားကိုယ်လက်လှုပ်ရှားသူများ နံနက်တိုင်းလာလေ့ရှိသကဲ့သို့ ခြေခင်းလက်ခင်းသာသော ညနေအချိန်များတွင် နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်လေ့ရှိ**

## ဝိုင်ဘီအက်စ်၏ တစ်နှစ်ကျော်ခရီးကို လေ့လာသုံးသပ်ခြင်း........ မှ

ခရီးသည်များဘက်မှလည်း လိုက်နာရန် အလွန်အရေးကြီးပါသည်။ ထို့အတူ သက်ဆိုင်ရာဘက်မှလည်း တာဝန်ယူ၊ တာဝန်ခံလိုစိတ်ဖြင့် အဘက်ဘက်မှ စနစ်တစ်ခုကို ပီပြင်စွာအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

ဆိုလိုသည်မှာ ဝိုင်ဘီအက်စ်ယာဉ်များ တံခါးပိတ်မောင်းနှင်ရန် လိုအပ်သကဲ့သို့ ခရီးသည်များဘက်မှလည်း ပြတင်းတံခါးများ ဖွင့်မထားရန် လိုအပ်ပါသည်။ ငွေပုံးများ လုံခြုံစွာထားရှိရန် ဝိုင်ဘီအက်စ်ဘက်မှ လိုအပ်သကဲ့သို့ ခရီးသည်များအနေဖြင့်လည်း ငွေအပြည့်အကျေ ပေးချေစီးနင်းရန် လိုအပ်ပါသည်။ သက်ဆိုင်ရာမှလည်း ယင်းအချက်များအပေါ် စစ်ဆေးသကဲ့သို့ လူအသွားအလာများသော နေရာများတွင် ငွေအကြွေလဲကောင်တာများ ကတ်စနစ်မပေါ်ပေါက်သေးမီ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ယာဉ်အတွင်းရှိ ဘယ်ညာလက်ကိုင်တန်းများ သေချာစွာကိုင်ရန်၊ ယာဉ်အတွင်းပိုင်းဝင်ရောက်စီးနင်းခြင်း၊ ယာဉ်အလယ် လူသွားလမ်းဖွင့်ပေးခြင်းတို့ကို ခရီးသည်များဘက်မှ ပြန်လည် ဝန်ဆောင်မှုပေးရမည်ဖြစ်သကဲ့သို့ အများပိုင် ယာဉ်များ အရှုံးမပေါ်စေရန် မှတ်တိုင်ကြီးများတွင် စည်းကမ်းထိန်းဝန်ထမ်းများ ခန့်ထား၍ ယာဉ်အတွင်းပိုင်းနေရာချထားမှုများကို ပြုလုပ်ပေးသင့်ပါသည်။

ရန်ကုန်မြို့တော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ လူတကာတို့ ဝင်ထွက်သွားလာနေကြပါသည်။ ထိုသို့ဝင်ထွက်သွားလာနေသူများသည် ဝိုင်ဘီအက်စ်နှင့် ရင်းနှီးကျွမ်းဝင်သူများရှိသလို ဝိုင်ဘီအက်စ်အကြောင်း ကောင်းကောင်းမသိသူများလည်း ပါဝင်နေတတ်သည်။ သို့ဖြစ်ရာ ဝိုင်ဘီအက်စ် ခရီးစဉ်ဇယားများ၊ ယာဉ်လမ်းကြောင်းများ၊ ယာဉ်အတက်အဆင်းနှင့် ယာဉ်ပေါ်တွင် လိုက်နာရမည့် စည်းကမ်းချက်များကို သင်္ဘောဆိပ်များ၊ ဘူတာရုံများနှင့် အဝေးပြေးဂိတ်များတွင် ထားရှိပညာပေးခြင်းဖြင့် လည်းကောင်း၊ ယာဉ်ပေါ်တွင် စတေကာ စာသားများကပ်ခြင်းဖြင့်လည်းကောင်း အများပြည်သူအတွက် အသိပညာဖြန့်ဝေပေးနိုင်ပါက ဝိုင်ဘီအက်စ်စနစ် ပိုမိုကောင်းမွန်ရေးကို အထောက်အကူပြုနိုင်ပေလိမ့်မည်။

မြို့တော်ရန်ကုန်၏ လမ်းကွန်ရက်အားလုံးကို ချိတ်ဆက်ပြေးဆွဲနေသော ဝိုင်ဘီအက်စ်၏ ကောင်းကျိုးဆိုးကျိုးကို အခါအခွင့်သင့်တိုင်း သတင်းထုတ်ပြန်ပေးသင့်သည်။ မထသစနစ်ကို ဦးလှအောင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်က သတင်းသမားများနှင့် နှစ်ပတ်တစ်ကြိမ်ခန့် သီးသန့်တွေ့ဆုံကာ စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်ပေးလေ့ရှိသည်။ ယခုအချိန်၌လည်း ထိုသို့ပြုလုပ်ပေးပါက ပိုမိုကောင်းမွန်သော ဝိုင်ဘီအက်စ်ဝန်ဆောင်မှုများ ပြည်သူများအကြား ပျံ့နှံ့လာမည်ဟု မျှော်လင့်မိပါကြောင်း။ ။

# ရန်ကုန်ကားဈေးကွက် ဖောက်စွပ်ပြဿနာများကြောင့် ပိုမိုငြိမ်သက်

**မင်းသော်**



မိုးကလည်းစွေ၍ ရွာသွန်းနေသည့်အပြင် ကားလောကအတွင်း ရောင်းမှား ဝယ်မှားဖြစ်ခြင်း၊ ဖောက်စွပ်ပြဿနာဖြေရှင်းမှုများ ပိုမိုများပြားနေခြင်းကြောင့် အရောင်းအဝယ်မှာ မရှိသလောက်ပင်ဖြစ်နေကြောင်း ကားလောကအတွင်းမှ သိရှိရသည်။

"ဖောက်စွပ်ပြဿနာက တော်တော်လေးကြီးထွားနေတော့ ကားပိုင်ရှင်အများစုကလည်း ကိုယ်ဝယ်ထားတဲ့ကားက ဖောက်စွပ်ဖြစ်နေလားတွေးပြီး အိပ်မပျော်ကြသလို ဝယ်မယ့်သူတွေကလည်း တစ်ပတ်ရစ်ကားတွေကိုဝယ်ဖို့ စိတ်တောင်မကူးရဲကြဘူးလေ။ မဟုတ်ရင် ကညနမှာ သွားစစ်လိုက်တာနဲ့ ကားကဖောက်စွပ်ဖြစ်နေရင် ဝယ်ပြီးပြီးချင်း အသိမ်းခံရမယ့်ကိန်းဆိုက်နေလို့ပါ"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

ဂျပန်ကားများဝယ်ယူရာတွင် ဖောက်စွပ်ပြုလုပ်ခြင်းများကြောင့် ယခုအခါ ဝယ်လက်များသည် စိတ်ချရသည့် အရောင်းစင်တာများနှင့် ခတ်သိပွဲစားများထံတွင်သာ ဝယ်ယူလိုကြသည်။ ထို့ပြင် အများစုသည် လက်ရှိကားလောက အခြေအနေကို စောင့်ကြည့်နေကြသူ များနေသည်။

ကားဈေးကွက်အတွင်း အရောင်းစင်တာများ ပြန်လည်အရောင်းအဝယ် အားကောင်းနေပြီး ကားပွဲစားတန်းများတွင်မူ ကျဲကျဲအဆင့်တွင်ပင် အရောင်းအဝယ်မဖြစ်ကြောင်း သိရသည်။ အများစုသည် ဈေးပိုများသော်လည်း ယုံကြည်စိတ်ချရသည့် ဝယ်ရောင်းများနှင့် အရောင်းစင်တာများကိုသာ ခြေဦးလှည့်နေကြသည့်အတွက် ကားဈေးကွက်နောင်ရေး ရတက်မအေးရကြောင်း ကားပွဲစားများထံမှ သိရှိရသည်။

"အခုနောက်ပိုင်းမှာ အများစုက ပွဲစားတန်းထက် အရောင်းစင်တာတွေကို ပိုပြီးသွားကြတာများတယ်။ အဲဒီမှာက ဈေးက အနည်းငယ်ပိုများတယ်ဆိုပေမယ့် ယုံကြည်စိတ်ချရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဥပမာပြောရရင် အပြင်မှာဝယ်ရင် လက်ငင်းငွေချေရတယ်။ ကားကလည်း စိတ်ချရဖို့ တော်တော်လေးစစ်ရတယ်။ အရောင်းပြခန်းမှာက အရစ်ကျလည်း ဝယ်ရင်ရတယ်။ ကားလည်း စိတ်ချရတယ်။ တစ်ခုခုဆိုရင် သွားပြီးဖြေရှင်းနိုင်တဲ့အတွက် အရောင်းပြခန်းတွေက အရင်ကထက် စာရင် အခုအချိန်မှာ အရောင်းအဝယ်ပိုဖြစ်နေတယ်"ဟု ကားဝယ်ရောင်းတစ်ဦးကလည်း ရှင်းပြသည်။

စတိနံပါတ်များနှင့် မော်တော်ကားများ၊ စလစ်ကပ်မော်တော်ကားများမှာ အရောင်းအဝယ် မရှိသလောက် နည်းပါးနေပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖောက်စွပ်မဖြစ်စေရေး ယာဉ်စစ်ဆေးရခြင်းသည် မဖြစ်မနေ လုပ်ဆောင်သင့်သည့် ကိစ္စရပ်ဖြစ်ပြီး ဖောက်စွပ်ကားပိုင်ရှင်အများစုသည်လည်း မိမိကားပြဿနာကြောင့် တရားရင်ဆိုင်ရမှုများ၊ ရောင်းသူနှင့် ဝယ်သူအကြား အချေအတင်ဖြစ်မှုများ ဆက်တိုက်ဖြစ်ပေါ်နေကြောင်း သိရသည်။ ။

**အခုနောက်ပိုင်းမှာ အများစုက ပွဲစားတန်းထက် အရောင်းစင်တာတွေကို ပိုပြီးသွားကြတာများတယ်။ အဲဒီမှာက ဈေးက အနည်းငယ်ပိုများတယ်ဆိုပေမယ့် ယုံကြည်စိတ်ချရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဥပမာပြောရရင် အပြင်မှာဝယ်ရင် လက်ငင်းငွေချေရတယ်။ ကားကလည်း စိတ်ချရဖို့ တော်တော်လေးစစ်ရတယ်။ အရောင်းပြခန်းမှာက အရစ်ကျလည်း ဝယ်ရင်ရတယ်။ ကားလည်း စိတ်ချရတယ်။**



**ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် အနီးစပ်ဆုံးဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Toyota Noah | 2008 | ရန်ကုန် | 2000cc | အပြင်ဈေး | ၃၂၈ |
| CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၅၀ |
| Honda Insight | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၀ |
| Vitz | 2011 | ပဲခူး | 1300cc | အပြင်ဈေး | ၁၇၈ |
| passo | 2012 | ရန်ကုန် | 1000cc | အပြင်ဈေး | ၁၉၂ |
| Harrier | 2013 | ရန်ကုန် | 2000cc | အပြင်ဈေး | ၈၉၀ |
| Hijet | 2014 | နယ် | 660cc | အပြင်ဈေး | ၁၁၈ |
| Kluger | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၅၇ |
| Wish | 2012 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၄၂ |
| Honda Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

**အချပ်ပို (ခ) မှ**

သိမ်းဆည်းမှုတွေကို အသိပညာပေးမှုလုပ်ငန်းတွေ၊ စုပေါင်းဆောင်ရွက်မှုတွေနဲ့ အစီအစဉ်တွေချမှတ်ပြီး အကောင်အထည်ဖော်နေခြင်းဖြစ်ပါတယ်။

ရန်ကုန်မြို့တော်တစ်ခွင်မှာ အမှိုက်ကင်းစင်ဖို့အတွက် Clean Yangon Campaign ကို ၂၀၁၇ ခုနှစ် မေ ၁၉ ရက်က စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ အခုဆိုရင် ပရဟိတအသင်းအဖွဲ့ပေါင်း ၅၀ ခန့်အထိ ပါဝင်ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့တော်သန့်ရှင်းရေးအတွက် လစဉ်စုပေါင်းအမှိုက်ကောက်တာ၊ အမှိုက်စွန့်ပစ်မှု အသိပညာပေးတာ၊ ဟောပြောပွဲတွေ ပြုလုပ်တာဟာ အရှိန်တော့ရနေပြီဖြစ်ပေမယ့် ပြည်သူလူထုက လက်ရှိအနေအထားထက် ပိုမိုပူးပေါင်းဆောင်ရွက်ဖို့တော့ လိုအပ်နေတာတော့ အမှန်ပါပဲ။

တကယ်တော့ လူတိုင်းလူတိုင်းတစ်ဦးချင်းစီအနေနဲ့ မိမိတို့အသုံးပြုပြီးဖြစ်တဲ့ အမှိုက်တွေရဲ့ ၈၀ ရာခိုင်နှုန်းကို လမ်းမတွေအပေါ် အမှိုက်တွေနဲ့ ၈၀ ရာခိုင်နှုန်းကိုလမ်းမပေါ်၊ အမှိုက်ပုံးတွေဆီ မရောက်အောင် ကြိုးစားနိုင်ခဲ့ရင်တော့ တကယ့်ကိုတန်ဖိုးကြီးတဲ့ အောင်မြင်မှုကြီးပဲဖြစ်ပါတယ်။ လမ်းမတွေအပေါ်၊ အမှိုက်ပုံးတွေထဲ မရောက်စေဘဲ မြေမြှုပ်တာ၊ ဖျက်ဆီးတာတွေကို စနစ်တကျပြုလုပ်နိုင်ရင်တော့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ လူမှုဘဝတွေအပေါ်မှာလည်း ဆိုးကျိုးသက်ရောက်မှုနည်းစေမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ရင်တော့ အကျိုးသက်ရောက်မှုဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ကို အမှိုက်ကင်းစင်ရေးနဲ့ သန့်ရှင်းသပ်ရပ်တဲ့ မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိစေဖို့ ဆောင်ရွက်အကောင်အထည်ဖော်တဲ့နေရာ ဗိုလ်တထောင်မြို့နယ် အမှတ်(၈) ရပ်ကွက် ၄၁ လမ်းနဲ့ ၄၂ လမ်းကြား၊ (မဟာဗန္ဓုလလမ်းနဲ့ ကုန်သည်လမ်းကြား)ကို နောက်ဖေးလမ်းကြား ဥယျာဉ်တစ်ခုအဖြစ် အခုရက်ပိုင်းအတွင်းက ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်တာဟာ ရန်ကုန်မြို့ရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး၊ ပလတ်စတစ်နဲ့ အမှိုက်တွေ စည်းကမ်းမဲ့ စွန့်ပစ်မှုလျော့ကျရေးတို့ကို အထောက်အကူပြုစေတာတော့ အမှန်ပါပဲ။

အခုဆိုရင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ Clean Yangon တို့ပူးပေါင်းပြီး စွန့်ပစ်အမှိုက်ဆိုင်ရာကျောင်းအသိပညာပေးအစီအစဉ်တွေ စတင်ဆောင်ရွက်နေတာဟာ ရန်ကုန်မြို့တော်ကို အမှိုက်ကင်းစင်တဲ့ မြို့ကြီးတစ်မြို့အဖြစ် တိုးတက်ဖြစ်ပေါ်စေဖို့ ကောင်းမွန်တဲ့ ဆောင်ရွက်မှုပဲဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီးသန့်ရှင်းသာယာလှပဖို့ဆိုတာ မြို့နေပြည်သူလူတစ်ဦးချင်းက အသိစိတ်ဓာတ်ရှိရှိနဲ့ လိုက်နာကျင့်သုံးနိုင်မှ ဖြစ်လာမယ်လို့ ယုံကြည်နေမိပါတယ်။ ။

